


The VOICE Daily




Vol. 5 / No. 168 Established in 2004 ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆) ရက်၊ (Wednesday, October 25, 2017)

## နယ်စပ်ဆက်ဆံရေး ရုံးများဖွင့်ရန် မြန်မာ - ဘင်္ဂလားဒေ့ရှ် လက်မှတ်ထိုး

စာ 2

## ATM စက်အတွင်း ကတ်ထိုးရန်မလိုသည့် ဆင်ဆာဗတ်စနစ် မိတ်ဆက်

စာ 12

## အစ္စရေးက မြန်မာနိုင်ငံသို့ အဆင့်မြင့်လက်နက်များ ရောင်းချနေသည် ဆိုသောသတင်းကို အစ္စရေးနိုင်ငံခြားရေး ဝန်ကြီးဌာနတုံ့ပြန်

စာ 3

## ဆရာများကို ကျောင်းဝတ်စုံ အဖြူ၊ အစိမ်း တစ်စုံစီ ပေးမည်

စာ 11

# ရန်ကုန်မြို့ ဘုရင့်နောင်တွင် ကျပ်သိန်း ၁၅၀၀ ပါ ငွေထုပ်နှင့် ကား လုယက်ခံရ

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ရန်ကုန်မြို့တော်၏ လက်ကား ဈေးကွက်ကြီးနှင့် ပွဲရုံတန်းတည်ရှိရာ ဘုရင့်နောင်ပွဲရုံတန်းရှိ ဘဏ်များ၌ ငွေလာထုတ်သူ၏ ငွေထုပ်နှင့် ကားကို ယာဉ်မောင်းက မောင်းယူထွက်ပြေးမှု အောက်တိုဘာ ၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့ကြောင်း ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့ထံ မှသိရသည်။ စာ 5

## မြိတ် KBZ ဘဏ်ခွဲတွင် သေနတ်သမားတစ်ဦး ငွေသွင်းသူထံမှ ငွေလုထွက်ပြေး

စာ 5




ဓာတ်ပုံ – အောင်နိုင်

'ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့' ဘာသာပေါင်းစုံဆုတောင်းပွဲကို ရန်ကုန်မြို့ EDM Park တွင် အောက်တိုဘာလ ၂၄ ရက် ညနေပိုင်းက ကျင်းပစဉ်

## UNFC အဖွဲ့ဝင်များ NCA ထိုး မထိုး နိုဝင်ဘာ ဂရက်တွင် ဆုံးဖြတ်မည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အပစ်ရပ်စာချုပ် (NCA) စာချုပ်ရေး ထိုး မထိုးကို လာမည့်နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံပွဲတွင် အဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း စာ 3

## တောင်ကြီးတန်ဆောင်တိုင်တွင် တည်းခိုနိုင်မည့် ရွက်ဖျင်တဲ ကျပ်နှစ်သိန်းခွဲအထိဈေးပေါက်

**မန္တလေး၊ အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံတွင် လူသိများထင်ရှားသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်ကြသော ပြည်တွင်း ပြည်ပဧည့်သည်များ ပွဲတော်ရက်အတွင်း တည်းခိုနိုင်မည့် ရွက်ဖျင်တဲ (Camping Tent) များငှားရမ်းပေးမည်ဖြစ်ရာ တည်းခိုခအနေနှင့် ကျပ်နှစ်သိန်းခွဲအထိ ပေါက်ဈေးရှိကြောင်း Sweet Seasons Camping Ground Taunggyi အစီအစဉ် တာဝန်ရှိသူ ဦးစည်သူက ပြောကြားသည်။

"ဒီကိုလာတဲ့ ဧည့်သည် စာ 11






ဓာတ်ပုံ - အောင်ထက်

# နယ်စပ်ဆက်ဆံရေးရုံးများဖွင့်ရန် မြန်မာ-ဘင်္ဂလားဒေ့ရှ် လက်မှတ်ထိုး

**နေပြည်တော်၊ အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် အကြမ်းဖက်ခံရမှုကြောင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်သို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံတွင် အခြေချနေထိုင်ခဲ့ဖူးသူများကို ပြန်လည်ခေါ်ယူရေးနှင့် နယ်စပ်ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန်အပါအဝင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်ရန် အချက် ၁၀ ချက်ကို MoU လက်မှတ်ရေးထိုးလိုက်သည်။

နှစ်နိုင်ငံဆွေးနွေးမှုကို နေပြည်တော်ရှိ Horizon Lake View Resort နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့တွင် နှစ်ဖက်အဆင့်မြင့် အရာရှိများ၊ နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးများ တွေ့ဆုံ၍ အထက်ပါအတိုင်း ရေးထိုးလိုက်ခြင်းဖြစ်သည်။

ယင်းအချက် ၁၀ ချက်မှာ နယ်စပ်လုံခြုံရေး၊ အကြမ်းဖက်မှုပပျောက်အောင် ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ဆက်ဆံရေးရုံး များ တည်ဆောက်ရေး၊ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုကိုတားဆီးရေး၊ နိုင်ငံသား ဟုတ်မဟုတ် စိစစ်လက်ခံရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အပြန်အလှန် အလည်အပတ်သွားရောက်နိုင်ရေး၊ မြန်မာနိုင်ငံသားများ ဝင်ရောက်မှု ရပ်တန့်ရန်နှင့် ဘင်္ဂလားဒေ့ရှ်တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား စောနိုင်သမျှ ပြန်လည်ခေါ်ယူ နေရာချထားပေးရေးတို့ဖြစ်ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတွင် နေထိုင်အခြေချသည့်သူများကို ပြန်လည်စိစစ်လက်ခံခြင်းဖြစ်ပြီး မြန်မာနိုင်ငံသားဆိုသည့် အသုံးအနှုန်းဖြင့် ပြန်ခေါ်ယူခြင်းမဟုတ်ကြောင်း၊ ဒုက္ခသည်ဟု ပြောဆိုဆွေးနွေးမှု မရှိကြောင်း နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး ရဲမှူးချုပ် အောင်ဋ္ဌေးမြင့်က ပြောသည်။

ယင်းအပြင် နယ်စပ်ဒေသတည်ငြိမ်ရေးကို ထိန်းသိမ်းခြင်း၊ လုံခြုံရေးအခန်းကဏ္ဍနှင့် နယ်စပ်ဒေသတစ်လျှောက် ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် နားလည်မှု မြှင့်တင်ရန်၊ အကြမ်းဖက် တိုက်ဖျက် ရေး ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တိုက်ဖျက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုများ တိုက်ဖျက်ရေးတို့ကို နှစ်နိုင်ငံကြား ဆွေးနွေးခဲ့ကြကြောင်း ဦးတင်မြင့်က ဆိုသည်။

ပြန်လည်လက်ခံရေးကိစ္စတွင် ၁၉၉၃ ခုနှစ်က ပြန်လည်လက်ခံခဲ့သော အချက်များကိုအခြေခံ၍ ပြန်လည်လက်ခံရန် နှစ်ဦးသဘောတူထားပြီး အခြေခံအဆောက်အဦများ တည်ဆောက်သွားရမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးသည် အောက်တိုဘာ ၂၅ တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဦးမည် ဖြစ်သည်။

■

S-01

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊
၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# ဒေါ်အောင်ဆန်းစုကြည်ထောက်ခံပွဲ ထားဝယ်တွင် ကျင်းပ

**ထားဝယ်၊ အောက်တိုဘာ ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထောက်ခံပွဲကို အောက်တိုဘာလ ၂၄ ရက် ညနေပိုင်းက ထားဝယ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။

ထားဝယ်ခရိုင် မြို့နယ်လေးခုမှ ပြည်သူလူထု တစ်ထောင်ကျော်က နိုင်ငံတကာဖိအားများ ကြုံတွေ့နေရသော ဒေါ်အောင်ဆန်းစုကြည်ဘက်မှ အပြည့်အဝ ထောက်ခံရပ်တည်ကြောင်း သိရှိစေရန် ထောက်ခံပွဲ ပြုလုပ်ရခြင်း ဖြစ်ကြောင်း ဦးဆောင်သူများထံမှ သိရသည်။

ထောက်ခံပွဲ တက်ရောက်လာသူများသည် လောကမာရဇိန်ဘုရားကြီးဝင်း အရှေ့ဘက်မုခ်ဦးတွင် စုရပ်ပြုလုပ်ကာ ထားဝယ်မြို့အတွင်း လမ်းလျှောက် လှည့်လည်ပြီးနောက် ရွှေဝယ်သီရိ အားကစားကွင်းသို့ ချီတက်ကာ နိုင်ငံတော်သီချင်း သံပြိုင်သီဆိုခြင်း၊ ကြွေးကြော်သံများ ဟစ်ကြွေးခြင်း၊ တေးဂီတဖြင့် ဖျော်ဖြေခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

■

**Dawei Watch**

# မြန်မာဆိုလာမိုဒါ အထည်ချုပ်စက်ရုံမှ ဆန္ဒပြအလုပ်သမားခေါင်းဆောင်များကို အထည်များ ခိုးယူသည်ဟုဆိုကာ အမှုဖွင့်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

မြန်မာဆိုလာမိုဒါအထည်ချုပ်စက်ရုံမှ ဆန္ဒပြအလုပ်သမားခေါင်းဆောင်များဖြစ်သည့် မဆန္ဒာမျိုးပါ ၁၀ ဦးကို စက်ရုံအတွင်းရှိ အထည်များခိုးယူသည်ဟုဆိုကာ စက်ရုံမန်နေဂျာဖြစ်သူ ဦးညီညီနိုင်က အောက်တိုဘာလ ၂၃ ရက် ညနေ ၅ နာရီခန့်တွင် အမှုဖွင့်တိုင်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

လှိုင်သာယာမြို့နယ်၊ ရွှေသံလွင်စက်မှုဇုန် မင်းဧရာလမ်းရှိ တရုတ်နိုင်ငံသူပိုင် မြန်မာဆိုလာဆိုဒါအထည်ချုပ် စက်ရုံတွင် လွန်ခဲ့သော ၃ လခန့်ကတည်းက မန်နေဂျာ တာဝန်ထမ်းဆောင်ခဲ့သူ အသက် ၃၃ နှစ်အရွယ် ဦးညီညီနိုင်သည် အောက်တိုဘာလ ၁၀ ရက် နံနက် ၁၁ နာရီခန့်က စက်ရုံအတွင်းရှိ ဂိုဒေါင်တွင် ထားရှိသော နိုင်ငံခြားပို့မည့် အထည်မျိုးစုံကို စက်ရုံရှိ စာရင်းများနှင့်တိုက်ဆိုင်စစ်ဆေးရာ စုစုပေါင်း အထည် ၇၀၂ ထည်၊ စုစုပေါင်းကာလတန်ဖိုး ကျပ် ၇၆ သိန်းကျော်ခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိရကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

“အထည်ရှိစာရင်းနဲ့ အထည်တွေ တိုက်ဆိုင်စစ်ဆေးလိုက်တဲ့အချိန်မှာ လိုနေတယ်၊ အဲဒါကြောင့် စုံစမ်းကြည့်တဲ့ အချိန်မှာ စက်ရုံအလုပ်သမားအဖွဲ့ကနေ ဝတ်ဆင်သယ်ထုတ်သွားတယ်ဆိုပြီး အမှုဖွင့်ခဲ့တာ၊ စက်ရုံအလုပ်သမားတွေ တော့ မစစ်ဆေးရသေးဘူး” ဟု လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အမှုဖွင့်ခံရသူများနှင့် ယင်းဆိုလာမိုဒါအထည်ချုပ်စက်ရုံ မန်နေဂျာ ဦးညီညီနိုင်တို့ အောက်တိုဘာ လ ၉ ရက်နေ့က ဆန္ဒပြတောင်းဆိုမှုကို အဆုံးသတ်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဦးနှစ်ဖက်ညှိနှိုင်းခဲ့ရာ နေ့တွက်စရိတ် ၄၆၀၀ ကျပ်၊ ရှားပါးစရိတ် ၄၀၀၀ ကျပ်၊ ရက်မှန်ကြေး ၁၀,၀၀၀ ကျပ် အပါအဝင် တောင်းဆိုချက် ၁၂ ချက်ကို သဘောတူညီမှုရရှိခဲ့ပြီး လက်မှတ်ထိုးစာချုပ်ချုပ်ကာ ပြန်လည်အလုပ် လုပ်ကိုင်နေစဉ် ၁၃ ရက်အကြာ၌ အမှုဖွင့် ခံခဲ့ရခြင်းဖြစ်သည်။

ယင်းတိုင်ကြားခံရမှုနှင့် ပတ်သက်၍ အလုပ်သမားအဖွဲ့ကို ဆက်သွယ်ရန် ကြိုးစားသော်လည်း အဆက်အသွယ် မရခဲ့ပေ။

■

**J-16**




# အစ္စရေးက မြန်မာနိုင်ငံသို့ အဆင့်မြင့်လက်နက်များ ရောင်းချနေသည်ဆိုသောသတင်းကို အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန တုံ့ပြန်

**တဲလ်အဗစ်၊ အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံသို့ အစ္စရေးကအဆင့်မြင့်လက်နက်များ ရောင်းချနေသည်ဆိုသောသတင်းများ ပေါ်ထွက်လာချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာတွင် “မြန်မာနိုင်ငံ ရခိုင်ဒေသမှ အဖြစ်ဆိုးတွင် အစ္စရေး၏ ပါဝင်ပတ်သက်မှု ရှိနေသည်ဆိုသောမီဒီယာများတွင် ပျံ့နှံ့သော မဟုတ်မမှန်သတင်းများကို ပြင်းပြင်းထန်ထန် ငြင်းဆိုအပ်ပါကြောင်း ပါရှိခဲ့သည်ဟု အစ္စရေးသတင်းဌာန Jarusalem Post က ဖော်ပြသည်။

အောက်တိုဘာလ ၂၃ ရက်နေ့တွင် Harretz သတင်းဌာနက ‘ဘင်္ဂါလီဆန့်ကျင်ရေး လူမျိုးသန့်စင်ရေးလှုပ်ရှားမှုအတွင်း အစ္စရေးက မြန်မာနိုင်ငံကိုအဆင့်မြင့် လက်နက်များရောင်းချခဲ့သည်’ ဆိုသောသတင်းက ဖော်ပြခဲ့သလို ကာတာအခြေစိုက် အယ်လ်ဂျားဇီးယား ဝက်ဘ်ဆိုက်ကလည်း ‘အစ္စရေးသည် အာဏာရှင်အစိုးရများနှင့် အားကောင်းသောလက်နက်ကုန်သွယ်မှုများ ဆက်လက်လုပ်ဆောင်နေသည်’ ဟု ဖော်ပြခဲ့သည်။

အစ္စရေးသည် မြန်မာနိုင်ငံသို့ Dvora ကင်းလှည့်ရေယာဉ်များ ရောင်းချခဲ့ပြီး ယင်းမှာ ပိုမိုကျယ်ပြန့်သည့် နှစ်နိုင်ငံသဘောတူညီချက်၏ တစ်စိတ်တစ်ဒေသသာ ဖြစ်သည်ဟု Haaretz သတင်းဌာနက ဖော်ပြခဲ့သည်။

မြန်မာ့တပ်မတော်က ဘင်္ဂါလီလူနည်းစုအပေါ် စစ်ရာဇဝတ်မှုများ ကျူးလွန်နေချိန်တွင်ပင် စစ်ရေယာဉ်များပေးပို့ခဲ့သည်ဟုလည်း အဆိုပါသတင်းတွင် စွပ်စွဲဖော်ပြထားခဲ့သည်။

ဝန်ကြီးဌာန၏ တုံ့ပြန်ကြေညာချက်တွင် ‘အစ္စရေး၏ ကာကွယ်ရေးတင်ပို့မှုများအပေါ် များစွာသော စံသတ်မှတ်ချက်များဖြင့် သုံးသပ်ကွပ်ကဲပါကြောင်း၊ ယင်းအထဲတွင် တင်ပို့မည့်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ ပါဝင်သလို ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ မူဝါဒများလည်း ပါဝင်ကြောင်း’ ပါရှိခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလနှောင်းပိုင်းတွင် မြန်မာနိုင်ငံသို့ အစ္စရေးလက်နက်များရောင်းချမှု ရပ်ဆိုင်းရန် တောင်းဆိုမှုနှင့်စပ်လျဉ်းသည့် စီရင်ချက်တစ်ခုတွင် အစ္စရေးဟိုက်ကုတ်တရားရုံးကကန့်သတ်သည့်အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

လက်နက်ရောင်းချမှုများကိုစောင့်ကြည့်သော စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး သုတေသန အင်စတီကျု၏ အချက်အလက်များတွင်မူ အစ္စရေးက မြန်မာသို့ ရောင်းချခဲ့သောကင်းလှည့်ရေယာဉ်များမှာ ၂၀၁၅ ခုနှစ်က ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့ အစ္စရေးက ရောင်းချခဲ့သည့် တစ်ခုတည်းသော စစ်ဘက်သုံးပစ္စည်းဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်သည် မြန်မာနိုင်ငံ၏ အဓိကလက်နက်ထောက်ပံ့သူဖြစ်ပြီး မြန်မာနိုင်ငံက ဝယ်ယူသည့် လက်နက်အားလုံး၏ ၇၀ ရာခိုင်နှုန်းကို ရောင်းချနေခြင်းဖြစ်ကာ ရုရှားက ၁၉ ရာခိုင်နှုန်း၊ ဘီလာရုစ်က ၄ ဒသမ ၅ ရာခိုင်နှုန်းရောင်းချပေးနေပြီး ယင်းသုံးနိုင်ငံသည် မြန်မာ့လက်နက်ဝယ်ယူမှု၏ ၉၃ ဒသမ ၅ ရာခိုင်နှုန်းကိုရောင်းချပေးနေခြင်းဖြစ်ကြောင်း Jarusalem Post က ဖော်ပြသည်။ ■ F-03

---

**မျက်နှာဖုံး - UNFC အဖွဲ့ဝင်များ NCA ထိုး မထိုး မှ အဆက်**

UNFC က ပြောကြားလိုက်သည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့ ရန်ကုန်မြို့ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးဗဟိုဌာန (NRPC) တွင် အောက်တိုဘာလ ၂၃ ရက်မှ ၂၄ ရက်နေ့ထိ တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှု အပြီးတွင် NCA လက်မှတ်ရေးထိုးရေးအတွက် ကျန်ရှိနေသေးသည့် ဆွေးနွေးညှိနှိုင်းမှုအစီအစဉ်များနှင့် ပတ်သက်၍ လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ဆက်လက်ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း နှစ်ဖက်ပူးတွဲ သတင်းထုတ်ပြန်ခဲ့သည်။

UNFC အဖွဲ့သည် NCA လက်မှတ်ထိုးရေးအတွက် အစိုးရထံ အဆိုပြုချက် ရှစ်ချက်ကို ထုတ်ပြန်ထားရာ ယင်းအဆိုပြုချက်များကို ညှိနှိုင်းမှုများ ပြုလုပ်နေသည်မှာ တစ်ဆယ့်ငါးလခန့် ကြာမြင့်နေပြီဖြစ်သည်။

ပြီးခဲ့သည့် ပြည်ထောင်စုနေ့ကလည်း UNFC အဖွဲ့ဝင်များ လက်မှတ်ရေးထိုးတော့မည်ဟု နိုင်ငံတော် သမ္မတရုံးက သတင်းထုတ်ပြန်ခဲ့ပြီး ယင်းအဖွဲ့များက ငြင်းဆိုခဲ့သည်။

လက်ရှိ နှစ်ရက်ကြာဆွေးနွေးမှု အပြီးတွင်မူ NCA လက်မှတ်ရေးထိုးရေးအတွက် UNFC ဘက်က တောင်းဆိုထားသည့် အချက်ရှစ်ချက်အနက် နံပါတ်ငါးအချက်ဖြစ်သည့် တပ်နေရာချထားရေး ကြိုတင်ညှိနှိုင်းရေးကိစ္စ တစ်ချက်သာ ဆွေးနွေးရန် ကျန်ရှိတော့ပြီး ကျန်သည့်အချက်များကို သဘောတူပြီးဖြစ်ကြောင်း၊ ယင်းကျန်ရှိသည့်အချက်ကိုလည်း နိုဝင်ဘာလ ၈ ရက်တွင် အပြီးသတ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း UNFC ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေးက ပြောကြားသည်။

လက်ရှိတွင် အစိုးရနှင့် သဘောတူခဲ့သည့် အဆိုပြုချက်များသည် မူလက UNFC တောင်းဆိုခဲ့သည့် တောင်းဆိုချက်များနှင့် အနည်းငယ် ကွဲလွဲခဲ့ပြီး နှစ်ဖက်အလျှော့အတင်း ပြုလုပ်ကာ ညှိနှိုင်းသဘောတူခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ဆိုသည်။

“အဆိုပြုချက် နံပါတ်ငါးက တပ်ပိုင်းဆိုင်ရာကိစ္စဖြစ်နေတော့ အကျေအလည် ပြန်ဆွေးနွေးရမယ်။ ၈ ရက်နေ့ ဆွေးနွေးပွဲမှာတော့ ပြီးပြတ်မယ်ဆိုရင် NCA ထိုးဖို့တော့ သဘောထားရှိတယ်” ဟု ၎င်းက ဆိုသည်။

နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ယင်းဆွေးနွေးပွဲတွင် UNFC က တောင်းဆိုထားသည့် NCA လက်မှတ်ထိုးပြီးနောက် တပ်နေရာချထားရေးလုပ်ငန်းများကို ကြိုတင်ညှိနှိုင်းဆွေးနွေးရန် အချက်နှင့် ပတ်သက်၍ ဆွေးနွေးရန် နှစ်ဖက် တပ်ပိုင်းဆိုင်ရာအရာရှိများ တွေ့ဆုံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း အစိုးရဘက်က ကိုယ်စားလှယ်ဖြစ်သည့် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ပြောကြားသည်။

“ကျွန်တော်တို့ ထုတ်ပြန်ချက်မှာ ဆိုထားတဲ့အတိုင်းပေါ့၊ ကျန်ရှိနေသေးတဲ့ ဆွေးနွေးချက်တွေ၊ တပ်ပိုင်းဆိုင်ရာ အစီအစဉ်နဲ့ ပတ်သက်ပြီး ဆွေးနွေးမှာပေါ့။ အဓိကတော့ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်ပေါ့။ အဲဒါ အဆင်ပြေရင်တော့ NCA ထိုးဖို့ နီးသွားပြီပေါ့” ဟု ဦးဇော်ဌေးက ပြောကြားသည်။

မူလက UNFC အဖွဲ့အတွင်း တိုင်းရင်းသားလက်နက်ကိုင် အင်အားကြီးအဖွဲ့ အများအပြားရှိသော်လည်း သဘောထားကွဲလွဲမှုအချို့ ဖြစ်ပေါ်ခဲ့ပြီးနောက် UNFC ကို ဦးဆောင်နေသည့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ကဲ့သို့သောအဖွဲ့များက နုတ်ထွက်သွားခဲ့သည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တွင် မွန်ပြည်သစ်ပါတီ (NMSP)၊ ရခိုင်အမျိုးသားကောင်စီ (ANC)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU) စသည့် NCA လက်မှတ် မထိုးရသေးသည့် လက်နက်ကိုင်အဖွဲ့များ ကိုယ်စားပြု ပါဝင်နေသည်။

■ J-08

The VOICE Daily CARTOON




ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ - ၇၈၅၅၅၅၇၇၂



ဝန်ထမ်းအလိုရှိသည်

အမျိုးသမီးဝန်ထမ်း - (၃) ဦး

အဆောင်စီစဉ်ပေးမည်။

# E D I T O R I A L

## အမေရိကန်ကူညီမှု ဒီမိုကရေစီလမ်းဖြောင့်မည်လော

အမေရိကန်ပြည်ထောင်စုက မြန်မာတပ်မတော်အပေါ် ပေးအပ်လျက်ရှိသောစစ်ဘက်ဆိုင်ရာထောက်ပံ့မှုများကို ရုပ်သိမ်းလျက်ရှိပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများပြုလုပ်ရန်ပင် စဉ်းစားသုံးသပ်လျက်ရှိကြောင်း ထုတ်ဖော်အသိပေးလာပြီဖြစ်ပါသည်။ ဒဏ်ခတ်အရေးယူရန် စဉ်းစားနေရသည့် အကြောင်းပြချက်မှာ မြန်မာတပ်မတော်က ရခိုင်ပြည်နယ်တွင်း ဘင်္ဂါလီများ တိုက်ခိုက်လျက်ရှိသောကြောင့်၊ ဘင်္ဂါလီဒုက္ခသည် သိန်းနှင့်ချီ၍ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်နေရခြင်းကြောင့် ဖြစ်သည်ဟုဆိုပါသည်။ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပိတ်ဆို့အရေးယူမှုဒဏ်ကို နှစ်ပေါင်း ၂၀ ခန့် ကြုံတွေ့ခဲ့ဖူးသော မြန်မာနိုင်ငံအနေနှင့် အကယ်၍ ဒဏ်ခတ်မှုများ တကယ်ပြုလုပ်လာပါက မည်သို့တုံ့ပြန်မည်ကို ယခုအချိန်တွင် သက်ဆိုင်ရာ မြန်မာခေါင်းဆောင်များ၊ မူဝါဒချမှတ်သူများအနေနှင့် အလေးအနက်ထားတိုင်ပင် ဆွေးနွေးကြရမည်ဖြစ်ပါသည်။ ထို့အတူအောက်ပါအချက်များကိုလည်း မြန်မာခေါင်းဆောင်များအနေနှင့် မဖြစ်မနေထည့်သွင်းစဉ်းစားထားရတော့မည်ဖြစ်သည်ဟုယုံကြည်မိသည်။

(၁) သမ္မတဟောင်းဘားရက်အိုဘားမား ဒဏ်ခတ်အရေးယူမှုများကို ဖယ်ရှားပေးလိုက်ပြီးနောက် ငါးနှစ်ကျော်ကာလအတွင်း ရရှိလာသည့် နိုင်ငံ့စီးပွားရေးအကျိုးအမြတ်ကိစ္စ။ (၂) အကယ်၍ ဒဏ်ခတ်အရေးယူမှုသစ်များ ချမှတ်ခဲ့မည်ဆိုပါကထိခိုက်နစ်နာလာမည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိစ္စ။ (၃) ငွေပေးချေမှု၊ ငွေလွှဲပြောင်းမှု အပါအဝင် နိုင်ငံတကာငွေကြေးစနစ်တွင် အမေရိကန်ဒဏ်ခတ်ပိတ်ဆို့မှုကြောင့် ဖြစ်လာမည့် အကျိုးဆက်ကိုရှောင်လွှဲနိုင်မည့် အခြားရွေးချယ်စရာနည်းလမ်းရှာဖွေရေးကိစ္စ စသည်တို့ကိုဦးစွာထည့်သွင်းစဉ်းစားသင့်ပေသည်။ စီးပွားရေးပိတ်ဆို့အရေးယူသည်ဟုဆိုရာတွင် ကုန်သွယ်ရေးပိတ်ဆို့မှုနှင့် ဘဏ္ဍာရေးပိတ်ဆို့မှုဟူ၍ နှစ်မျိုးနှစ်စားရှိပြီး ယခုကိစ္စတွင် အမေရိကန်တို့အနေနှင့် ပို့ကုန်နှင့် သွင်းကုန်အခန်းကဏ္ဍပါဝင်သည့် ကုန်သွယ်ရေးကိုဦးစားပေးပိတ်ဆို့မည်လော သို့မဟုတ် ၎င်းတို့မကျေနပ်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတစ်ခုချင်းစီအလိုက်ပစ်မှတ်ထားကာ ဘဏ္ဍာရေးပိတ်ဆို့မှုကိုလုပ်ဆောင်မည်လောဟူသည်ကိုမသိနိုင်သေးပေ။ အခြားသောပိတ်ဆို့အရေးယူမှုလေးမျိုးဖြစ်သည့် ခရီးသွားလာခွင့်ပိတ်ပင်မှု၊ စစ်ရေးပိတ်ဆို့မှု၊ သံတမန်ရေးပိတ်ဆို့မှုနှင့် ယဉ်ကျေးမှုပိတ်ဆို့မှုအစရှိသည်တို့တွင် စစ်ရေးကလွဲ၍ ကျန်အရာများကိုမူလုပ်ဆောင်လာဖွယ်မရှိပေ။

ဖြစ်နိုင်ခြေရှိသည်မှာ ဒေါ်နယ်ထရမ့်အုပ်ချုပ်ရေးအဖွဲ့(အမေရိကန်အစိုးရ) အနေနှင့် ဘင်္ဂါလီများကိစ္စတွင် မြန်မာတပ်မတော်ဟူသည့် အဖွဲ့အစည်းတစ်ခုတည်းကိုမဲထားသည့် သဘောရှိရာ စစ်ဘက်ခေါင်းဆောင်များကိုပိုမိုပစ် မှတ်ထားပိတ်ဆို့မည့် သဘောဖြစ်သည်။ သို့သော် စစ်ဘက်ခေါင်းဆောင်များနှင့်နီးစပ်ခဲ့သောသို့မဟုတ် နည်းစပ်လျက်ရှိဆဲဖြစ်သောခရိုနီစီးပွားရေး လုပ်ငန်းရှင်များကိုပါ ပစ်မှတ်ထားလာမည်ဆိုပါကထိခိုက်မှုကြီးမားဖွယ်ရှိသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ယခုဒဏ်ခတ်အရေးယူမှုကိစ္စမှာ ရန်ကုန်အခြေစိုက်အမေရိကန်သံရုံးမှ ဘင်္ဂါလီရေးကိစ္စကိုအနီးကပ်စောင့်ကြည့်လေ့လာနေသည့်အဖွဲ့နှင့် အမေရိကန်သံတမန်ကြီးများဝါရှင်တန်သို့ ပေးပို့သောအစီရင်ခံသုံးသပ်တင်ပြချက်ပေါ်တွင် များစွာမူတည်နေပေလိမ့်မည်။ ထို့အတူဥရောပသမဂ္ဂ(အီးယူ)ကရော ဤတစ်ကြိမ်တွင် အမေရိကန်ခြေရာအတိုင်း ယခင်ကလိုလိုက်နင်းမည်လောဟူသည်မှာလည်း စိတ်ဝင်စားစရာဖြစ်သလိုအလားတူအလေးအနက်ထား ပြင်ဆင်ထားရမည့်ကိစ္စဖြစ်သည်။

တစ်ချိန်တည်းမှာပင် ယခင်ခေတ်ကာလပိတ်ဆို့အရေးယူမှုခံခဲ့ရစဉ် ရခဲ့သည့်အတွေ့အကြုံများကိုအခြေခံပြီး ယခုဖြစ်လာနိုင်ခြေရှိသည့် အကျိုးဆက်များအပေါ် မည်သို့မည်ပုံအကောင်းဆုံးတုံ့ပြန်နိုင်အောင်၊ တစ်နည်းအားဖြင့် တကယ်ပိတ်ဆို့လာပါက နိုင်ငံ့စီးပွားရေးနှင့် ဖွံ့ဖြိုးရေးပိုင်းတွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ပြင်ဆင်စဉ်းစားထားရမည်ဖြစ်ပေသည်။ ထို့ပြင် မကြာမီနိုဝင်ဘာလဆန်းပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ သမ္မတဒေါ်နယ်ထရမ့်တက်ရောက်မည်ဖြစ်ရာ ယင်းဆွေးနွေးပွဲ၏ Sideline Meeting ခေါ် သီးခြားတွေ့ဆုံဆွေးနွေးပွဲများတွင်သာမက အာဆီယံခေါင်းဆောင်များနှင့် မိတ်ဖက်နိုင်ငံခေါင်းဆောင်များအကြားဘင်္ဂါလီကိစ္စတွင် မိမိတို့ဘက်ကတစ်ကမ္ဘာလုံးနီးပါးစွပ်စွဲနေသကဲ့သို့ မျိုးဖြုတ်ရှင်းလင်းမှုမျိုးလုပ်ဆောင်ခဲ့ခြင်းအမှန်တကယ်မရှိပါကြောင်း တစ်ဖက်သားလက်ခံနားလည်လာအောင် ပြောဆိုနိုင်မည်ဆိုပါကရလဒ်မှာ တစ်မျိုးတစ်ဖုံပင်ပြောင်းလဲသွားနိုင်ပေသည်။ အကြောင်းမှာဒေါ်နယ်ထရမ့်သည် သမ္မတသက်တမ်းတစ်နှစ်ပင်မပြည့်သေးသောကာလအတွင်းသူ၏ ကက်ဘိနက်အဖွဲ့ဝင်များနှင့် ရှေ့နောက်မညီဆန့်ကျင်သည့် အပြောအဆိုမျိုး မကြာခဏဆိုသလိုပြောလေ့ရှိသလို ယခုတစ်မျိုး၊ တော်ကြာတစ်မျိုး လုပ်တတ်သည့်ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေခြင်းကြောင့်ပင်။ မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီဖော်ဆောင်ပြီးအပြောင်းအလဲများလုပ်ဆောင်မည်ဟုဆိုထားပြီးဖြစ်သော မြန်မာအစိုးရအနေနှင့် ရှေ့ဆက်ရမည့်ခရီးလမ်းတွင် အမေရိကန် သို့မဟုတ် ဒီမိုကရေစီနိုင်ငံများ၏ အကူအညီအထောက်အပံ့မယူဘဲရှေ့ဆက်နိုင်မည့် နည်းလမ်းများကိုလည်း ယခုအဖြစ်သနစ်များကိုအကြောင်းပြုကာတစ်ဆက်တည်းစဉ်းစားထားရတော့မည်ဖြစ်ကြောင်း ဖော်ပြလိုရင်းဖြစ်ပေသည်။

**အယ်ဒီတာ ( ၂၄ - ၁၀ - ၂၀၁၇ )**

# ပဲစင်းငုံအသစ် ဈေးမကျရန် ပြည်နယ်နှင့် တိုင်းအစိုးရက ဝယ်မည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ဒီဇင်ဘာလနှင့် ဇန်နဝါရီလများအတွင်း ပဲစင်းငုံအသစ်များ ထွက်ပေါ်လာတော့မည်ဖြစ်ရာ ယင်းကာလအတွင်း ပဲဈေးနှုန်းများ ဆက်လက်ကျဆင်းနေပါက သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အစိုးရများက ဝယ်ယူပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ထိုသို့ဝယ်ယူပေးရာတွင် ပဲထွက်ရှိသည့် ပြည်နယ်နှင့် တိုင်းအလိုက် ပဲဝယ်ယူရေးအဖွဲ့များဖွဲ့၍ ဝယ်ယူပေးမည်ဖြစ်ပြီး ထိုသို့အဖွဲ့များဖွဲ့ရန် စီစဉ်နေကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

"ဟိုးတစ်နှစ်က ဆန်ဝယ်ယူရေးအဖွဲ့ဆိုပြီး ဖွဲ့ထားတဲ့ အဖွဲ့တွေတော့ရှိတယ်။ ဒါပေမဲ့ အခုက ပဲဆိုတော့ အဖွဲ့တွေပြန်ဖွဲ့ရမယ်" ဟု စီးပွား/ကူးသန်း ဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောဆိုသည်။

ထိုသို့အစိုးရက ဝယ်ယူပေးရာတွင် ဇန်နဝါရီကာလအတွင်း ပဲဈေးသည် တောင်သူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်အောက်သို့ ရောက်ရှိနေမှသာ ဝယ်ယူပေးမည်ဖြစ်ပြီး လတ်တလော မည်သည့်ဈေးနှုန်းဖြင့် ဝယ်ယူပေးရန်နှင့် မည်မျှပမာဏအထိ ဝယ်ယူပေးမည်ဆိုသည်တို့ကို ဆက်လက်ဆွေးနွေးနေကြောင်း ၎င်းကဆိုသည်။

"ဥပမာ ကုန်ကျစရိတ်က ခုနစ်ထောင်၊ ဈေးကွက်က တစ်သောင်းဆိုရင်တော့ မဝယ်ပေးပါဘူး" ဟု အဆိုပါ အရာရှိက ဆက်လက်ရှင်းပြသည်။

လတ်တလော ပဲစင်းငုံမည်မျှစိုက်ပျိုးထားသည်ကို သိရှိနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ စိုက်ဧကပမာဏကို တောင်းခံထားပြီး ကနဦးသတင်းများအရ ပဲစင်းငုံတန်ချိန် သုံးသိန်းခန့်အထိ စိုက်ပျိုးထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

လက်ရှိပဲဈေးကွက်အတွင်း ပဲစင်းငုံဈေးနှုန်းမှာ ဆက်တိုက်ကျဆင်းနေပြီး သုံးပတ်အတွင်း ကျပ်တစ်သိန်းနီးပါးအထိ ကျဆင်းလျက်ရှိကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှ သိရသည်။ ■**S-04**

The VOICE Daily

CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo,
Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu,
Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet,
Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# မြိတ် KBZ ဘဏ်ခွဲတွင် သေနတ်သမားတစ်ဦး ငွေသွင်းသူထံမှ ငွေလုထွက်ပြေး

ရန်ကုန်၊ အောက်တိုဘာ ၂၄


Dawei Watch

မြိတ်မြို့ KBZ ဘဏ်ခွဲတွင် အောက်တိုဘာလ ၂၄ ရက်နေ့က ငွေသွင်းရန် လာရောက်သူထံမှ သေနတ်သမားတစ်ဦးက ငွေများ လုယက်ခဲ့ကြောင်း ယင်းဘဏ်တာဝန်ရှိသူဦးစိုးတင်မောင်ဇော်က The Voice သို့ ပြောကြားသည်။

ယင်းနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ ခန့်တွင် မြိတ် KBZ ဘဏ်ခွဲ၌ ငွေလာသွင်းသည့် Customer ၏ ငွေကျပ်သိန်း ၂၇၀ ပါ ငွေထုတ် ကောင်တာပေါ်တင်နေစဉ် သေနတ်ကိုင်တစ်ဦး ဝင်ရောက်လာပြီး ငွေထုပ်လုယက်သွားခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"Customer က ငွေလာအပ်တာပါ။ ကောင်တာပေါ်မှာ ပိုက်ဆံတွေတင်ထားတဲ့အချိန်၊ Mask လည်းတပ်ထားတဲ့ ဦးထုပ်လည်း ဆောင်းထားတဲ့ လက်နက်ကိုင်ထားတဲ့ လူတစ်ယောက်က ဝင်လာပြီးတော့ ခါးပြတိုက်သလို လုပြီးတော့ ထွက်ပြေးသွားပါတယ်" ဟု ၎င်းက ဆိုသည်။

ယင်းဖြစ်စဉ်ကိုရဲတပ်ဖွဲ့သို့အကြောင်းကြားထားပြီး ရဲတပ်ဖွဲ့ကလည်း ပိတ်ဆို့ရှာဖွေမှုများ လုပ်ဆောင်နေကြောင်း ၎င်းထံမှ သိရသည်။

"ဖမ်းဖို့လုပ်နေပါပြီ၊ မိဖို့ နီးစပ်နေပါပြီ" ဟု ၎င်းက ဆိုသည်။

အဆိုပါလုယက်သူကို ဖမ်းမိနိုင်စေရန် KBZ ဘဏ်၏ လုံခြုံရေး CCTV မှတ်တမ်းများမှ အချက်အလက် အထောက်အထားများ တိကျစွာ ရယူထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

J-09

## မျက်နှာဖုံး - ရန်ကုန်မြို့ဘုရင့်နောင်တွင် ကျပ်သိန်း ၁၅၀၀ ပါ မှ အဆက်

ရန်ကုန်ဘုရင့်နောင် KBZ ဘဏ်ခွဲနှင့် အခြားဘဏ်အချို့တွင် ငွေထုတ်လာသူ၏ ကျပ် သိန်း ၁၅၀၀ ပါ ငွေထုပ်ကို ၎င်း၏ ကားပေါ်တင်စဉ် ကားရော ငွေထုတ်ပါ လုယက် ထွက်ပြေးသွားခြင်းဖြစ်ကြောင်း KBZ ဘဏ်တာဝန်ရှိသူဦးစိုးတင်မောင်ဇော်က The Voice သို့ ပြောကြားသည်။

"ရန်ကုန်မှာဖြစ်တာက ကုမ္ပဏီဝန်ထမ်းတွေက နယ်တွေက ငွေလွှဲတွေကို ဘဏ်တွေကနေ လိုက်သိမ်းတာ။ ဝန်ထမ်းကောင်မလေး နှစ်ယောက်က ငွေတွေကို လိုက်သိမ်းတဲ့အချိန်မှာ ကျွန်တော်တို့ဘဏ်ကနေ ထုတ်ပြီးသွားပြီ။ ကျွန်တော်တို့ဘဏ်ဘေးမှာလည်း တခြားဘဏ်တွေရှိတယ်။ အဲ့ဒီဘဏ်တွေက ထုတ်ပြီးတဲ့အချိန်မှာ ကားက မရှိတော့ဘူး။ သူတို့ကုမ္ပဏီ ယာဉ်မောင်းကနေ မောင်းပြီးတော့ ထွက်ပြေးသွားတာ" ဟု ၎င်းက ရှင်းပြသည်။

ယင်းကိစ္စကို ရဲတပ်ဖွဲ့သို့ တိုင်ကြားထားပြီး၊ အဆိုပါ လုယက်သူကို ဖမ်းမိနိုင်စေရန် KBZ ဘဏ်၏ လုံခြုံရေး CCTV မှတ်တမ်းများမှ အချက်အလက် အထောက်အထားများ တိကျစွာ ရယူပေးထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောဆိုသည်။

ကုမ္ပဏီပိုင်ငွေများအား မော်တော်ယာဉ်နှင့်အတူ မောင်းနှင်ထွက်ပြေးသွားသူဆိုသူ ကျော်ဇင်ဦးအား အရေးယူပေးရန် တိုင်းတန်းချက်အရ ဘုရင့်နောင်နယ်မြေ ရဲစခန်းက(ပ) ၁၁၂၉/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၈၁ ဖြင့် အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ယင်းဖြစ်စဉ်မှ ငွေများနှင့် 5D-5693 Toyota Wish အဖြူရောင်ယာဉ်ကို ခိုးယူသွားသူ ကျော်ဇင်ဦးအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေ စုံစမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေနှင့်လည်း အမှုပါမော်တော်ယာဉ်နှင့် ဖော်ပြပါ ဓာတ်ပုံရှင် ပြစ်မှုကျူးလွန်သူကို တွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး 199၊ ၀၁- ၂၃၂၃၀၉၉၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၀၁-၃၇၆၁၆၆၊ မရမ်းကုန်းမြို့မရဲစခန်း ၀၁-၆၆၀၃၅၂၊ ဘုရင့်နောင်နယ်မြေရဲစခန်း ၀၁-၆၈၀၇၇၄၊ မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ၀၉-၅၁၈၄၈၆၀၊ ဘုရင့်နောင်နယ်မြေရဲစခန်းမှူး ၀၉-၂၆၀၀၄၇၃၆၈ သို့ ဆက်သွယ်သတင်းပေးရန် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။


Photo-Yangon Polic

ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ထုတ်ပြန်ထားသော

ကုမ္ပဏီပိုင်ငွေများအား ခိုးယူသွားသူ

ကုမ္ပဏီပိုင်ငွေများကို ခိုးယူ ထွက်ပြေးသွားသော ကျော်ဇင်ဦး မောင်းနှင်သည့် 5D-5693 Toyota Wish ယာဉ်ကို ယနေ့ညနေ ၆ နာရီ ခန့်က အင်းစိန်မြို့နယ်၊ ရွှေပြည်သာတံတားအဆင်းနှင့် (၁၄) လမ်းဆုံအကြားရှိ မြရော တိုက်တန်းရှေ့တွင် တွေ့ရှိခဲ့သော်လည်း မော်တော်ယာဉ်ကို တံခါးများ Lock ချ ပိတ်ထားပြီး ယာဉ်အတွင်း၌ ဆာလာအိတ်ခွံများသာ တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ J-09


Photo-Yangon Polic




# ပြည်တွင်းစွန့်ဦးတီထွင်လုပ်ငန်း ၇ ခုကို ကန်ဒေါ်လာတစ်သိန်းခွဲကျော်တန်ဖိုး ကူညီထောက်ပံ့မည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ပြည်တွင်းစွန့်ဦးတီထွင်လုပ်ငန်းများကို ကူညီပံ့ပိုးမှုများလုပ်ဆောင်နေသော ဖန်တီးရာအဖွဲ့အစည်းက ဒုတိယအကြိမ်မြောက် Accelerator အစီအစဉ်တွင် ပါဝင်ရမည့်ပြည်တွင်းစွန့်ဦးတီထွင်လုပ်ငန်း ၇ ခုကို အမေရိကန်ဒေါ်လာ ၁၇၅,၀၀၀ ကျော်တန်ဖိုးရှိ ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့အစည်းထံမှ သိရသည်။

၂၀၁၇ ခုနှစ်အတွက် Accelerator အစီအစဉ်တွင် နည်းပညာနှင့်ဆက်နွှယ်သည့် စွန့်ဦးတီထွင်လုပ်ငန်းအဖွဲ့ ၄၈ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရန်ကုန်မြို့မှ လူငယ်အဖွဲ့ငါးဖွဲ့နှင့် မန္တလေးမြို့မှ လူငယ်အဖွဲ့နှစ်ဖွဲ့တို့ကို အပြီးသတ်ရွေးချယ်ခဲ့ကြောင်း ယင်းအဖွဲ့အစည်းထံမှ သိရသည်။

အဆိုပါအစီအစဉ်တွင် ရွေးချယ်ခံရသည့် အဖွဲ့များသည် ကုမ္ပဏီတစ်ခုတည်ထောင်နိုင်ရန်နှင့် လုပ်ငန်းခွင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် ပညာရှင်များက ခြောက်လကြာသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ ယင်းအပြင် ရင်းနှီးမြှုပ်နှံရန် ကန်ဒေါ်လာ နှစ်သောင်းခွဲနှင့် ပြည်တွင်း၊ ပြည်ပရှိ အစုရှယ်ယာထည့်ဝင်လိုသည့် လုပ်ငန်းရှင်များနှင့်လည်း ချိတ်ဆက်ခွင့်ရရှိမည်ဖြစ်သည်။

ယခု ဒုတိယအကြိမ်တွင် ရွေးချယ်ခံခဲ့ရသော စွန့်ဦးတီထွင်လုပ်ငန်း ၇ ခုမှာ ကုန်စည်ပို့ဆောင်မှု၊ ကျန်းမာရေး၊ ပညာရေး၊ ဖျော်ဖြေရေးနှင့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်သန့်စင်သည့်လုပ်ငန်းများ ပါဝင်ပြီး ယင်းအထဲမှ လုပ်ငန်းလေးခုမှာ အမျိုးသမီးများက ဦးဆောင်လုပ်ကိုင်နေသည့် လုပ်ငန်းများဖြစ်ကြောင်း ဖန်တီးရာထံမှ သိရသည်။

ဖန်တီးရာအဖွဲ့သည် နည်းပညာနှင့်ဆက်နွှယ်သည့် စွန့်ဦးတီထွင်လုပ်ငန်းငယ်များကို မြေတောင်မြှောက်ပေးသည့် ပထမအကြိမ် Accelerator အစီအစဉ်တွင် ပြည်တွင်းလုပ်ငန်းငယ်လေးခုကို နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများနှင့် အသိအမှတ်ပြုခြင်းများရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

■ J-01




ရန်ကုန်မြို့တွင်း သွားလာနေသည့် ယာဉ်များ

# ညာမောင်း စလစ်ကပ်ကားများ ၂၀၁၈ ဇွန်လအထိ တင်သွင်းခွင့်ရမည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ယာဉ်အို ယာဉ်ဟောင်းအစားထိုးစနစ် (စလစ်ကပ်) ယာဉ်နှင့် Consignment ပါမစ်များကို လိုင်စင်သက်တမ်း သုံးလအထိ ထပ်တိုးခွင့်ပြုလိုက်သည့်အတွက် ၂၀၁၈ ခုနှစ် ဇွန်လကုန်အထိ ယင်းအစီအစဉ်ဖြင့် ဂျပန်နိုင်ငံထုတ် ညာမောင်းကားများကို တင်သွင်းခွင့်ရရှိမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

မော်တော်ယာဉ်မူဝါဒသစ်အရ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဘယ်မောင်းမော်တော်ယာဉ်များသာ တင်သွင်းရမည် ဖြစ်သော်လည်း ယခုနှစ်မကုန်မီ မူဝါဒဟောင်းအရ လျှောက်ထားသည့် စလစ်ကပ်ယာဉ်များတင်သွင်းခွင့်အတွက် ပထမအကြိမ် လိုင်စင်သက်တမ်းတိုးခွင့်ကို နှစ်လ၊ ဒုတိယအကြိမ်သက်တမ်းတိုးခွင့်ကို တစ်လထပ်တိုးခွင့်ပြုလိုက်ခြင်းကြောင့် လာမည့်နှစ် ဇွန်လအထိ ညာမောင်းကားများ တင်သွင်းရန် အချိန်ပေးထားခြင်းဖြစ်သည်။

ယခုနှစ် မော်တော်ယာဉ်မူဝါဒဟောင်းဖြင့် ကားတင်သွင်းခွင့်လိုင်စင်လျှောက်ထားခွင့်ကို Free Permit နှင့် ကုမ္ပဏီလိုင်စင်ဆိုပါက ဒီဇင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ စလစ်ကပ်နှင့် ကွန်ဆိုင်းမန့်လိုင်စင်များကို ဒီဇင်ဘာလ ၂၇ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း လိုင်စင်လျှောက်ထားခွင့်ပြုလိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ထို့ကြောင့် Free Permit နှင့် ကုမ္ပဏီလိုင်စင်ဆိုပါက ၂၀၁၈ ခုနှစ် မတ်လကုန်အထိ တင်သွင်းနိုင်မည်ဖြစ်ပြီး စလစ်ကပ်နှင့် ကွန်ဆိုင်းမန့်လိုင်စင်များဖြင့် ၂၀၁၈ ခုနှစ် ဇွန်လကုန်ပိုင်းအထိ ကားတင်သွင်းခွင့်ရရှိမည်ဖြစ်သည်။ သို့သော် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကားတင်သွင်းမည်ဆိုပါက အချိန်သုံးလခန့် ကြာမြင့်သည့်အတွက် အဆိုပါသွင်းကုန်လိုင်စင်များဖြင့် သုံးလခန့်ကြိုတင်တင်သွင်းထားရန် လိုအပ်မည်ဖြစ်သည်။

"စလစ်ကပ်နဲ့ ကွန်ဆိုင်းမန့်ကတော့ မူလအခွင့်အရေးပဲ ပြန်ပေးလိုက်တာပေါ့။ ပါစင်နယ်နဲ့ ကုမ္ပဏီက ကန့်သတ်လိုက်တဲ့သဘောပေါ့" ဟု ကားဝယ်ရောင်း ဦးမြတ်မင်းချစ်က ပြောဆိုသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သွင်းကုန်လိုင်စင် တစ်စောင်၏ သက်တမ်းသည် သုံးလဖြစ်ပြီး သက်တမ်းတိုးခွင့်ကို နှစ်ကြိမ်ပေးထားကာ ပထမအကြိမ်သက်တမ်းတိုးခွင့်ကို နှစ်လနှင့် ဒုတိယအကြိမ် သက်တမ်းတိုးခွင့်ကို တစ်လပေးထားသည်။ ■S-04

# Wave Money က ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကိုငွေပေးချေနိုင်မည့် Application မိတ်ဆက်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

တယ်လီနောနှင့် ရိုးမဘဏ်တို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် မိုဘိုင်းလ်ဖုန်း ငွေကြေးဝန်ဆောင်မှု Wave Money က ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် ငွေပေးချေနိုင်မည့် Application Programming Interface (API) ကို မိတ်ဆက်လိုက်သည်။

အဆိုပါ API ဖြင့် Wave Money ၏ ကိုယ်စားလှယ်ဆိုင်များနှင့် အသုံးပြုသူများအကြား လွယ်ကူစွာချိတ်ဆက်နိုင်ပြီး Cashless Payment (ငွေသားအသုံးမပြုဘဲ ငွေပေးချေနိုင်ခြင်း) စနစ်ဖြင့် ငွေပေးချေမှုများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း Wave Money ထံမှ သိရသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးစပြုနေသော e-Commerce ၏ အခန်းကဏ္ဍ ရေရှည်တွင် အောင်မြင်လာမည့် အလားအလာကို အသိအမှတ်ပြုခြင်းနှင့် စီးပွားရေးလုပ်ငန်းများစွာနှင့် သုံးစွဲသူများထံသို့ လုံခြုံလျင်မြန်စွာ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ရန်အတွက် ရည်ရွယ်ကြောင်း Wave Money ၏ အမှုဆောင်အရာရှိချုပ် Mr.Brad Jones က ပြောကြားသည်။

"ကျွန်တော်တို့ Pay with Wave Money ကို စတင်မိတ်ဆက်လိုက်ကတည်းက ကျွန်တော်တို့နဲ့အတူ ပူးပေါင်းလက်တွဲချင်တဲ့ ကိုယ်စားလှယ်တွေက ဒီ cashless payment ကို သူတို့ရဲ့ အွန်လိုင်းဝက်ဘ်ဆိုက်တွေမှာပါ ထည့်သွင်းချင်နေကြပါတယ်" ဟု ၎င်းကဆိုသည်။

Wave Money ၏ အဆိုပါငွေပေးချေနိုင်မည့်အစီအစဉ်သစ်တွင် Wave Money ကိုယ်စားလှယ်ဆိုင်များ၏ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ငွေသားဖြင့်မဟုတ်ဘဲ မိမိ Wave အကောင့်ဖြင့် ငွေပေးချေနိုင်ခြင်းအပြင် နောက်ပိုင်းတွင် e-Commerce ကုမ္ပဏီများတွင် ငွေပေးချေနိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

■ J-01

**အောက်တိုဘာလ ၂၄ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ**

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 12500 | 12500 | 12500 | - | 6197 | 77,462,500 |
| MTSH | 3300 | 3350 | 3350 | +50 | 4782 | 16,019,700 |
| MCB | 8400 | 8600 | 8600 | +200 | 18 | 159,800 |
| FPB | 24000 | 24000 | 24000 | - | 40 | 960,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** Source: KBZ Bank

| 24.10.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၅၃ | ၁၅၉၁ | ၉၉၅ |
| ရောင်းဈေး (ကျပ်) | ၁၃၅၅ | ၁၅၉၅ | ၉၉၈ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 24.10.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၉၃၅,၀၀၀ (ဖွင့်) | ၉၃၃,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၈၂ (ဖွင့်) | ၁၂၈၀ (ပိတ်) |

# ရန်ကုန်စည်ပင်သာယာရေးကော်မတီ ဌာနသုံးခုသာ ထားရန်စီစဉ်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ ဌာန ၂၀ အနက် ဌာန ၁၇ ခုကို ဖျက်သိမ်း၍ ဌာနသုံးခုသာ ထားရှိရန်စီစဉ်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ပြင်ဆင်ရေးဆွဲထားသည့် စည်ပင်ဥပဒေ မူကြမ်းတွင် စည်ပင်ဌာန သုံးခုမှလွဲ၍ ကျန်ဌာနများကို ဖျက်သိမ်းမည်ဖြစ်ကြောင်း၊ ကော်မတီဝင်များပါဝင်မည့် အာဏာပိုင်အဖွဲ့အစည်း ခုနစ်ခု ဖွဲ့စည်းမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အကြီးတန်းအရာရှိက ပြောကြားသည်။

“ဌာန သုံးခုကလွဲလို့ ကျန်ဌာနတွေ ဖျက်မယ်ဆိုတဲ့အချက် အတည်ဖြစ်နိုင်မယ်။ ဒါပေမဲ့ တိုင်းလွှတ်တော် အတည်ပြုချက်တော့ စောင့်ရမယ်” ဟု ၎င်းက ဆိုသည်။

လက်ရှိတွင် အဆိုပါဥပဒေမူကြမ်းမှာ အတည်မပြုရသေးဘဲ အဆင့်ဆင့် ဆွေးနွေးသွားမည်ဖြစ်ပြီး တိုင်းလွှတ်တော်တွင် အတည်ပြုရန် ကျန်သေးကြောင်း ၎င်း၏အဆိုအရသိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် လက်ရှိဌာနပေါင်း ၂၀ ရှိပြီး ပြင်ဆင်ရေးဆွဲထားသည့် စည်ပင်ဥပဒေမူကြမ်းတွင် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ စီမံရေးရာဌာန သုံးခုသာထားရှိရန် ဥပဒေမူကြမ်းတွင် ရေးဆွဲထားသည်။

ဥပဒေမူကြမ်းတွင် ဖျက်သိမ်းဌာနများ၏ လုပ်ငန်းဆိုင်ရာများကို အသစ်ရွေးချယ်ခံရသည့် စည်ပင်သာယာရေးကော်မတီဝင်များက အုပ်ချုပ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေမူကြမ်းစိစစ်ရေးကော်မတီဝင် မင်္ဂလာတောင်ညွန့်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးက ပြောကြားသည်။

“မူကြမ်းကရေးဆွဲပြီးပြီ။ စိစစ်ပြီး ဒီဇင်ဘာမှာ အတည်ပြုဖို့ဆောင်ရွက်သွားမယ်။ စည်ပင်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် မတ်လမှာ လုပ်ဖို့ လျာထားတယ်” ဟု ၎င်းကဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ယခင်က မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခန့်အပ်သည့် အဖွဲ့ဝင် လေးဦး၊ ပြည်သူမှရွေးကောက်တင်မြှောက်သည့် အဖွဲ့ဝင်လေးဦးပါဝင်ပြီး ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် ပြည်သူမှ ရွေးချယ်တင်မြှောက်သည့်အဖွဲ့ဝင် ခြောက်ဦးရှိမည်ဖြစ်ကာ စုစုပေါင်း ၁၁ ဦးအထိ ပါဝင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် စီမံရေးရာဌာန၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ စစ်ဆေးရေးဌာန၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ ရာဖြတ်ဌာန၊ အခွန်ဌာန၊ ဈေးများဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ အင်ဂျင်နီယာဌာန (လမ်းတံတား)၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ဗဟိုပစ္စည်းထိန်းဌာန၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ ကျန်းမာရေးဌာန၊ ထုတ်လုပ်ရေးဌာန၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနစသည့် ဌာနပေါင်း ၂၀ ရှိသည်။ ■

J-10

# မန္တလေးအလုပ်အကိုင်ပြပွဲလာသူများကို အလုပ်သမားကတ် အခမဲ့ထုတ်ပေးမည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

JobNet နှင့် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မန္တလေးအလုပ်အကိုင်ပြပွဲလာသူများကို အလုပ်သမားကတ်များ အခမဲ့ပြုလုပ်ပေးမည်ဖြစ်ကြောင်း ချမ်းအေးသာစံမြို့နယ် အလုပ်သမားဦးစီးဌာနမှူး ဒေါ်သင်းသင်းခိုင်က ပြောကြားသည်။

အောက်တိုဘာ ၂၈ ရက် မန္တလေးမြို့ဘူတာကြီး Marvel ဟိုတယ်တွင် ပြုလုပ်မည့် အဆိုပါပြပွဲတွင် နည်းပညာကုမ္ပဏီများ၊ လျှပ်စစ်ကုမ္ပဏီများ၊ ဆက်သွယ်ရေးကုမ္ပဏီများ၊ ဘဏ်များအပါအဝင် မြန်မာပြည်ရှိ ထိပ်တန်း ကုမ္ပဏီ ၂၅ ခုကျော်က ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ စာရင်းအင်းစီမံခန့်ခွဲမှု၊ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အကိုင်များအတွက် အလုပ်သမား ၈၀၀ ခန့်ကို ခေါ်ယူမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

“အလုပ် အကိုင်လာရောက်ရှာဖွေသူတွေအားလုံးကို အလုပ်ရသည်ဖြစ်စေ မရသည်ဖြစ်စေ အားလုံးကို အလုပ်သမားကတ် ထုတ်ချင်ရင် ထုတ်လို့ရအောင် စီစဉ်ထားပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်နဲ့ ပညာအရည်အချင်း ထောက်ခံချက်လေးတွေတော့ ယူလာဖို့ လိုမယ်။ အလုပ်သမားမှတ်ပုံတင်ကတ်ရှိတဲ့အခါမှာ အလုပ်သမားတွေကလည်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရလာမယ်။ အလုပ်ရှာတဲ့အခါ တရားဝင်ဖြစ်မယ်။ အလုပ်ရှင်တွေဘက်ကလည်း ပိုနိုင်မာတဲ့အလုပ်သမားတွေရမယ်” ဟု ၎င်းက ဆိုသည်။

အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက အလုပ်အကိုင်လာရောက်ရှာဖွေကြသူများကို One Stop Service ဝန်ဆောင်မှုဖြင့် အလုပ်သမားမှတ်ပုံတင်ကတ်များ အခမဲ့ထုတ်ပေးသွားမည်ဖြစ်ပြီး အလုပ်အကိုင် ရရှိပါကလည်း ကုမ္ပဏီဖြင့် ချိတ်ဆက်၍ အလုပ်ရှင်အလုပ်သမားခန့်ထားရေး ပုံစံ (၇) ကိုပါ ချက်ချင်းထုတ်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

အလုပ်သမားလေဘာကတ် ရရှိထားသူများသည် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိခြင်း ၊ အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အလုပ်သမားဥပဒေအကျိုးခံစားခွင့်ရရှိခြင်း၊ နစ်နာမှုများ ဖြစ်ပါက ဖြေရှင်းနိုင်မည် ဖြစ်ကြောင်း Jobnet.com.mm ၏ Head of PR ဖြစ်သူ ကိုမှူးအိမ်ဇော်က ပြောကြားသည်။

“တကယ်တမ်းသွားလုပ်မယ်ဆို အလုပ်သမားရုံးမှာ မှတ်ပုံတင်ယူ၊ ထောက်ခံချက်၊ ရပ်ကွက်တို့ ရဲစခန်းတို့ အဆင့်ဆင့်ယူရတယ်၊ ကုန်ကျငွေလည်းရှိတယ်လေ၊ ဒီနေ့မှာ တစ်ခါတည်းလုပ်ပေးတော့ အလုပ်သမားတွေအတွက် သက်သာတယ်။ နောက်အလုပ်သမားမှတ်ပုံတင်ကတ်က အလုပ်သမားတွေအတွက် အရေးကြီးတယ်၊ အဲဒါတွေသိစေချင်တယ်” ဟု ၎င်းကဆိုသည်။

ယင်းနေ့တွင် အလုပ်ရှာဖွေသူများ တိုက်ရိုက် အလုပ်လျှောက်ထားနိုင်ပြီး အင်တာဗျူး အခန်းငယ်များထားရှိပေးထားကာ အလုပ်ခေါ်လိုသူ ကုမ္ပဏီများက ချက်ချင်းအင်တာဗျူး၍ အလုပ်ခန့်ထားမည် ဖြစ်သည်။

ကုမ္ပဏီအများစုသည် စာရင်းကိုင်၊ ဘဏ်လုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ Customer support ၊ အရောင်းနှင့် မားကက်တင်း ပရော်ဖက်ရှင်နယ်များကို ရှာဖွေနေကြပြီး အချို့သောကုမ္ပဏီများသည် နည်းပညာရှင်များနှင့် IT ကျွမ်းကျင်လုပ်သားများ အလိုရှိနေကြသည်။ ■

J-18



ဓာတ်ပုံ-The Voice

# ၉၆၊ ၉၇ မော်ဒယ်လ်ဘတ်စ်ကားများ မအပ်နှံပါက ပြေးဆွဲခွင့် ပိတ်မည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ရန်ကုန်မြို့တွင်း YBS ယာဉ်လိုင်းများတွင် ပြေးဆွဲနေသည့် ၁၉၉၆၊ ၁၉၉၇ မော်ဒယ်လ်ဘတ်စ်ကားများ လာရောက်အပ်နှံခြင်းမရှိပါက ပြေးဆွဲခွင့်ပိတ်မည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

၁၉၉၆-၁၉၉၇ မော်ဒယ်လ်ဘတ်စ်ကားများကို ယခုလမှစတင် အပ်နှံခွင့် ပြုထားသော်လည်း ယနေ့အချိန်ထိ တစ်စီးမှ လာရောက်အပ်နှံခြင်း မရှိသေးကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

“ဒီလကစတင်ပြီး အပ်နှံခွင့်ပေးထားပေမယ့် အပ်နှံဖို့ ကားအစီးရေကို အခုအချိန်ထိ တစ်စီးမှ လာမတင်သေးဘူး။ သူတို့လာအပ်ရင်တော့ လူစီးယာဉ် စလစ်တွေ ထုတ်ပေးမယ်” ဟု ၎င်းက ဆိုသည်။

၁၉၉၅ ခုနှစ် ဘတ်စ်ကားများကို အပ်နှံခွင့် ကုန်ဆုံးခါနီးဖြစ်ခြင်းကြောင့် ၁၉၉၆-၁၉၉၇ မော်ဒယ်လ်ဘတ်စ်ကားများကို ယခုလမှစတင်ကာ အပ်နှံခွင့်ပြုခဲ့ပြီး YBS ယာဉ်လိုင်းများတွင် ၁၉၉၆၊ ၁၉၉၇ ခုနှစ်ထုတ် မော်ဒယ်လ် ယာဉ်စီးရေ ၄၀၀ ဝန်းကျင်ပြေးဆွဲလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)ထံမှ သိရသည်။

လက်ရှိတွင် ၁၉၉၅ မော်ဒယ်လ်ဘတ်စ်ကားများ လာရောက်အပ်နှံမှုမှာ အောက်တိုဘာ တတိယအပတ်အထိ အစီးရေ ၃၂၀၀ ကျော်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။ ■

J-10

မိဘမေတ္တာ (Gas)

(L.L.B)

# အာဆီယံ စားသုံးသူကာကွယ်ရေး အစည်းအဝေးကျင်းပ

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၁၆ ကြိမ်မြောက် အာဆီယံ စားသုံးသူကာကွယ်ရေး အစည်းအဝေးကို အောက်တိုဘာလ ၂၄ ရက်နေ့ နံနက် ၈ နာရီတွင် Chatrium ဟိုတယ်၌ပြုလုပ်ခဲ့ကြောင်း စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက ပြောကြားသည်။

မြန်မာနိုင်ငံသည် အာဆီယံစားသုံးသူရေးရာ ကာကွယ်ရေးကော်မတီတွင် ပါဝင်ပြီး စားသုံးသူများနှင့်ပတ်သက်သည့် မူဝါဒများကို ယင်းကော်မတီမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပကြောင်း ယင်းဌာနထံမှ သိရသည်။ ■

J-12




ဓာတ်ပုံ-သီတာဆွေ

၁၆ ကြိမ်မြောက် အာဆီယံစားသုံးသူရေးရာကာကွယ်ရေး အစည်းအဝေးကို အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်က Chatrium ဟိုတယ်၌ ပြုလုပ်စဉ်

# ကရဝိက်ဟိုတယ်အနီး ကန်ရေပြင်တွင် အမျိုးသမီးအလောင်းတွေ့

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ဗဟန်းမြို့နယ်၊ ကန်တော်ကြီး ဥယျာဉ်၊ ကရဝိက်ဟိုတယ်အနီး ကန်ရေပြင်တွင် အောက်တိုဘာလ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ရေနစ်သေဆုံးနေသည့် အသက် ၅၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းကို ဥယျာဉ်လုံခြုံရေး ဝန်ထမ်းမှ စတင်မြင်တွေ့ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

သေဆုံးသူမှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၉ လမ်းတွင် နေထိုင်သူဖြစ်ပြီး စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း မိသားစုဝင်များ၏ ထွက်ဆိုချက်အရ ရဲအရာရှိက ရှင်းပြသည်။

"ဒီမနက် ၉ နာရီမှာ သေဆုံးသူက ၁၂၄ လမ်းမှာနေတဲ့ သမီးဆီ တစ်ယောက်တည်းထွက်သွားရာက ပျောက်သွားခဲ့တာလို့ သိရတယ်။ လတ်တလော သေမှုသေခင်းဖွင့်ပြီး စုံစမ်းစစ်ဆေးနေတယ်" ဟု ၎င်းက ဆိုသည်။

သေဆုံးသူတွင် ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိခဲ့သဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိရန် ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပီအာရ် ၀၀၈ ဖြင့် ပို့အပ်စစ်ဆေးနေပြီး ဗဟန်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ စုံစမ်းစစ်ဆေးနေသည်။ ■



ဓာတ်ပုံ-အောင်အောင်ထွန်း

# အာနန္ဒာဘုရားပွဲ လုံခြုံရေးတိုးမြှင့်ရန် စီစဉ်

**မန္တလေး၊ အောက်တိုဘာ ၂၄**

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အာနန္ဒာဘုရားပွဲတော် စီမံချက် ရေးဆွဲနေပြီဖြစ်ရာ ယင်းစီမံချက်တွင် လုံခြုံရေးတိုးမြှင့် ချထားမည့် အစီအစဉ် ထည့်သွင်းထားကြောင်း အာနန္ဒာဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ယခင်နှစ်ဘုရားပွဲတွင် ခိုက်ရန်ဖြစ်မှုများရှိခဲ့ရာ ယခုနှစ်တွင် ပြဿနာဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရန်နှင့် လုံခြုံစိတ်ချမှုရှိစေရန် စီမံရခြင်းဖြစ်ကြောင်း ယင်းဘုရားဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးအေးက ပြောကြားသည်။

အာနန္ဒာဘုရားပွဲကို ပြာသိုလဆန်း ၈ ရက်မှ လကွယ်နေ့ (ဒီဇင်ဘာလ ၂၅ ရက်မှ ဇန်နဝါရီလ ၁ ရက်နေ့အထိ) အထိ ကျင်းပမည်ဖြစ်ပြီး ဘုရားလုံခြုံရေးဝန်ထမ်းများအပြင်၊ ရဲတပ်ဖွဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ရွာလူမှုရေး အဖွဲ့ဝင်များနှင့် သံဃာတော်များ ပူးပေါင်းဆောင်ရွက်မည်ဟု ဂေါပကအဖွဲ့က ပြောဆိုသည်။

လက်ရှိတွင် အာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အိန္ဒိယနိုင်ငံ၏ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ မီလီယံဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်ကစ၍ ပြုပြင်လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ■

M-05

## NEWS IN BRIEF

### MPT နှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်းပြီး ကျန်းမာရေးလှုပ်ရှားမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းပြီး ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်တစ်ခုကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် မတ်လအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း MPT ထံမှ သိရသည်။

ယင်းအစီအစဉ်တွင် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်အတွက် လိုအပ်သည့် ရှေးဦးပြုစုခြင်းဆိုင်ရာ သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုများကို အများပြည်သူသို့ သိရှိနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး မူးမေ့ခြင်း၊ ဓာတ်လိုက်ခြင်း၊ မြွေကိုက်ခြင်း၊ အပလျှပ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်း စသည့်အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ရှေးဦးပြုစုခြင်း နည်းလမ်းများကို ဖော်ပြထားသည့် ကျန်းမာရေးစောင့်ရှောက်မှု ဗီဒီယို ၁၂ ခုကို ရုပ်မြင်သံကြား၊ မီဒီယာနှင့် လူမှုကွန်ရက်မီဒီယာများတွင် ထုတ်လွှင့်ပြသွားမည်ဖြစ်သည်။ ■ J-01



# ဘင်္ဂါလီအရေးနှင့်ပတ်သက်၍ မြန်မာကို ဒဏ်ခတ်အရေးယူရန် စဉ်းစားသုံးသပ်လျက်ရှိဟု အမေရိကန်အစိုးရ သတင်းထုတ်ပြန်

**ဝါရှင်တန်၊ အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံမှ ဘင်္ဂါလီ မွတ်ဆလင်လူနည်းစုအပေါ် မြန်မာအစိုးရ၏ ကိုင်တွယ်ဆက်ဆံမှုနှင့်ပတ်သက်၍ တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်း ပစ်မှတ်ထားသည့် ပိတ်ဆို့အရေးယူမှုအပါအဝင် ဒဏ်ခတ်အရေးယူမှုသစ်များကို Global Magnitsky အက်ဥပဒေဖြင့် ပြဋ္ဌာန်းသွားရန် အမေရိကန်ပြည်ထောင်စုက စဉ်းစားသုံးသပ်လျက်ရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောဆိုကြောင်း Reuters က ရေးသားဖော်ပြသည်။

"မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် လတ်တလောဖြစ်စဉ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဘင်္ဂါလီများနှင့် အခြားလူမျိုးစုများကြုံတွေ့ခဲ့ရသော ပြင်းထန်ဆိုးရွားသည့် အခွင့်အရေးချိုးဖောက် အနိုင်ကျင့်မှုများအား အလွန်အမင်းစိုးရိမ်ပူပန်ကြောင်း ကျွန်ုပ်တို့အနေနှင့် ထုတ်ဖော်ပြောဆိုလိုသည်" ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။

"ထိုသို့ ဆိုးရွားသည့် ချိုးဖောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများအတွက် တာဝန်ရှိကြသော အစိုးရမဟုတ်သော ဇာတ်ကောင်များနှင့် လူပုဂ္ဂိုလ်များကို မလွဲမသွေဖော်ထုတ်ရမည်သာပင်ဖြစ်သည်" ဟု ကြေညာချက်တွင် ဖော်ပြသည်။

ဒဏ်ခတ်အရေးယူမှုများပြုလုပ်ရာတွင် Global Magnitsky အက်ဥပဒေအပါအဝင် တည်ဆဲအမေရိကန်ဥပဒေများအရ အရေးယူရန် စဉ်းစားသုံးသပ်နေခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန အဆိုအရသိရသည်။

Global Magnitsky အက်ဥပဒေဟူသည်မှာ ရုရှားနိုင်ငံ မော်စကိုအကျဉ်းထောင်တွင် ညှဉ်းပန်းနှိပ်စက်ခံရမှုများကြောင့် ၂၀၀၉ ခုနှစ်က သေဆုံးခဲ့သူ ရုရှားလူမျိုး အကောက်ခွန်စာရင်းကိုင် ဆာဂျီမက်ဂနစ်စကီ၏ အရေးကိစ္စနှင့်ပတ်သက်၍ သမ္မတအိုဘားမားက တာဝန်ရှိသော ရုရှားအရာရှိကြီးများကို ဒဏ်ခတ်အပြစ်ပေးရန် လက်မှတ်ရေးထိုးပေးခဲ့သည့် ဥပဒေဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူနည်းစုအပေါ် ဖိနှိပ်ဖြိုခွင်းမှုများနှင့်ပတ်သက်၍ မြန်မာတပ်မတော်ခေါင်းဆောင်ပိုင်းတွင် တာဝန်ရှိသည်ဟု အမေရိကန် ပြည်ထောင်စုက ရှုမြင်သတ်မှတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ရက်စ်တိုင်လာဆန်က ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် မြန်မာစစ်ဘက်ခေါင်းဆောင်များအပေါ် မည်သို့အရေးယူဆောင်ရွက်မည်ဟူသောအချက်ကို ၎င်းက ထုတ်ဖော်ပြောဆိုမှုမပြုခဲ့ပေ။ ■ **F-01**



ဓာတ်ပုံ-မြင့်မိုးညို

# ရခိုင်အရေးကိစ္စအတွက် အထူးသံတမန်တစ်ဦး ကနေဒါခန့်အပ်၊ ထောက်ပံ့ငွေ ဒေါ်လာ ၁၂ သန်း ပေးမည်ဟု ကြေညာ

**အော်တဝါ-ရန်ကုန်၊ အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်အရေးကိစ္စများကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် အထူးသံတမန်တစ်ဦးကို ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးက ယနေ့ခန့်အပ်လိုက်ကြောင်း ကနေဒါအစိုးရက သတင်းထုတ်ပြန်သည်။

အထူးသံတမန်မှာ ဘော့ရေးဖြစ်ပြီး ၎င်းသည် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အကျပ်အတည်းများနှင့် ပြဿနာများကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် အမြန်ဆုံးတာဝန်ယူလုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဆိုသည်။

အထူးသံတမန် ဘော့ရေးသည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာများ၊ လုံခြုံရေးပြဿနာများအတွက် အရေးတကြီး လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်သည်။

ထို့ပြင် ဘင်္ဂါလီ မွတ်ဆလင်များနှင့် အခြား ဘာသာဝင်များ၊ တိုင်းရင်းသားလူနည်းစုများ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့နေရသည့် အခြေအနေအရပ်ရပ်နှင့်ပတ်သက်သည့် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက်လည်း တာဝန်ယူ လုပ်ဆောင်သွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင်း လတ်တလောဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်နစ်နာခဲ့ရသူများကို ကနေဒါနိုင်ငံအနေနှင့် အကောင်းဆုံးဖြစ်အောင် မည်သို့ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကိုလည်း အထူးသံတမန် ဘော့ရေးက ဝန်ကြီးချုပ်ထရူးဒိုးကို အကြံပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုများ၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော ပြည်သူများအတွက် ကနေဒါနိုင်ငံအနေနှင့် ရေတိုသာမက ရေရှည်သဘောဖြင့်ပါ ဆက်လက်ကူညီဖြေရှင်းပေးသွားရန်ရှိသည်ဟုလည်း ကနေဒါအစိုးရက သတင်းထုတ်ပြန်သည်။

အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် ကနေဒါနိုင်ငံအနေနှင့် ထပ်ဆောင်းကူညီငွေ ဒေါ်လာ ၁၂ သန်း ပေးအပ်သွားမည်ဟုလည်း ကြေညာသည်။ ■ **F-01**

# စက်ခန်းထဲရှိ ဝါယာကြိုးများခိုးယူသည့် ၁၃ နှစ်အရွယ် လူငယ်တစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကမ်းနားလမ်းရှိ ပြည်တွင်းရေကြောင်းသင်္ဘောကျင်းဝင်းတွင် ကွန်ကရစ်ဖျော်စက် ထိန်းချုပ်ရေးစက်ခန်းထဲရှိ ကျပ်သိန်း ၂၀၀ ခန့်တန်ဖိုးရှိသော စက်ပစ္စည်းများကို ထုရိုက်ဖျက်ဆီးပြီး လျှပ်စစ်ဝါယာကြိုးအတွင်းရှိ ကြေးကြိုးများကို ခိုးယူနေသော ၁၃ နှစ်အရွယ် လူငယ်တစ်ဦးကို ဖမ်းဆီးအရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူမှာ ယင်းမြို့နယ်၊ ၉၃ ရပ်ကွက်၊ သင်္ဘောကျင်းအနီးရှိ ကျူးကျော်အိမ်တစ်လုံးတွင် နေထိုင်သူဖြစ်ပြီး အောက်တိုဘာလ ၂၁ ရက် နံနက် ၁၁ နာရီက သင်္ဘောကျင်းဝင်းထဲရှိ အရှေ့ဦးဆောက်လုပ်ရေးကုမ္ပဏီမှ ပိုင်ဆိုင်သော အသုံးမပြုတော့သည့် ကွန်ကရစ်ဖျော်စက် ထိန်းချုပ်ရေးစက်ခန်းထဲဝင်ရောက်ပြီး စက်ပစ္စည်းများကို ထုရိုက်ဖျက်ဆီး၍ လျှပ်စစ်ဝါယာကြိုးများဆွဲဖြုတ်ပြီး ပလာယာဖြင့် ဝါယာကြိုးအခွံခွာ၍ ကြေးကြိုးများ ခိုးယူနေစဉ် လုံခြုံရေးဝန်ထမ်းတစ်ဦးက ဖမ်းမိခဲ့ခြင်းဖြစ်သည်။

"ခိုးယူသူကို စစ်ဆေးကြည့်တော့ အမည်မသိအမျိုးသား တစ်ယောက်က ဒီစက်ခန်းထဲမှာရှိတဲ့ ဝါယာကြိုးတွေကိုအခွံခွာပြီးအထဲက ကြေးကြိုးတွေကို ရောင်းစားလို့ရတယ်လို့ သူ့ကိုပြောခဲ့တာကြောင့် ဝင်ခိုးခဲ့တာလို့ ထွက်ဆိုတယ်။ သူခိုးတဲ့ ကြေးကြိုးက ပြန်ရောင်းရင် ကျပ်နှစ်သိန်းလောက်ပဲရနိုင်တာ။ ဒါပေမဲ့ ကြေးကြိုးတွေရအောင် အထဲက စက်ပစ္စည်းတွေကို ရိုက်ခွဲဖျက်ဆီးလိုက်တာက ကျပ်သိန်းနှစ်ရာဖိုးလောက်ရှိတယ်" ဟု ရဲအရာရှိက ရှင်းပြသည်။

ဖျက်ဆီးခံရသည့်ပစ္စည်းများမှာ ကွန်ကရစ်ဖျော်စက်တွင် တပ်ဆင်အသုံးပြုသော လျှပ်စစ်ဝါယာကြိုး ဆိုဒ်မျိုးစုံ ပေ ၅၀၀ ခန့်နှင့် စက်ခန်းအတွင်း တပ်ဆင်ထားသော ကွန်ပျူတာနှင့်တွဲဖက်အသုံးပြုသည့် System ပုံးများ၊ စက်ပစ္စည်းများဖြစ်ပြီး ဖမ်းဆီးထားသည့် ၁၃ နှစ်အရွယ် ယောက်ျားလေးကို ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ ■ **S-03**

ဖြန့်ချိရေးကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊

၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)


ဓာတ်ပုံ-မောင်သန့်

မန္တလေးမြို့တော်ရှိ သီရိမန္တလာအဝေးပြေးခရီးသည်တင်ကားကွင်းကို တွေ့ရစဉ်

# မန္တလေးမြို့တော်၌ အုပ်စုဖွဲ့ငွေညှစ်သည့် ဆိုင်ကယ်ကယ်ရီသမားများကို ဖမ်းဆီးရန်ခက်ခဲ

**မန္တလေး၊ အောက်တိုဘာ ၂၄**

မန္တလေးမြို့တော်မှ တစ်ဆင့် မြန်မာပြည်အထက်ပိုင်းသို့ သွားလာနေသည့် ခရီးသွားများထံမှ အုပ်စုဖွဲ့ငွေညှစ်နေသော ဆိုင်ကယ်ကယ်ရီသမားများကို ဖမ်းဆီးအရေးယူရန် ခက်ခဲကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ရဲတပ်ဖွဲ့ ရဲမှူးငြိမ်းချမ်းအောင်က ပြောကြားသည်။

“ဒီဖြစ်စဉ်တွေကို လေ့လာကြည့်တဲ့အခါမှာ အချို့ကားဂိတ်တွေက ကားဝင်းထဲကိုဝင်ပြီးတော့မှ ခရီးသည်တွေကို မချဘဲ သူတို့ဂိတ်ရှိတဲ့ နေရာတွေမှာ အတင်အချလုပ်နေတဲ့အတွက် ခရီးသည်တွေက နီးစပ်ရာကနေ ကယ်ရီတွေခေါ်ကြရတဲ့အခါမှာဖြစ်ကြတယ်။ ကယ်ရီသမား နှစ်ယောက်သုံးယောက်ပေါင်းပြီး ခရီးသည်ဆီက ငွေညှစ်တောင်းတာတွေ၊ တစ်ခါတစ်ရံမှာ ရိုက်နှက်ပြီးပစ္စည်း လုယက်တာတွေအထိ ဖြစ်ဖူးပါတယ်။ ကားဝင်းပြင်ပမှာဖြစ်တာဆိုတော့ ကျူးလွန်တဲ့ကယ်ရီသမားတွေကို ရှာဖွေဖမ်းဆီးရတာခက်တယ်” ဟု ၎င်းကပြောဆိုသည်။

မြန်မာနိုင်ငံအထက်ပိုင်း ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဗန်းမော်မြို့တို့မှ လာရောက်ကာ မန္တလေးမြို့မှတစ်ဆင့် ခရီးဆက်မည့်သူများကို ဆိုင်ကယ်ကယ်ရီသမားအချို့နှင့် ကားလက်မှတ်အရောင်းဌာနအချို့တို့ ပူးပေါင်းကာ အုပ်စုဖွဲ့ ငွေညှစ်သည့်ဖြစ်စဉ်များရှိနေသည်ဟု လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိရာ ယင်းသို့သောဖြစ်စဉ်များမရှိစေရေးအတွက် သတ်မှတ်ထားသည့် ကားဝင်းများအတွင်းအထိ ခရီးသည်များကို ပို့ဆောင်ပေးရန် အဝေးပြေးယာဉ်လိုင်းများကို အသိပေးထားကြောင်း၊ ယင်းသို့ ပို့ဆောင်ခြင်းမရှိသည့် ယာဉ်များကို စည်ပင်သာယာရေးဥပဒေများဖြင့် အရေးယူကြောင်း ရဲမှူးငြိမ်းချမ်းအောင်က ရှင်းပြသည်။

“ထိန်းသိမ်းတာကိုတော့ စည်ပင်က အဓိကလုပ်ပါတယ်။ နယ်မြေခံ ရဲတပ်ဖွဲ့ကလည်း ငွေညှစ်တာတွေ၊ ရိုက်နှက်လုယက်တာတွေကို အရေးယူနေပါတယ်။ ဖြစ်စဉ်တွေမှာ တချို့က ကယ်ရီသမားအစစ်မဟုတ်ဘူး၊ ကယ်ရီသမားအယောင်ဆောင်ပြီး လုယက်မှုတွေ၊ ငွေညှစ်မှုတွေ လုပ်နေကြတာ။ အဓိကကတော့ ခရီးသည်တင်လာတဲ့ကားတွေက ကားဝင်းထဲအထိ ပို့ပေးမယ်ဆိုရင် ဒီပြဿနာတွေ ဖြစ်မှာမဟုတ်ဘူး” ဟု မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ပထမတန်း (ဦးစီး) အရာရှိ ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက ပြောကြားသည်။

မြစ်ကြီးနား၊ ဗန်းမော်၊ စသည့်မြို့များမှ လာရောက်သည့် ခရီးသည်တင် အဝေးပြေးယာဉ်များသည့် မန္တလေးမြို့သို့ နံနက် ၃ နာရီ နှင့် လေးနာရီအကြား ဆိုက်ရောက်လေ့ရှိပြီး ယင်းမှတစ်ဆင့် သွားလိုရာခရီးကို ဆိုင်ကယ်ကယ်ရီဖြင့် ခရီးဆက်ရာတွင် လူပြတ်သည့်နေရာများ၌ ရိုက်နှက်လုယက်ခံရခြင်း၊ ဆိုင်ကယ်ကယ်ရီသမားများက ခရီးတစ်ပြလျှင် ကျပ်နှစ်ထောင်မှ သုံးထောင်အထိ တောင်းခံခြင်းများ ကျူးလွန်နေကြခြင်းဖြစ်ကြောင်း မန္တလေးမြို့ခံများက ပြောဆိုသည်။

“ကားက ပုံမှန်ဆိုရင် မနက်သုံးနာရီလောက်ရောက်တယ်။ များသောအားဖြင့် ၂၂ လမ်းပေါ်မှာ ဆင်းကြရတယ်။ ကားက ကားကွင်းထဲကို မဝင်ဘူး။ သူတို့ဂိတ်မှာပဲ ချပေးတာ။ လာကြိုမယ့်သူရှိရင်တော့ အဆင်ပြေတယ်။ မန္တလေးကိုလာတာမဟုတ်ဘဲ တခြားမြို့ကို ဆက်သွားမယ့်သူတွေကတော့ ကယ်ရီနဲ့ပဲသွားကြရတယ်။ အဲ့ဒီမှာ လုယက်မှုတွေ၊ ငွေညှစ်တာတွေဖြစ်လာတယ်။ ကျွန်မတို့ကတော့ အဲ့ဒီအချိန်ဆို ကယ်ရီနဲ့မသွားရဲဘူး။ မိုးလင်းအောင်စောင့် ဒါမှမဟုတ်လည်း လာကြိုခိုင်းရတယ်” ဟု ဗန်းမော်-မန္တလေး ကူးသန်းသွားလာနေသော အဝတ်အထည်ကုန်သည် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

၂၀၁၆ ခုနှစ်အတွင်းကလည်း ခရီးသည် အမျိုးသားတစ်ဦးကို ဆိုင်ကယ်ကယ်ရီသမား အယောင်ဆောင်ထားသည့် လူနှစ်ဦးက ရိုက်နှက်လုယက်ခဲ့ရာ ကျူးလွန်သူများကို နှစ်လခန့်ကြာမှသာ ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

ယခုနှစ်အတွင်း သီရိမန္တလာကားဝင်းအတွင်းသို့ ခရီးသည်များကို ပို့ဆောင်ခြင်းမပြုသည့် ကားဂိတ် ၂၀ ခန့်ကို စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက အရေးယူခဲ့ကြောင်း စည်ပင်သာယာ ရဲတပ်ဖွဲ့၏ စာရင်းများအရ သိရသည်။ ■

M-04

# ပုပ္ပားတောင်ကလပ်တစ်ဝိုက် ဒေသန္တရအမိန့်ဖြင့် အဆောက်အအုံများ ပြုပြင်ဆောက်လုပ်ခွင့် ကန့်သတ်ရန်စီစဉ်

**မန္တလေး၊ အောက်တိုဘာ ၂၄**

ပုပ္ပားတောင်ကလပ်အနီးရှိ မြေပြိုသောနေရာတွင် မြေလွှာရွေ့လျားမှုရှိနေဆဲဖြစ်၍ကန့်သတ်ဇရိယာအတွင်းအဆောက်အအုံများပြုပြင်ခြင်း၊ ထပ်မံဆောက်လုပ်ခြင်းများ မလုပ်ရန် ဒေသန္တရအမိန့်ထုတ်ကန့်သတ်ရန် စီစဉ်နေကြောင်း ပုပ္ပားတောင်ချစ်သူများအသင်းထံမှ သိရသည်။

မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ပုပ္ပားတောင်ကလပ်နှင့် နှစ်ဖာလုံခန့်အကွာရှိ အောင်သိဒ္ဓိကုန်းနေရာတွင် အလျားပေတစ်ရာဝန်းကျင်ခန့်ရှိသော ကားလမ်းမြေလွှာပြိုကျ၊ နိမ့်ဆင်းမှုနှင့် အနီးဝန်းကျင်မှ အဆောက်အအုံများ အက်ကွဲပြိုကျမှုဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ပညာရှင်များ၊ စည်ပင်သာယာရေးနှင့်ပုပ္ပားတောင်ချစ်သူများအသင်းတို့ ပူးပေါင်းစောင့်ကြည့် လေ့လာလျက်ရှိသည်။

“အဲဒီနေရာတွေက ရွေ့လျားမှုတော့ရှိနေတုန်းပဲ။ ဒါပေမဲ့ မိုးကုန်သွားပြီဆိုတော့ ရွေ့လျားမှုနည်းသွားပါပြီ။ ကျွန်တော်တို့ နေ့စဉ်တိုင်းနေပါတယ်။ ဘေးတိုက်ရော အပေါ်အောက်ရောရွေ့သွားတယ်” ဟုပုပ္ပားတောင်ချစ်သူများအသင်း ဒုဥက္ကဋ္ဌ ဦးအောင်ဟိန်းက ပြောကြားသည်။

တောင်ကလပ်တွင် မြေပြိုနေသော ကိစ္စနှင့်ပတ်သက်၍ ဒေသအာဏာပိုင်များက ဆပ်ကော်မတီသုံးရပ် ဖွဲ့စည်းကာ လေ့လာစောင့်ကြည့်ရေး၊ စာရင်းကောက်ယူရေးနှင့် စည်ပင်သာယာရေးကိစ္စများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောဆိုသည်။

အန္တရာယ်ရှိသော နေရာများ စာရင်း ကောက်ယူပြီးပါက တောင်ကလပ်ဧရိယာတစ်ခုလုံးကို သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများပူးပေါင်းကာ ယခုရက်ပိုင်းအတွင်း ဒေသန္တရအမိန့် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါအမိန့်တွင် တားမြစ်ဧရိယာတွင် အဆောက်အအုံများကို ပြုပြင်၊ ဆောက်လုပ်ခြင်းများ ကန့်သတ်မှုများပါဝင်မည်ဖြစ်ကာ ရေလမ်းကြောင်းများ ပြန်လည်ပြုပြင်ရေးနှင့် မြေထိန်းသိမ်းရေးလုပ်ငန်းများကို ပညာရှင်များ၏ အကူအညီဖြင့် ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း ဦးအောင်ဟိန်းက ရှင်းပြသည်။

ပုပ္ပားတောင်ကလပ် မြေပြိုကျလျက်ရှိသောနေရာသို့ အောက်တိုဘာလ ၂၃ ရက်နေ့ ညနေပိုင်းက မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်သော အစိုးရအဖွဲ့တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ အဆောက်အအုံများ ဆောက်လုပ်ခွင့်ကိုတားမြစ်၍ လူနေထိုင်ခွင့်များ ပြန်လည်စိစစ်ရန် ညွှန်ကြားခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်က ပြောကြားသည်။ ■ R-01

# အိမ်ရှေ့မင်းထန်းတော သုတေသနစာတမ်း ယခုလကုန် တိုင်းအစိုးရထံတင်မည်

**မန္တလေး၊ အောက်တိုဘာ ၂၄**

အိမ်ရှေ့စံကနောင်မင်းသားကြီး စိုက်ပျိုးခဲ့ပြီး နှစ်ပေါင်း ၁၅၀ သက်တမ်းရှိ အိမ်ရှေ့မင်းထန်းတောကို အမျိုးသားအဆင့် ကာကွယ်ထိန်းသိမ်းနိုင်မည့် သုတေသနစာတမ်းကို မန္တလေးတိုင်းအစိုးရအဖွဲ့ထံ အောက်တိုဘာလကုန်ပိုင်းတွင် တင်ပြမည်ဖြစ်ကြောင်း မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနထံမှ သိရသည်။

အိမ်ရှေ့မင်းထန်းတောကို အမျိုးသားအဆင့် ထိန်းသိမ်းနိုင်ရန် လွန်ခဲ့သည့် ခြောက်လခန့်ကစ၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အိမ်ရှေ့မင်းထန်းတောသည် ကျောက်စာတိုင်များ စိုက်ထူထားသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ထန်းတောဖြစ်ကြောင်း၊ လက်ရှိတွင် သုတေသနလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုခြင်းလုပ်ငန်း၊ ဒေသခံများနှင့်ပတ်သက်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေမည့်အကြောင်းအရာများသာ ကျန်ရှိတော့ကြောင်း မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာန တွဲဖက်ပါမောက္ခဒေါ်ကလျာလူက ပြောကြားသည်။

အိမ်ရှေ့မင်းထန်းတောတွင် နှစ်ပေါင်း ၁၅၀ ကျော်သက်တမ်းရှိထန်းပင် ၆၀၀၀ ကျော်ရှိကာ ထန်းပင်၏ အမြင့်သည် ပေ ၇၀ ခန့်သာရှိကြောင်း၊ ထန်းသီး၏ အရွယ်အစား၊ သကြားပါဝင်မှု၊ နူးညံ့မှု စသည့် အရည်အသွေးများသည် မြန်မာနိုင်ငံတွင် အကောင်းဆုံးဖြစ်ကြောင်း၊ ထန်းတော၏ ဧက ၄၀ ခန့်ကို အမျိုးသားအဆင့် ထိန်းသိမ်းရန်စီစဉ်ထားကြောင်း သုတေသနရလဒ်များအရ သိရသည်။

ကနောင်မင်းသားကြီး စိုက်ပျိုးခဲ့သည့် အိမ်ရှေ့မင်းထန်းတောသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အင်္ကျယ်ကျေးရွာအုပ်စုတွင် တည်ရှိသည်။

■

M-05


ဓာတ်ပုံ-Soe Ko

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် တည်းခိုနေထိုင်နိုင်မည့် ရွက်ဖျင်တဲတစ်လုံးကို တွေ့ရစဉ်

# တောင်ကြီးတန်ဆောင်တိုင်တွင် တည်းခိုနိုင်မည့် ရွက်ဖျင်တဲ ကျပ်နှစ်သိန်းခွဲအထိဈေးပေါက်

**မန္တလေး၊ အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံတွင် လူသိများထင်ရှားသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်ကြသော ပြည်တွင်း ပြည်ပဧည့်သည်များ ပွဲတော်ရက်အတွင်း တည်းခိုနိုင်မည့် ရွက်ဖျင်တဲ (Camping Tent) များငှားရမ်းပေးမည်ဖြစ်ရာ တည်းခိုခအနေနှင့် ကျပ်နှစ်သိန်းခွဲအထိ ပေါက်ဈေးရှိကြောင်း Sweet Seasons Camping Ground Taunggyi အစီအစဉ် တာဝန်ရှိသူ ဦးစည်သူက ပြောကြားသည်။

"ဒီကိုလာတဲ့ဧည့်သည်တွေအနေနဲ့ ပွဲတော်နဲ့နီးနီးနားနားမှာ တည်းခိုနိုင်အောင် စီစဉ်ထားတာ။ Camping Tent ၂၆ လုံးရှိတယ်။ အဖွဲ့လိုက် တည်းခိုနိုင်တယ်" ဟု ၎င်းကပြောဆိုသည်။

ယင်းရွက်ဖျင်တဲတစ်လုံးလျှင် လူခြောက်ဦးမှ ရှစ်ဦးအထိ တည်းခိုနိုင်မည်ဖြစ်ကာ နံနက်စာ ဘူဖေးအစီအစဉ်ထည့်သွင်းထားကြောင်း၊ အမျိုးသား၊ အမျိုးသမီး သီးသန့်ရေချိုးခန်း၊ အိမ်သာ၊ ရေပူရေအေးစနစ်၊ အဝတ်လဲခန်းတို့ပါဝင်ကာ မီးပုံးပျံပြိုင်ပွဲကျင်းပရာနေရာနှင့် တစ်မိုင်အကွာတွင် ရှိသည်ဟု ၎င်းကရှင်းပြသည်။

လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် စီးပွားရေးအခြေအနေများအရ ယခုနှစ်ပွဲတော်သို့ ဧည့်ဝင်ရောက်မှုနည်းနိုင်သော်လည်း ရိုးရာပွဲတော်များအနက် အထင်ကရပွဲတော်တစ်ခုဖြစ်၍ စည်ကားမှုလျော့သွားမည်မဟုတ်ကြောင်း တောင်ကြီးမြို့ခံ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောဆိုသည်။

ယင်းရွက်ဖျင်တဲတွင်တည်းခိုလိုသူများအတွက် အောက်တိုဘာလ ၂၆၊ ၂၇ နှင့် ၂၈ ရက်နေ့တို့အတွက် ကျပ် ၈၀,၀၀၀၊ အောက်တိုဘာလ ၂၉၊ ၃၀ နှင့် ၃၁ ရက်နေ့တို့အတွက် ၁၂၀,၀၀၀ ကျပ်၊ နိုဝင်ဘာလ ၁ ရက်နေ့အတွက် ကျပ်နှစ်သိန်း၊ နိုဝင်ဘာလ ၂ ရက်နှင့် ၃ ရက်နေ့အတွက် ကျပ် ၂၅၀,၀၀၀၊ နိုဝင်ဘာလ ၄ ရက် (ဆုပေးပွဲနေ့) အတွက် ကျပ်တစ်သိန်းဟု Sweet Seasons Camping Ground Taunggyi က သတ်မှတ်ထားသည်။

ယင်းရွက်ဖျက်တဲများကို မီးပုံးပျံပြပွဲပြိုင်ပွဲကျင်းပရာ အဝေးရာကွင်းနှင့် တစ်မိုင်ခန့်အကွာ တောင်ကြီးမြို့ ကံကြီးရပ်ကွက်တွင် ဖွင့်လှစ်ထားကြောင်း ဒေသခံများထံမှ သိရသည်။

ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာလ ၂၆ ရက်နေ့မှ နိုဝင်ဘာလ ၄ ရက်နေ့အထိကျင်းပမည်ဖြစ်ရာ ညမီးကျည်းမီးပုံးပျံ ၈၈ လုံး၊ စိန်နားပန်မီးပုံးပျံ ၃၉ လုံး၊ ခြေနှစ်ချောင်းအရုပ်ပါမီးပုံးပျံ ၁၄၄ လုံး၊ ခြေလေးချောင်းအရုပ်ပါမီးပုံးပျံ ၇၂ လုံး၊ အရုပ်မျိုးစုံ (အုပ်စု) ၅၀ လုံး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုပေးပွဲကို နိုဝင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီက ထုတ်ပြန်ထားသည်။ ■ M-01

# ဆရာများကို ကျောင်းဝတ်စုံ အဖြူ အစိမ်းတစ်စုံစီ ပေးမည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

အခြေခံပညာအဆင့် ဆရာ၊ ဆရာမအားလုံးကို ကျောင်းဝတ်စုံ အဖြူ အစိမ်း (အင်္ကျီ၊ လုံချည်၊ ပုဆိုး) တစ်စုံစီ အခမဲ့ပေးမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးက ပြောကြားသည်။

ပုဆိုး၊ လုံချည်ကို ကနဦး ထောက်ပံ့ပေးမည်ဖြစ်သည်။ အောက်တိုဘာလ ၂၄ ရက်အထိ အခြေအနေအရ ကရင်နှင့် ကယားဒေသသို့ လုံချည်၊ ပုဆိုးများ ပေးပို့ထားပြီး ရခိုင်ပြည်နယ်ကိုမူ ပို့နေဆဲလမ်းကြောင်း၌သာ ရှိနေသေးသည်။ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များကို ဆက်လက်ပေးပို့မည်ဖြစ်သည်။

ပုဆိုး၊ လုံချည် တစ်ထည်ကို ငွေကျပ်ငါးထောင်နှုန်းဖြင့် တန်ဖိုးဖြတ်ကာ စက်မှုဝန်ကြီးဌာနမှ မှာယူချုပ်လုပ်ခြင်းဖြစ်သည်။ အင်္ကျီကိုမူ မည်သည့်ပုံစံ ထောက်ပံ့ပေးလျှင် ဆရာ၊ ဆရာမအားလုံးအတွက် အဆင်ပြေမည်ကို ညှိနှိုင်းရဦးမည်ဖြစ်သည်။

"ဆရာတို့ ကျောင်းဆရာ၊ ဆရာမတွေအတွက် ဝတ်စုံထောက်ပံ့ပေးတာပါ။ ဒီရည်ရွယ်ချက်လည်း ရှိထားပါတယ်။ နိုင်ငံတော်က ဘတ်ဂျက်ရှိတော့ ထောက်ပံ့လို့ရသွားတာပေါ့" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးက ပြောကြားသည်။

တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး ခုနစ်ခုနှင့် နေပြည်တော်ကောင်စီ နယ်မြေတွင် အခြေခံဆရာ၊ ဆရာမ ၂၈၀,၀၀၀ ကျော်ရှိပြီး ပြည်နယ် ခုနစ်ခုတွင် ဆရာ၊ ဆရာမ ၁၁၈,၀၀၀ ခန့်ရှိသည်။ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက် ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ဆရာ၊ ဆရာမ ၁၀၀ ကျော်ကိုလည်း ဝတ်စုံတစ်စုံစီ အခမဲ့ပေးမည်ဖြစ်သည်။

ဆရာ၊ ဆရာမများ စာရင်းအရ အစိုးရပေးသည့် ကျောင်းဝတ်စုံဖိုး တစ်သောင်းနှုန်းနှင့် တွက်ချက်လျှင် ကျပ် ၃ ဒသမ ၉၈ ဘီလီယံကျော် ကုန်ကျမည်ဖြစ်သည်။ ပုဆိုး၊ လုံချည်အတွက် ငွေငါးထောင်နှုန်းဖြင့် တွက်ချက်လျှင် ကျပ် ၁ ဒသမ ၉၉ ဘီလီယံကျော် ကုန်ကျမည်ဖြစ်သည်။

ကရင်ပြည်နယ်၊ ဘားအံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဆရာမဒေါ်ခင်ထားရီက "အခုပဲ ပစ္စည်းတွေ ရောက်လို့ချပြီးတာပါရှင့်။ ပြည်နယ်ရုံးမှာပဲ ရှိပါသေးတယ်။ အခုပါတာတော့ မ ဝတ် ထဘီပဲ ပါသေးတယ်ရှင့်။ ကျားဝတ် ပုဆိုး မပါသေးဘူး။ ကျားဝတ်ပုဆိုး ဘယ်တော့ရောက်မယ် ကျွန်မ မပြောတတ်ဘူးရှင့်" ဟု အောက်တိုဘာလ ၂၄ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ပြောကြားသည်။

မကွေးတိုင်း ရေစကြိုမြို့နယ် အတွင်းမှ ကျောင်းအုပ်ဆရာတစ်ဦးက အခမဲ့ထောက်ပံ့ပါက ကောင်းမွန်ပြီး ဆရာများအတွက် ဝတ်စုံပုံစံ တစ်ပြေးညီရှိကြောင်း ပြောကြားသည်။ သို့သော် ယခုဘတ်ဂျက်သည် ပညာရေးအတွက် အခြားအသုံးစရိတ်မှ သုံးစွဲသည်ဆိုလျှင် အရေးကြီးသည့် သင်ထောက်ကူနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းကို ပိုဦးစားပေးစေလိုကြောင်း ပြောကြားသည်။

ရေစကြိုမြို့နယ်အတွင်းမှ မူလတန်းပြ ဆရာမတစ်ဦးက "သူတို့ (ဝန်ကြီးဌာန) ပေးတာ ဆရာ၊ ဆရာမတွေ မကြိုက်ရင် ဘယ်လိုလုပ်မယ်။ တချို့ လုံချည်၊ အင်္ကျီတွေ ပေါနေတဲ့သူကျ အပိုဖြစ်နေမယ်။ ပိုက်ဆံပေးလိုက်တာ ကောင်းမယ်ထင်တယ်။ မပြေလည်တဲ့ ဆရာ၊ ဆရာမတွေအတွက် နည်းနည်းဖြစ်ဖြစ် အထောက်အကူရတာပေါ့" ဟု မှတ်ချက်ပြုသည်။

ပညာရေးဝန်ကြီးဌာနအနေနှင့် သင်ကြားရေး ဆရာများသည် ဆရာဖြစ်ပါက ပုဆိုး၊ အင်္ကျီ ဖြောင့်ကိုသာ ဝတ်ဆင်ရန်၊ ဆရာမဖြစ်ပါက ချိတ်လုံချည်နှင့် အပွင့်အခက်ပါသည့် အဖြူအင်္ကျီများ မဝတ်ဆင်ရန်၊ အဖြူစဖြောင့်ကိုသာ ရင်ဖုံးလက်ရှည်၊ လက်စကဝတ်ရန် သတ်မှတ်ကြောင်း အခြေခံပညာဆရာများထံမှ သိရှိရသည်။

ယခုနှစ် ဩဂုတ်လအတွင်းက ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်အမတ် ဒေါက်တာမောင်သင်းက ကျောင်းဝတ်စုံထောက်ပံ့ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းခဲ့ပြီး ပညာရေးဒုဝန်ကြီး ဦးဝင်းမော်ထွန်းက ယင်းကိစ္စ တင်ပြထားကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ ■

J-02

# ရောဝတီနှင့်ဒုဋ္ဌဝတီမြစ်တို့ရှိ ကမ်းပါး ၁၈ နေရာကို ကမ်းပြိုကာကွယ်ရေးလုပ်မည်

**မန္တလေး၊ အောက်တိုဘာ ၂၄**

ဧရာဝတီနှင့်ဒုဋ္ဌဝတီမြစ်ကြောင်း တစ်လျှောက် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုခဲ့သည့် ကျေးရွာများမှ ကမ်းပါး ၁၈ ခုကို ဒီဇင်ဘာလအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မန္တလေးတိုင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတိုးအောင်လင်းက ပြောကြားသည်။

"ဧရာဝတီလို မြစ်ကြီးတွေမှာ ရေကြောင်းပြောင်းလဲမှုတွေ အများကြီးရှိတယ်။ ရေလမ်းကြောင်းပြောင်းပြီး ရေဦးထိုးတော့ ကမ်းပြိုတာတွေဖြစ်တယ်။ ရေကြောင်းပြောင်းလို့ကမ်းပြိုတာ။ ကိုယ်ထားချင်တဲ့ ရေကြောင်းဖြစ်အောင် နှစ်စဉ်ထိန်းသိမ်းဖို့ဆိုရင် မြစ်ကြောင်း တစ်လျှောက်လုံး လုပ်သင့်တဲ့အနေအထားပါ။ ပြည်နယ်/တိုင်းအလိုက်တော့ လုပ်နေကြတယ်" ဟု ၎င်းကပြောဆိုသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအနက် တိုက်ရိုက်ကာကွယ်ခြင်းနှင့် သွယ်ဝိုက်ကာကွယ်ခြင်းဟူ၍ရှိရာ ယင်းလုပ်ငန်းများအတွက် ဒီဇိုင်းရေးဆွဲ ကာပုဂ္ဂလိကကုမ္ပဏီများနှင့် ရေအရင်းအမြစ်ဌာနတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ နိုဝင်ဘာလဆန်းပိုင်းတွင် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ယင်းကမ်းပါး ၁၈ ခုအနက်မှ ၁၂ ခုကို ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လုပ်ဆောင်မည်ဖြစ်ပြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေး လုပ်ဆောင်ရမည့် ကမ်းပါးခြောက်ခုရှိကြောင်း ရေအရင်းအမြစ်၏ စာရင်းများအရသိရသည်။ ■

M-04

သတင်းကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၁

# ATM စက်အတွင်း ကတ်ထိုးရန်မလိုသည့် ဆင်ဆာဖတ်စနစ် မိတ်ဆက်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

အမေရိကန်ပြည်ထောင်စု အခြေစိုက် နည်းပညာကုမ္ပဏီ NCR ၏ ATM စက်များကို ကိုယ်စားလှယ်ယူရောင်းချနေသော Trust Link ကုမ္ပဏီက ATM (ငွေထုတ်စက်) အတွင်း ကတ်ထိုးထည့်ရန်မလိုသည့် ဆင်ဆာဖတ်စနစ်ဖြင့် ငွေထုတ်ယူနိုင်သော နည်းပညာကို အောက်တိုဘာလ ၂၄ ရက်နေ့၌ စတင်မိတ်ဆက်သည်။

ယင်းစနစ်ကို အသုံးပြုနိုင်ရန် ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့က ATM စက်အလုံးရေ နှစ်ထောင်ကျော်ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း Trust Link ကုမ္ပဏီ ဒါရိုက်တာ ဦးစန်းယုလှိုင်က ပြောကြားသည်။

ထို့ကြောင့် ၂၀၁၈ ခုနှစ် နှစ်စပိုင်းတွင် ဆင်ဆာစနစ်ဖြင့် စတင်၍ ငွေထုတ်ယူနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"အခုဆို လကုန်ရက်တွေမှာ ကမ္ဘောဇကတ်က ရောဝတီဘဏ်စက်မှာ ငွေထုတ်ရင် လိုင်းကျသွားတဲ့အခါ ကတ်ညပ်သွားပြီး ပြန်ထွက်မလာတော့ဘူး။ ဒါမျိုးဆိုရင် ဘဏ်မတူတဲ့အတွက် ကတ်ပြန်ရဖို့ နှစ်ပတ်စောင့်နေရတယ်။ အခုစနစ်က ကတ်ထိုးဖို့မလိုဘူး။ ဆင်ဆာပြပြီး ကိုယ်လိုချင်တဲ့ငွေကိုထုတ်နိုင်တဲ့အတွက် ကတ်ညပ်တဲ့ပြဿနာကို ဖြေရှင်းနိုင်မယ်" ဟု ၎င်းကရှင်းပြသည်။

အဆိုပါနည်းပညာအသစ်ဖြင့် ထုတ်လုပ်ထားသည့် ATM စက်များကို စောင့်ကြည့်နိုင်ရန်အတွက် ထိန်းချုပ်ရေးစင်တာတစ်ခုကို တည်ဆောက်မည်ဖြစ်ပြီး စက်များချို့ယွင်းပါက ချက်ချင်းသွားရောက်ပြုပြင်နိုင်မည့် ဝန်ဆောင်မှုမျိုးထားရှိပေးထားကြောင်း၊ ATM စက်များ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာတစ်သောင်းနှင့် နှစ်သောင်းကြားတွင်ရှိကြောင်း Trust Link ကုမ္ပဏီထံမှ သိရသည်။

"ကတ်တွေနဲ့ပတ်သက်လို့ဝန်ဆောင်မှုတွေကောင်းအောင် ဘဏ်မတူတဲ့ ကတ်အမျိုးအစားနှစ်ခုက တစ်ခုနဲ့တစ်ခု ကတ်ကနေ ငွေလွှဲလို့ရအောင် ဒီစက်တွေမှာ ပါပြီးသားပါ။ ဒါပေမဲ့ ဒီနည်းပညာတွေနဲ့ပတ်သက်လို့ ဗဟိုဘဏ်က ဘယ်လောက်အထိ ဖြေလျှော့ပေးမလဲဆိုတာ မူတည်တယ်" ဟု ဦးစန်းယုလှိုင်က ပြောဆိုသည်။

အမေရိကအခြေစိုက်နည်းပညာကုမ္ပဏီ NCR သည် လွန်ခဲ့သည့်ငါးနှစ်ခန့်မှစ၍ ပြည်တွင်းသို့ဝင်ရောက်ရင်းနှီးမြှုပ်နှံခဲ့ပြီး ပြည်တွင်းရှိ ဘဏ်ခြောက်ဘဏ်သို့ ATM စက်အလုံးရေ ၁၂၀၀ ကျော်ရောင်းချခဲ့ပြီးဖြစ်ကြောင်း၊ ပြည်တွင်းဘဏ်များ၏ နည်းပညာပိုင်း မြှင့်တင်မှုကိုလည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း NCR ၏ ဒုတိယဥက္ကဋ္ဌ Mr. Jose Resendiz က ပြောကြားသည်။

■ J-13

## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ အရေပြားအနာတွေ ဖိစီးနေတဲ့ ကလေးငယ်လေးကို ကုသိုလ်ပြုနိုင်ဖို့ပါ။ အရေပြားအနာတွေ တစ်ကိုယ်လုံးမှာဖြစ်နေပြီး နာကျင်တဲ့ဝေဒနာကို ခံစားနေရတယ်လို့သိရပြီး သွေးလည်းအမြဲသွင်းနေရတယ်လို့ သိရပါတယ်။ မိဘတွေကနွမ်းပါးတာမို့ ရေရှည် ဆေးဆက်လက်ကုသဖို့ ခက်ခဲနေတယ်လို့ သိရပြီး အသေးစိတ်သိလိုတယ်၊ ဆက်သွယ်စုံစမ်းလိုတယ်ဆိုရင် One To One ပြည်သူ့ကူညီရေးအဖွဲ့ ကိုဝမ်း ဖုန်း ၀၉ ၄၅၆၅၆၇၈၇၈ ကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■





## ဈေးဝယ်လမ်းညွှန်

### ဆိုင်သွားစရာမလို အိမ်မှာပဲ အလွယ်တကူ အသုံးပြုနိုင်မယ့် Sugar Wax

ဆိုင်တွေမှာ တကူးတကသွားပြီး Wax မလုပ်လိုသူတွေအတွက် Sugar Wax ကို ညွှန်ပေးချင်ပါတယ်။ ဓာတုပစ္စည်းမပါဝင်ဘဲ သဘာဝပစ္စည်းတွေနဲ့ပဲ ထုတ်လုပ်ထားတယ်လို့ ရောင်းချသူက အာမခံထားတဲ့ Wax ဖြစ်ပြီး ခန္ဓာကိုယ်အနံ့က မလိုလားအပ်တဲ့အမွေးတွေကို ဖယ်ရှားနိုင်မှာပါ။ Wax ဘူးစဖွင့်တဲ့နေ့ကနေစပြီး ၅ နှစ် အထိ အသုံးပြုနိုင်မှာဖြစ်ပြီး Wax Sheets တွေကို အသုံးပြုပြီးရင် လျှော်ပြီး ပြန်သုံးနိုင်မယ်လို့လည်း ဆိုထားပါတယ်။ ဈေးနှုန်းက ၂၂၀ ဂရမ်ကို ၁၈၅၀၀ ကျပ်ဖြစ်ပြီး ၈၀ ဂရမ်ကို ၁၃၅၀၀ ကျပ်ကျသင့်မှာပါ။ ToToRo Cosmetics Shop အမှတ် ၁၁၊ မြေညီထပ်၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ဖုန်း ၀၉ ၄၅၅၂၈၅၄၀၄ ကို ဆက်သွယ်စုံစမ်းမှာနိုင်ပါတယ်။ ■



The Voice Daily

လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊ မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

လူဆိုသည်မှာ တိရစ္ဆာန်နှင့်မတူသော သတ္တဝါတစ်မျိုးပင်ဖြစ်ပါသည်။ လူသည် တိရစ္ဆာန်ထက်စာလျှင် အသိဉာဏ်ရှိသည်။ အသိတရားရှိသည်။ အမှားနှင့်အမှန်ကို ခွဲခြားတတ်သည်။ အမှားကို မလုပ်သင့်၍ အမှန်ကိုလုပ်သင့်မှန်း သိသည်။

ကမ္ဘာဦးအစတွင် လူတို့သည် တိရစ္ဆာန်နှင့်မခြား ကြီးနိုင်ငယ်ညှဉ်းကြသည်။ တိရစ္ဆာန်များတွင် ဦးချိုရှိသည့်သတ္တဝါက ဦးချိုမရှိသည့်သတ္တဝါကိုနိုင်သည်။ အစွယ်ရှိသည့်သတ္တဝါက အစွယ်မရှိသည့်သတ္တဝါကို နိုင်သည်။ အဆိပ်ရှိသည့်သတ္တဝါက အဆိပ်မရှိသည့်သတ္တဝါကို နိုင်သည်။ လူသတ္တဝါတို့သည်လည်း အင်အားကြီးသူက အင်အားနည်းသူကိုနိုင်သည်။ ထိုအခါ အင်အားနည်းသူသည် အင်အားကြီးသူကိုယှဉ်ပြိုင်၍ အနိုင်တိုက်ခိုက်ရန်နှင့် တိရစ္ဆာန်များကိုသတ်ဖြတ် စားသောက်ကြရန်အတွက် လက်နက်ကိရိယာတို့ကို တီထွင်လာကြသည်။ ရှေးက လက်နက်များတီထွင်ကြသည်ဆိုရာ၌ တုတ်၊ ဓား၊ လှံ စသည့်လက်နက်များသာဖြစ်ကြသည်။ ကျောက်ခေတ်တွင် ကျောက်လက်နက်များ၊ ကြေးခေတ်တွင် ကြေးလက်နက်များနှင့် သံခေတ်တွင် သံလက်နက်များကို တီထွင်ခဲ့ကြသည်။ ထိုမှတစ်ဆင့်တက်၍ အသိဉာဏ်ရင့်ကျက်လာကြသည်နှင့်အမျှ ခလုတ်နှိပ်လျှင် ကျည်ဆန်ထွက်သောသေနတ်နှင့် ယမ်းကိုအသုံးပြု၍ ပေါက်ကွဲစေတတ်သော လက်နက်ခဲယမ်း စသည်တို့ကို အဆင့်ဆင့်တိုးတက်တီထွင်ခဲ့ကြသည်။

ထို့ကြောင့်လည်း အုပ်ချုပ်သူလူတန်းစား၊ မင်းအစိုးရတို့သည် တိုင်းသူပြည်သားလူအများတို့ လက်နက်ကိုင်ဆောင်ခြင်းနှင့်ပတ်သက်၍ ကန့်သတ်လာကြသည်၊ ချုပ်ချယ်လာကြသည်။ လက်နက်ကိုင်ဆောင်မှုကို စည်းနှင့်ကမ်းနှင့် ကိုင်ဆောင်အသုံးပြုကြစေရန်အတွက် ကန့်သတ်ချက်များဖြင့် တရားဝင်ကိုင်ဆောင်စေပြီး တရားဝင်ခွင့်ပြုချက်မရှိဘဲ ကိုင်ဆောင်ပါက အရေးယူဆောင်ရွက်မှုများ ပြုလာကြသည်။ မြန်မာနိုင်ငံတွင် ရှေးဘုရင်များခေတ်က လက်နက်ကိုင်ဆောင်ခြင်းနှင့်ပတ်သက်၍ မည်သို့သောစည်းကမ်းသတ်မှတ်ချက်များ၊ ကန့်သတ်ချက်များ ချမှတ်ခဲ့သည်ကို လက်လှမ်းမမီသဖြင့် မသိရှိသော်လည်း မြန်မာနိုင်ငံကိုနယ်ချဲ့၍ ကျူးကျော်အုပ်ချုပ်ခဲ့သော အင်္ဂလိပ်တို့သည်ကား အောက်မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက် အိန္ဒိယနိုင်ငံနှင့် အတူယှဉ်တွဲအုပ်ချုပ်စဉ် ၁၇၇၈ ခုနှစ်ကပင် လက်နက်ဥပဒေကို ပြဋ္ဌာန်းခဲ့ကြသည်။

အောက်တိုဘာလ ၁၅ ရက်နေ့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့်တကွ နေပြည်တော်ရှိ ACE ဟိုတယ်၊ ရန်ကုန်ရှိ ACE ကုမ္ပဏီရုံးခန်းများတွင် လက်နက်များမိသည့်သတင်းကို ဖတ်ရှုလိုက်ရသည့်အပြင် လူမှုကွန်ရက်တွင် အပြန်အလှန်ရေးသားပြောဆိုမှုများကိုပါ ဖတ်ရှုရသည့်အတွက် အထူးပင်စိတ်ဝင်စားပြီး မြန်မာနိုင်ငံတွင် လက်နက်များကိုင်ဆောင်အသုံးပြုခြင်းနှင့် ပတ်သက်၍ မည်သည့်ဥပဒေများ ပြဋ္ဌာန်းထားသည်၊ မိမိကိုယ်ကိုယ်ကာကွယ်ရန်အတွက်(လိုင်စင်မရှိဘဲ) တရားဝင်ကိုင်ဆောင်ခွင့်ရှိ မရှိနှင့် အော်တိုမက်တစ်မောင်းပြန်သေနတ်အများအပြားဖမ်းဆီးရမိပါက မည်ကဲ့သို့ အရေးယူခံရနိုင်သည်တို့ကို လေ့လာမိပါသည်။

၁၇၇၈ ခုနှစ်(အိန္ဒိယဥပဒေ အမှတ်-၁၁)တွင် ပြဋ္ဌာန်းခဲ့သည့် မူရင်းဥပဒေတွင် ပြဋ္ဌာန်းချက်အရ လက်နက်ဆိုသည်မှာ (အများနားလည်အောင်ပြောရမည်ဆိုလျှင်) လူကိုအနာတရဖြစ်စေရန် ထိုး၊ ခုတ်၊ ရိုက်၊ ပစ် စသည်ပြုလုပ်နိုင်သော ဓား၊ လှံ၊ လေး၊ မြားမှသည် ကျည်ဆန်ထည့်၍ တစ်ချက်ချင်းဖြစ်စေ၊ အချက်များစွာတစ်ပြိုင်နက်ဖြစ်စေ ပစ်ခတ်နိုင်သည့် ပြောင်းတို/ပြောင်းရှည်/မောင်းပြန်သေနတ်များ၊ လက်ပစ်ဗုံးများ၊ ပေါက်ကွဲစေတတ်သောပစ္စည်းများမှသည် အမြောက်(ဒိုးကျည်)အထိ (ဆက်စပ်ပစ္စည်းအပါအဝင်)အားလုံးအကျုံးဝင်ပါသည်။

မည်သူမဆို အဆိုပါပစ္စည်းများကို (ခွင့်ပြုချက်လိုင်စင်မရှိဘဲ) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ မိမိ၏စီမံမှုအောက်တွင်ထားရှိခြင်း၊ စွဲကိုင်သွားလာခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် အစိုးရကဆင့်ခေါ်သည့်အခါ မိမိလက်ဝယ်ရှိ လက်နက်ပစ္စည်းတို့ကို သက်ဆိုင်ရာသို့ပြသရန်။ အပ်နှံရန် ပျက်ကွက်ခြင်း စသည်တို့အတွက် ထောင်ဒဏ်သုံးနှစ်အထိ။ ငွေဒဏ်ပြစ်ဒဏ်ချမှတ်ရမည်ဟု မူရင်းဥပဒေ ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားပါသည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်က ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင်လည်း ၁၉၅၁ ခုနှစ် လက်နက်များ (ယာယီ)ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၁၉(က)တွင် ‘အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ်ထက်မနည်း၊ ခုနစ်နှစ်ထက်မပိုသောထောင်ဒဏ်’ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ဟု ဖော်ပြပါရှိပါသည်။




၁၉၄၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲဖြင့် ‘လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေ’ ကို ဥပဒေအမှတ် ၃၁ အဖြစ်ပြဋ္ဌာန်းခဲ့သော်လည်း ‘၁၉၅၁ ခုနှစ်၊ လက်နက်(ယာယီ)ပြင်ဆင်ချက်အက်ဥပဒေ’ ဥပဒေအမှတ် ၅၁ ကိုထပ်မံပြဋ္ဌာန်းကာ ၁၉၄၉ ယာယီအက်ဥပဒေကို ပယ်ဖျက်ခဲ့ပါသည်။ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော (ယာယီပြင်ဆင်ချက်)ဥပဒေမှာ မြန်မာဥပဒေ (The Burma Code) အတွဲ(၂)၊ စာမျက်နှာ ၁၉၈ ၌ ပါဝင်ပြီး ယနေ့တိုင် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုသည်ဟု မကြားဖူးသေးဘဲ လွတ်လပ်ရေးရရှိပြီး ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မဆလခေတ်၊ နဝတခေတ်၊ နယက/နအဖ ခေတ်မှသည် ယနေ့ထိတိုင် အသုံးပြုနေသော တည်ဆဲဥပဒေတစ်ရပ်ဖြစ်ပါသည်။ (၁၈.၁၀.၂၀၁၇ ရက်နေ့က ထုတ်ပြန်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် အဆိုပါအက်ဥပဒေကိုလည်း ရည်ညွှန်းထားပါသည်)။

အထက်ဖော်ပြပါ ၁၉၅၁ ခုနှစ်၊ လက်နက်(ယာယီ)ပြင်ဆင်ချက်အက်ဥပဒေကိုပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ ‘မြန်မာပြည်တွင် လက်နက်ကိုင်သောင်းကျန်းမှုများရှိနေသဖြင့် ၁၇၇၈ ခုနှစ် လက်နက်အက်ဥပဒေ ပုဒ်မ ၁၉(င)နှင့်(စ)အရ ပြစ်ဒဏ်ချမှတ်လျှင် လုံလောက်မှုမရှိ၍ ထို့ထက်ကြီးလေးသည့် ပြစ်ဒဏ်ချမှတ်နိုင်ရန် ရယ်ရွယ်၍ ဤယာယီအက်ဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်သည်ဟူ၍ ဆိုပါသည်။ ယင်းဥပဒေတွင် မူလဥပဒေ ပုဒ်မ ၁၉(က)ကို ထပ်မံဖြည့်စွက်၍ အကျုံးဝင်သောလက်နက်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်...

(က) ရိုင်ဖယ်၊ အပေါ့စား အလိုအလျောက်ကျည်ထွက်လက်နက် (Light Automatic) စတင်း၊ ဘရင်း၊ တော်မီ၊ ဘရောင်းနင်းနှင့် အမေရိကန်ကာဘိုင်သေနတ်များ၊

(ခ) အပေါ့စားစက်သေနတ် သို့မဟုတ် ၎င်း၏ခဲယမ်းမီးကျောက်များ(Light Machine Gun or Ammunition thereof)၊

(ဂ) မော်တာ သို့မဟုတ် ၎င်း၏ ခဲယမ်းမီးကျောက်များ၊

(ဃ) အကြီးစားစက်သေနတ်များဖြစ်သည့် ဘရောင်းနင်းစက်သေနတ် (Browning Machine Gun)၊ ဘီကာစက်သေနတ် (Vickers Machine Gun)၊ ဂျပန်စက်သေနတ် (Japanese Heavy Machine Gun)၊ မြေပြင်ပစ်အမြောက်၊ (တင့်ကားပစ်လက်နက် (Anti-Tank Weapon)၊ အပေါ့စားလေယာဉ်ပစ်အမြောက် (Light Anti Aircraft Gun)၊ လေယာဉ်ပစ်အမြောက် သို့မဟုတ် ၎င်း၏ခဲယမ်းမီးကျောက်များ (Aircraft Cannon or ammunition thereof) စသည်တို့နှင့် စစ်မြေပြင်သုံး အမြောက်အမျိုးမျိုး။

(င) စနက်တံပါသော လက်ပစ်ဗုံး (Live Hand Grenade)၊

(စ) စနက်တံပါသော ရိုင်ဖယ်လက်ပစ်ဗုံး(Live Rifle Grenade)၊

(ဆ) စနက်တံပါသော မော်တာပစ်ဗုံး(Live Motor Bomb)၊

(ဇ) ဖောက်ခွဲယမ်းဗုံးများ (Demolition Explosives) သို့မဟုတ် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာထားသည့် အခြားလက်နက်ခဲယမ်းများ စသည်တို့ဖြစ်ကြပါသည်။

တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆန့်ကျင် ပါရှိစေကာမူ ဤပုဒ်မတွင် သတ်မှတ်ထားသည့် လက်နက်ခဲယမ်း မီးကျောက် စစ်ပစ္စည်းများကိုဆွဲကိုင်သွားခြင်းကိုတွေ့ရလျှင်ဖြစ်စေ၊ မိမိလက်ရှိသို့မဟုတ် မိမိ၏ကြီးကြပ်အုပ်ချုပ်မှုအောက်တွင် ထားရှိခြင်းကိုတွေ့ရလျှင်ဖြစ်စေ၊ ဤပုဒ်မအရ တရားစွဲခံရသူက ၎င်းမှာ နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်ရန်အကြံမရှိပါဟု ထင်ရှားအောင် မပြနိုင်ပါက ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်ရန်အကြံရှိသည်ဟု မှတ်ယူရမည် ဟူ၍ ပြဋ္ဌာန်းထားပါသည်။ (မူရင်း... Provided that, notwithstanding anything to the contrary contained in any other law or for the time being in force, it shall be presumed, until the contrary is proved, in a prosecution under this section, that the person found going armed with; or in possession of, or having under his control any of the arms, ammunition or military stores specified herein, had the intention of committing of High Treason.)။

ထို့ကြောင့် အောက်တိုဘာလ ၁၅ ရက်နေ့နှင့်နောက်ပိုင်းတွင် နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ သိမ်းဆည်းရမိသည့် လက်နက်နှင့်ခဲယမ်းမီးကျောက်များသည် အထက်ဖော်ပြပါပြဋ္ဌာန်းချက်ပါ ပစ္စည်းအမျိုးအမည်/အမျိုးအစား စာရင်း၌ ပါ/မပါဆိုခြင်းမှာ သက်ဆိုင်ရာရှာဖွေသိမ်းဆည်းသည့် အဖွဲ့အစည်းများအပေါ်၌သာ တည်မှီနေပါသည်။

မြန်မာနိုင်ငံတွင် ယနေ့တိုင်တည်ဆဲဖြစ်ပြီး အဓိကထားအသုံးပြုနေရသည့် ရာဇသတ်ကြီးဥပဒေ(၁၈၆၁) တွင် ရာဇဝတ်မှုများကိုပြစ်ဒဏ်သတ်မှတ်ရာ၌ ကျူးလွန်သူ၏ရည်ရွယ်ချက်ကို ထည့်သွင်းစဉ်းစားလေ့ရှိကြောင်း တွေ့ရှိရပါသည်။ ဥပမာ- ခိုးမှု(ပုဒ်မ-၃၇၈)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ‘မရိုးမဖြောင့်သောသဘော’ ပါရှိမှသာ ပြစ်မှုမြောက်သလို၊ လူသတ်မှု(ပုဒ်မ-၃၀၀)တွင်လည်း ‘သေစေရန်အကြံဖြင့်ဖြစ်စေ၊ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကိုဖြစ်စေရန်အကြံဖြင့်ဖြစ်စေ’ ဟူ၍ဖော်ပြထားသည်ဖြစ်ရာ ရာဇဝတ်မှုတစ်ခုကိုကျူးလွန်သည့်အတွက် အပြစ်ပေးရာတွင်/ပြစ်ဒဏ်ချမှတ်ရာတွင် ကျူးလွန်သူ၏/ကျူးလွန်ရန်ကြံစည်သူ၏ ရည်ရွယ်ချက်(ဝါ)ကြိုတင်ကြံစည်ချက်ကို အဓိကထားသည်မှာ ထင်ရှားပါသည်။

ပြီးခဲ့သည့်ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများက ‘ မိမိကိုယ်ကို ကာကွယ်ရန်ဟူ၍လည်းကောင်း’၊ ‘လုံခြုံရေးကုမ္ပဏီဖွဲ့စည်းရန်’ ဟူ၍လည်းကောင်း ပြောဆိုကြသော်လည်း တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင် သို့မဟုတ် နိုင်ငံ့ဝန်ထမ်းနှင့် အလားသဏ္ဍာန်တူညီသော ဝတ်စုံ/အဆင်တန်ဆာတို့ကို သိမ်းဆည်းရမိခြင်းနှင့် National Security ဟူသည့် နိုင်ငံတော်အဆင့် အမည်နာမအခေါ်အဝေါ် စသည်တို့ကိုသုံးစွဲခြင်းသည်လည်း အများပြည်သူ၏

**စာမျက်နှာ 14 သို့**

**တရားစွဲဆိုခံရသူများက ၎င်းတို့၏ရည်ရွယ်ချက်အမှန်ကို ထုတ်ဖော်ပြောဆိုရန်မှာလည်း တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်ရည်များအပြင် နိုင်ငံတော်နှင့် ပြည်သူ၏မျက်နှာကို မည်မျှထောက်ရှုသည်ဆိုသည့်အပေါ်တွင်လည်း တည်မှီပါသည်...။**

ခေါင်းစဉ်ကို လုံးဝမရေးချင်ပါဘူး။ ဒါပေမဲ့ မပြောမပြီး မတီး မမြည် ဆိုသလို ပြောကိုပြောသင့်ပြီလို့ ထင်လို့ပါ။ ဒီနိုင်ငံဟာ အဆင်းရဲဆုံးနိုင်ငံစာရင်းမှာ ပါနေရတာကို ဝမ်းနည်းဖို့ကောင်းလှပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံမှာ သယံဇာတတွေ မရှိဘူးလားဆိုတော့လည်း ပေါလို့လျှံလို့၊ သဘာဝရေမြေတောတောင်တွေ၊ အလှအပရှုမျှော်ခင်းတွေ၊ ဆိပ်ကမ်းတွေ၊ ကမ်းခြေတွေ၊ ကျွန်းအလှတွေဆိုတာကလည်း မဖော်ထုတ်နိုင်သေး တာ အသာထားလို့နိုင်ငံရဲ့နေရာဒေသစုံမှာ ပေါမှပေါ။ ဒါပေမဲ့လို့နိုင်ငံသူ၊ နိုင်ငံသားအများစုမှာတော့ ဆင်းရဲတွင်းက မတက်နိုင်ကြသေးဘူး။

တကယ်တော့ စာရေးသူတို့၏နိုင်ငံဟာ ဗုဒ္ဓဘာသာအများစု ကိုးကွယ်တဲ့နိုင်ငံပါ။ ဗုဒ္ဓရဲ့ငြိမ်းချမ်းတဲ့တရားတွေနဲ့လည်း မွေ့လျော်သင့်တဲ့ နိုင်ငံပါ။ ဒါပေမဲ့လို့ လူတွေရဲ့လောဘ၊ ဒေါသနဲ့ မောဟကြီးမှုတွေ၊ အတ္တအကျိုးစီးပွားတစ်ခုတည်းကိုပဲ အလေးပေးလွန်းလာတာ တွေ့ရပါတယ်။ အတ္တအကျိုးစီးပွားကို မင်းမူလာတာနဲ့ တရားမျှတမှု၊ မမျှတမှု၊ ကောင်းမှုနဲ့ မကောင်းမှုတွေကိုပါ မခွဲခြားနိုင်တော့တဲ့ အခြေအနေမျိုးကို ရောက်ရှိလာတာကို တွေ့ရမှာပါ။

ဆိုရရင် ကိုယ့်နိုင်ငံက လျှောက်လှမ်းနေတာက ဒီမိုကရေစီနိုင်ငံတော်။ မျှော်မှန်းနေတာက ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကြီး။ ပြီးတော့ လွတ်လပ်ပြီးကတည်းက ဒီကနေ့ထိ ငြိမ်းချမ်းမှုမရှိသေးတဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးကို ဖော်ဆောင်နေရတဲ့အချိန်။ အဲဒီလိုအချိန်မျိုးမှာ ရခိုင်ပြည်မြောက်ပိုင်းအရေးကြောင့် နိုင်ငံတကာရဲ့ဖိအားမျိုးစုံခံနေရတဲ့အချိန်။ ကိုယ့်နိုင်ငံ ကိုယ့်ရေမြေနဲ့ ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး ပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေနဲ့ အပြေလည်ဆုံးညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်နေတာကို တွေ့ကြရမှာပါ။ ဆိုရရင် နိုင်ငံ့အရေးဟာ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ အရေးလို့ခံယူပြီး ပူးပေါင်းပါဝင်နေကြတာပါ။

ဒါပေမဲ့ အတ္တသမားတွေ၊ ငါတကောကောချင်သူတွေ၊ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကို ကြည့်နေကြတဲ့သူတွေကြောင့် နိုင်ငံကြီးဟာ တည်ငြိမ်မှုကင်းမဲ့သလို၊ လုံခြုံမှုကင်းမဲ့နေသလို၊ တရားဥပဒေစိုးမိုးမှုပျက်ယွင်းနေသလို၊ လုံခြုံရေးစည်းတွေ ကျိုးပေါက်နေသလို ခံစားနေကြရတာ မဆန်းလှပါဘူး။ အရင်းစစ်အမြစ်မြေကဆိုသလို ကိုယ့်နိုင်ငံတော်ကြီး တိုးတက်ကြီးပွားဖို့ထက် ကိုယ်ကျိုးစီးပွားတိုးတက်ဖို့ နိုင်ငံကြီးလုံခြုံအေးချမ်းဖို့ထက် ကိုယ့်ကိုယ်ကိုယ် လုံခြုံအေးချမ်းဖို့ နိုင်ငံသူနိုင်ငံသားအားလုံး လူမှုစီးပွားတိုးတက်ဖို့ထက် ကိုယ့်အမျိုး ကိုယ့်အဆွေအဝန်းအဝိုင်းတစ်ခု ကောင်းစားဖို့ ပြည်သူလူထုတစ်ရပ်လုံး နေထိုင်စားသောက်မှုချောင်ချိဖို့ထက်၊ မိမိတစ်ဦးတည်း မြောက်မြားလှစွာသော ပိုင်ဆိုင်မှုတွေရရှိဖို့ ကြိုးစားနေကြတာ ပြည်သူပြည်သားတွေက ရိုးသားစွာ သမ္မာအာဇီဝ ကျကျ ရှာဖွေစားသောက်နေရတဲ့အချိန်မှာ ဥပဒေမဲ့ ရှာဖွေနေကြတာ အထင်းသားတွေ့ကြရမှာပါ။

ဒီအချိန်မှာ နိုင်ငံအတွင်းမှာ ဘယ်တုံးအခါမှ မကြားဖူးတဲ့ သတင်းတွေကြားနေရတာ တိုင်းသိပြည်သိပါ။ ဦးစွာပြောချင်တာက မူးယစ်ဆေးဝါးတွေပါ။ အဲဒါ ရံဖန်ရံခါကြားရတဲ့ အမှုမဟုတ်ဘူး။ တစ်နေရာတည်းက မိနေတာ မဟုတ်ဘူး။ နယ်မြို့တွေမှာမိတယ်။ နယ်စပ်မှာမိတယ်။ ရန်ကုန်မှာမိတယ်။ ကွန်တိန်နာလိုက်မိတယ်။ တန်ဖိုးငွေ သိန်း သန်း ကုဋေချီပြီး မိနေတာ။ လူ့ဘဝတစ်ခုလုံးရဲ့အညွန့်တုံးစေမယ့် မူးယစ်ဆေး။ ဒီလောက်များလှစွာ အဆက်မပြတ်မိနေထိ မူးယစ်ဆေးဝါးတွေကို ကာကွယ်တားဆီးဖို့ 'ရှောင်လေဝေးဝေး မူးယစ်ဆေး' လောက်နဲ့တော့ မရနိုင်ဘူး။

နောက် သစ်တွေ ကျွန်းသစ်တွေ၊ တမလန်း၊ ပိတောက်လိုတန်ဖိုးရှိတဲ့သစ်တွေ၊ ကားကြီးတွေ စီးလိုက်ခိုးထုတ်တယ်။ ပြည်တွင်းမှာ သစ်ခွေတုံးတွေ ကားမျိုးစုံနဲ့ မိနေတယ်။ သင်္ဘောတင်ဖို့ ကွန်တိန်နာလိုက်မိတယ်။ တစ်နေ့ တစ်ရက်တည်းမိနေတာ မဟုတ်ဘူး။ နေ့စဉ်ရက်ဆက်မိနေတာ။ စာရင်းရေးမှတ်လို့တောင် မနိုင်တော့ဘူး။ ဒါတွေက ထင်ရှားတဲ့ မြင်ကွင်းတွေပါ။ နောက်ထပ် ကျောက်စိမ်းအပါအဝင် သယံဇာတအမည်မျိုးစုံ



ဘယ်လောက်များ တရားမဝင်ရောင်းဝယ်နေကြမလဲ။ ခိုးထုတ်နေကြမလဲ။ ခန့်မှန်းသာကြည့်ကြပါတော့။ ဒါတွေဟာ ဘာတွေကိုပြနေသလဲဆိုရင် နိုင်ငံက ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန် အသားမကျအနည်မထိုင်သေးတဲ့ အသွင်ကူးပြောင်းကာလမှာ အခွင့်ရေးသမားတွေ၊ အခွင့်ထူးခံလူတန်းစားတွေရဲ့ အတ္တကြီးမားမှုတွေပဲ။ ကိုယ်ကျိုးရှာမှုတွေကြောင့်ပါပဲ။

အမှန်ဆိုရင် ခုချိန်ဆိုတာ နိုင်ငံအတွက် အားလုံးနဲ့စုစည်းပြီး ဝန်းရံရမယ့်အချိန်။ ကမ္ဘာကိုပါခြိမ်းခြောက်နေတဲ့ အကြမ်းဖက်ဝါဒဟာ မြန်မာနိုင်ငံကို အလုံးအရင်းနဲ့ ဝင်ရောက်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး။ တကယ်တော့ အကြမ်းဖက်ဝါဒက နိုင်ငံတကာကို ခြိမ်းခြောက်နေတာ လူတိုင်းအသိပဲ။ ခက်တာက ကမ္ဘာ့အကြမ်းဖက်ဝါဒကြီးက မြန်မာနိုင်ငံထဲမရောက်သေးခင်မှာပဲ မြန်မာ့အကြမ်းဖက်တွေက မြန်မာနိုင်ငံထဲမှာ ကွက်ကျားမိုးရွာနေတာ တွေ့ရတော့ ပြည်သူတွေကြားမှာ စိုးရိမ်စိတ်တွေမြင့်တက်လာနေတာပါပဲ။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံထဲမှာ သေနတ်ယဉ်ကျေးမှုများထွန်းကားလာသလားလို့ တွေ့မိတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာလေဆိပ်မှာ သွေးအေးအေးနဲ့ ပညာတတ်ပုဂ္ဂိုလ်တစ်ဦးကို သတ်သွားတယ်။ ဒါဟာ အရင်ကဖြစ်ခဲ့တဲ့ လေးလောင်းပြိုင်၊ ငါးလောင်းပြိုင်လူသတ်မှုတွေအပြီးမှာ သွေးအအေးဆုံးပဲ။

အဲ့ဒီနောက် အညာဘက် နယ်မြို့လေးတစ်မြို့မှာ တတိယအကြိမ်မြောက် သေနတ်တွေ ဖမ်းမိတယ်။ အထက်မြန်မာနိုင်ငံ မြို့ကြီးတစ်မြို့အပါအဝင် နယ်စပ်မြို့တွေမှာ သေနတ်နဲ့ပစ်ခတ်မှုတွေ တစ်မှုပြီးတစ်မှုကြားနေရတယ်။ ပြီးတော့ အမှိုက်ပုံမှာလိုလို အိမ်မှာလိုလို သေနတ်တွေ၊ ကျည်ဆန်တွေ၊ ဗုံးတွေ မကြာခဏ မိနေကြပြန်တယ်။ ဒါတွေဟာ တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာနိုင်တယ်လို့ ပြောနေကြတာပဲ။ ဒီကြားထဲမှာပဲ ဝန်ကြီးဟောင်းတစ်ဦးရဲ့သားပိုင်တဲ့ သေနတ်တွေ၊ ကားတွေ၊ ဆက်သွယ်ရေးဆက်တွေကတော့ တပ်ဖွဲ့တစ်ဖွဲ့လောက် ကိုင်နိုင်လောက်အောင် မိလာပြန်တယ်။ အထူးသဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အတွက် စိုးရိမ်လာကြတယ်။ ဒါကို သက်ဆိုင်ရာဝန်ကြီးတွေကိုယ်တိုင် ထုတ်ဖော်ပြောဆိုလာတဲ့အထိပါပဲ။ ဒီလိုအခြေအနေမျိုးကလည်း ဒီဘက်ခေတ်ကာလတွေမှာ ထူးခြားဖြစ်စဉ်တွေလို့ပဲ ပြောရမှာပါ။ သာမန် ပြည်သူပြည်သား

**အထက်မြန်မာနိုင်ငံ မြို့ကြီးတစ်မြို့အပါအဝင် နယ်စပ်မြို့တွေမှာ သေနတ်နဲ့ပစ်ခတ်မှုတွေ တစ်မှုပြီးတစ်မှု ကြားနေရတယ်။ ပြီးတော့ အမှိုက်ပုံမှာလိုလို အိမ်မှာလိုလို သေနတ်တွေ၊ ကျည်ဆန်တွေ၊ ဗုံးတွေ မကြာခဏ မိနေကြပြန်တယ်။ ဒါတွေဟာ တရားဥပဒေ စိုးမိုးရေးကို ခြိမ်းခြောက်လာနိုင်တယ်လို့ ပြောနေကြတာပဲ။**

တွေအဖို့ တုန်လှုပ်ချောက်ချားမှုဆိုတာထက် အာဏာရှိတဲ့လူတွေ၊ အုပ်ချုပ်စိုးမိုးခဲ့သူတွေအပေါ် သွေးရိုးသားရိုးလုပ်ရပ်တွေအဖြစ် မမြင်နိုင်ကြတော့တာပါပဲ။ တစ်ဆက်တည်းမှာပဲ နိုင်ငံတော်အခက်အခဲ အကျပ်အတည်းရောက်ချိန်မှာ မြွေပူရာကင်းမှောင့် ဖြစ်စေခဲ့တာပါပဲ။

လူတွေဟာ အတ္တသားကောင်တွေပါ။ ဒါပေမဲ့ အတ္တ၊ ပရ မျှမျှတတ မဆောင်ရွက်နိုင်ကြရင်တော့ လူမည်ကာမတ္တ ဖြစ်သွားနိုင်ပါတယ်။ လက်ရှိအခြေအနေက ပြည်သူတွေ ဆင်းရဲတွင်း နက်နေကြပါသေးတယ်။ ထမင်းတစ်နပ် ဟင်းတစ်ဖတ် စားရဖို့ ရုန်းကန်နေကြရပါတယ်။ တစ်ဖက်မှာထားစရာမရှိအောင် ချမ်းသာကြွယ်ဝနေကြပါတယ်။ ပြည်သူတွေဘဝလုံခြုံရေးက စိုးရိမ်ကြောင့်ကြမှု အပြည့်ရှိနေပါတယ်။ တစ်ဖက်မှာ မိမိကိုယ်မိမိ ကာကွယ်ကြဖို့ ဥပဒေမဲ့ပြင်ဆင်နေကြတယ်။ ပြည်သူတို့ငြိမ်းချမ်းမှု အပြည့်အဝမရကြသေးပါ။ စစ်ဘေးရှောင်နေရဆဲ။ အကြမ်းဖက်အန္တရာယ်ခံနေရဆဲပါ။ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာနေကြရင်း တစ်ဖက်မှာ ပိုင်ဆိုင်မှုပေါင်းမြောက်မြားစွာ၊ အခြွေအရံအသင်းအပင်းစုံလင်စွာနဲ့ ကမ္ဘာငယ်တစ်ခု တည်ဆောက်နေကြပါတယ်။

နိုင်ငံသားတိုင်း၊ နိုင်ငံချစ်သူတိုင်း နိုင်ငံအရေးကို စိတ်ဝင်စားသင့်ပါတယ်။ ဆိုခဲ့တဲ့အတိုင်း နိုင်ငံဟာ သဘာဝသယံဇာတတွေ ပေါလျှံနေပေမယ့် ဘာကြောင့် ဆင်းရဲတွင်းနက်နေရတာလဲ။ ဘာကြောင့် မတိုးတက် မကြီးပွားကြတာလဲ။ အလွန်ပင် ရိုးရှင်းလှပါတယ်။ နိုင်ငံကိုချစ်ခင်မြတ်နိုးမှုထက် မိမိကိုယ်မိမိ ပိုပြီးချစ်နေကြပါတယ်။ မိမိတို့လူမျိုး ကောင်းစားရေးထက် မိမိကောင်းစားရေးကို ဦးစားပေးနေကြပါတယ်။ နိုင်ငံတော်လုံခြုံရေးထက် မိမိကိုယ်နဲ့ အဝန်းအဝိုင်းတစ်ခုလုံခြုံရေးကိုပဲ အလေးထားနေကြလို့ပါ။ အမြင်သာဆုံးဥပမာလေးတစ်ခု ရှိပါတယ်။ ဂျပန်နိုင်ငံဟာ ဟီရိုရှီးမားနဲ့ နာဂါစကီး ဗုံးကြဲခံရပြီးတဲ့နောက် ပြာပုံအတိ ဖြစ်သွားပါတယ်။ ကျွန်းစုနိုင်ငံပါ။ ပြည့်ပြည့်ဝဝ ဘာသယံဇာတမှ ရှိလှတာမဟုတ်ပါဘူး။ ဒါပေမဲ့ ဂျပန်နိုင်ငံသားတွေ သူတို့ကိုယ်သူတို့ထက် သူတို့ဂျပန်နိုင်ငံကို ပိုချစ်ကြတယ်။ သူ့အသိုင်းအဝိုင်းထက် ဂျပန်တစ်ကျွန်းသားလုံးအရေးကို အလေးထားတယ်။ တစ်ဦးချင်းလုံခြုံဖို့ထက် တစ်နိုင်ငံလုံးလုံခြုံဖို့အရေး တွေးဆခဲ့ကြတယ်။ ဒါကြောင့်လည်း တိုင်းပြည်က ပြာပုံဖြစ်သွားတဲ့အခါ (နာတဲ့အခါ) ဘယ်သူမှ အခွင့်အရေး ပိုမယူကြဘူး။ အားလုံးပါဝင်စုစည်းမှုနဲ့ပဲ တိုင်းပြည်အတွက် လုံးပန်းခဲ့ကြတယ်။ အနစ်နာခံခဲ့ကြတယ်။ စည်းကမ်းရှိခဲ့ကြတယ်။ ဒါကြောင့် ဒီကနေ့ အာရှကျားတစ်ကောင်အဖြစ်ရောက်ရှိလာတာပါပဲ။ ပြည်နာတုန်းမှာ ဘယ်သူမှ ကိုယ်ကျိုးအတွက် စီးပွားမရှာခဲ့ကြပါဘူးဗျာ။

■ **ခင်မောင်ငွေ (ပညာရေး)**

**စာမျက်နှာ 13 လက်နက်များနှင့် လက်နက်များ အက်ဥပဒေ မှအဆက်**

အမြင်တွင် ထင်ယောင်ထင်မှားဖြစ်စရာ၊ အထင်အမြင်လွဲမှားစရာ အကြောင်းပေါ်ပေါက်စေသည်ကား အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့၏ရည်ရွယ်ချက်အမှန်ကို ဖော်ထုတ်ရန်မှာ သက်ဆိုင်ရာစစ်ဆေးရေးအရာရှိများနှင့် တရားသူကြီးတို့၏ အတွေ့အကြုံနှင့် ဆင်ခြင်တုံတရားသည် များစွာအရေးကြီးလှကြောင်း အထူးပြောစရာပင် မလိုအပ်တော့ပါ။

ထို့ကြောင့် '၁၉၅၁ ခုနှစ်၊ လက်နက်(ယာယီ)ပြင်ဆင်ချက်အက်ဥပဒေ' တွင်ပြဋ္ဌာန်းထားသည့် 'တည်ဆဲ အခြားဥပဒေ တစ်ရပ်ရပ်တွင်မည်သို့ပင်ဆန့်ကျင်ပါရှိစေကာမူ ဤပုဒ်မတွင် သတ်မှတ်ထားသည့် လက်နက်ခဲယမ်းမီးကျောက် စစ်ပစ္စည်းများကို ဆွဲကိုင်သွားခြင်းကိုတွေ့ရလျှင်ဖြစ်စေ၊ မိမိလက်ရှိ သို့မဟုတ် မိမိ၏ကြီးကြပ်အုပ်ချုပ်မှုအောက်တွင်ထားရှိခြင်းကို တွေ့ရလျှင်ဖြစ်စေ၊ ဤပုဒ်မအရ တရားစွဲခံရသူက ၎င်းမှာ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်ရန်အကြံမရှိပါဟု ထင်ရှားအောင်မပြနိုင်ပါက ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်ရန်အကြံရှိသည်ဟု မှတ်ယူရမည်' ဟူ၍ပြဋ္ဌာန်းထားသည်ဖြစ်ရာ သက်သေထင်ရှားပြရန် တာဝန်သည် လက်ဝယ်တွေ့ရှိသူများအပေါ်တွင်သာ တာဝန်ရှိပါသည်။

ထိုကဲ့သို့ တရားစွဲဆိုခံရသူများက ၎င်းတို့၏ရည်ရွယ်ချက်အမှန်ကို ထုတ်ဖော်ပြောဆိုရန်မှာလည်း တရားစွဲ အဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်ရည်များအပြင် နိုင်ငံတော်နှင့် ပြည်သူ၏မျက်နှာကို မည်မျှထောက်ရှုသည်ဆိုသည့်အပေါ်တွင်လည်း တည်မှီပါသည်...။

■ **သိန်းထက်အောင်**

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၇၆)

ဓမ္မဒူတအရှင်ဆေကိန္ဒ

ဘဝ ဖြောင့်ကြောင်း တစေ့တစောင်းလို့ အမည်ပေးပြီးတော့ ဟောခဲ့ပြောခဲ့တာ။ ကိုယ့်အကြောင်းလေးတွေ ကိုယ်ပြောရတာ ကိုယ်ကြုံရတာလေးတွေ ကိုယ်ပြောရတာ။ အခုဆိုရင် အပိုင်း ၁၇၆ ရောက်သွားပြီ။ သစ်ဖောင် ဝါးဖောင်ချဖို့ သွားတာပါ။ ဟိုလမ်းခရီးက ကြုံခဲ့တာတွေကတော့ ပြောလို့မကုန်နိုင်ဘူး။ ပြောလို့မကုန်နိုင်ဘူး။ လမ်းခရီးမှာ တွေ့ရတဲ့ မြင်ကွင်းတွေကြောင့် ကိုယ့်စိတ်တွေ ပြောင်းလာတာတွေလည်း အများကြီး။ ဒါလေးတွေ အခါအခွင့်သင့်တိုင်း ထပ်ပြောပေးပါဦးမယ်။ အိုကြုံရတာတွေက အများကြီး။ တစ်ခါတလေကျတော့ ကိုင်းတောကြီးတွေ မီးရှို့ထားတာမြင်တယ်။ အို တစ်ခါတလေကျတော့ ငရုတ်ခင်းတွေ စိမ်းစိုနေတာ တွေ့တယ်။ တစ်ခါတလေ ကျတော့လည်း ဖရဲခင်းတွေ။ ဖရဲခင်းတွေ မျက်စိတစ်ဆုံးပဲ ဖရဲသီးတွေလည်း ကမ်းဘေးပုံနေတာ။ ဝယ်မယ့်လူလည်း မရှိဘူး။ ယူချင် အလကားယူသွားလောက် အောင်အထိ ပေါတာ။ အဲဒါတွေလည်း တွေ့တယ်။ ဒါလေးတွေလည်း နောက်ကြုံရင် ပြောပြောပြောပြော ပြမှာပါ။

အခုတော့ ဘုန်းဘုန်းတို့သွားတဲ့အခါ သင်္ဘောနဲ့ အောက်ကနေ ဆန်တက်သွား။ အင်းရွာဆိုတဲ့ မြို့ကြီးရှိတယ် ရွှေလီနားက။ ရွှေလီမြစ်ရှိတာကိုး။ အဲဒီရွှေလီနဲ့ကပ်လျက် အောက်ခြေနားမှာ အင်းရွာ။ အင်းရွာကနေ ဟိုဘက်ဆက်သွားရင် အနောက်ဘက်ကမ်း ရောက်သွားတော့ ကင်းရွာလား ဘာလားမသိဘူး ရွာတစ်ခုတော့ ရှိတယ်။ အဲဒါရဲ့အထက်မှာမှ ကသာ။ ကသာကို မြန်မြန်ပဲ ပေးရောက်လိုက်တာပေါ့လေ။ နောက်မှ ဒီကြုံရတာလေးတွေ ထပ်ထပ်ပြောမှာပေါ့။ ကသာမြို့ကို ရောက်တော့ ဒီအသိက ကသာမှာရှိတာ။ အဘတို့ရဲ့ မိတ်ဆွေ အသိက ကသာမှာရှိတာ။ နောက်ပြီးတော့လည်း ဒီက ခရီးသွားတုန်းက ဘာဆေးပုံးတွေနဲ့ ဘာတွေနဲ့ ညာတွေနဲ့ ခရီးသွားပြင်ဆင်ခဲ့တာလည်း ပြောပြီးပြီ။ ကသာရောက်တော့ ဘာလုပ်ရလဲဆိုတော့ ကသာအသိအိမ်မှာပဲ နားကြပြုကြပေါ့လေ။ တစ်ရက်နှစ်ရက်နား။ တစ်ရက်နှစ်ရက်ပါပဲ မကြာပါဘူး။ လုပ်မယ့်လုပ်ငန်းစဉ်က အဲဒီကျမှ သိတာ။ အကြမ်းဖျင်းပေါ့ ဒါတောင်။ ကိုယ်က လူငယ်ပဲ။ လူငယ်ဆိုတာ လူကြီးဦးဆောင်တဲ့ နောက်က လိုက်မယ်ဆိုတဲ့စိတ်ပဲ။ လူကြီးက ဦးဆောင်။ အသေးစိတ်တော့ ကိုယ့်ဘယ်ပြောမှာတုံး။ ငါ့သားတို့ လိုက်ခဲ့မလား။ လိုက်ခဲ့မယ်။

ခု ကသာရောက်ပြီ။ ကသာမှာ ဘာလုပ်မလဲ။ ဆိုတော့ ကသာမြို့မှာ တစ်ရက်နှစ်ရက် နားပြီးတော့ စုဆောင်းရတာ။ တောထဲဝင်ရတော့မှာ။ သစ်တွေဝါးတွေ ခုတ်ရတော့မှာ။ စုဆောင်းရပြီ။ ဟို လာခဲ့တဲ့ ခရီးတုန်းက ကသာရောက်အောင် လာခဲ့တဲ့ ခရီးတုန်းက ပြင်ဆင်ခဲ့တာက အိမ်ကအထွက် ပြင်ဆင်တာ။ ပြင်ဆင်တဲ့အခါမှာ ကသာရောက်တဲ့အထိ သုံးဖို့ပစ္စည်းရယ် ကသာကနေ ဆက်ထွက်ရင် လိုအပ်တဲ့အထုပ်အပိုးရယ် ဒါတွေပြင်ဆင်ရတာပေါ့။ နောက် ကသာကနေပြီးတော့ သစ်တောဝါးတောထဲ ဝင်ပြီးတော့ သစ်ခုတ်ဝါးခုတ်တော့မယ် ဆိုတော့ ဒါလူကြီးတွေလုပ်နေတာ ကိုယ်က အသာ မှတ်မိနေတာပေါ့လေ။ ကြည့်နေတယ် ဆိုတာထက် သူတို့လုပ်တာ မြင်နေတော့ မှတ်မိနေတာပေါ့။ ဘာလုပ်နေလဲ ဆိုတော့ အဲဒီကသာရဲ့အနောက်ဘက်ကမ်း အောက်ခြေနားက ရွာတစ်ရွာမှာ လိုက်သွားတယ် လိုက်သွားတယ်။ အဘ တစ်ခု ကျေးဇူးတင်ဖို့ကောင်းတာက သူလုပ်သမျှကို ခေါ်တယ်။ သူပြောသမျှတွေကို ခေါ်တယ်။ သူလုပ်သမျှ ခေါ်တော့ မြင်တာပေါ့။ သူပြောသမျှတွေခေါ်တော့ ကြားတာပေါ့။ အဲဒါကိုက လူကြီးတွေက ကိုယ့်ကိုယ် သင်ပေးတယ်လို့ပဲ တွက်တာပေါ့။ ဒီမြင်တာသည်ပင်လျှင် ကိုယ့်ဆရာ ဒီကြားတာသည်ပင်လျှင် ကိုယ့်ဆရာပေါ့။ အဘလုပ်တဲ့လူက လုပ်ပြတယ် မြင်တယ်။ ပြောပြတယ် ကြားတယ်။ သူလုပ်သမျှ သူတစ်ယောက်တည်း မဟုတ်ဘူး။ သူ့မိတ်ဆွေတွေနဲ့ ဆက်စပ်နေတာ သူ့လုပ်ရပ်တွေက။ သူပြောတာ သူတစ်ယောက်တည်း ပြောနေတာ မဟုတ်ဘူး။ သူ့မိတ်ဆွေတွေနဲ့ ဆက်စပ်နေတော့ ဒီမြင်စရာ ကြားစရာဆိုတာ တော်တော် တော်တော် သဘောပေါက်စရာ ကောင်းတယ်။




> ချမ်းသာနေတဲ့ သူတစ်ယောက်ကို ချမ်းသာရာကနေ စီးပွားပျက်သွားလို့ သိသွားပြီးတော့ ဆက်ဆံတဲ့အပေါ်မှာ ရင်းရင်းနှီးနှီး ဆက်ဆံတဲ့သူက ချမ်းသာတာ ဆင်းရဲတာနဲ့ မဆိုင်ဘူး။ လူရဲ့ရင်းနှီးမှုနဲ့ ဆိုင်တယ်။ လူတစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုနဲ့ဆိုင်တယ်။ လူတစ်ယောက်နဲ့တစ်ယောက် နားလည်မှုနဲ့ဆိုင်တယ်။

အဲဒီအရွယ်ကတည်းက သြော်ကြည့်၊ နောက်ဆုံး ကုန်ကုန်ပြောမယ် ရောက်သွားတယ် ဝမ်းပန်းတသာနဲ့ ကြိုတယ်။ ဒီအဘ မိတ်ဆွေတွေပဲ။ တချို့ကျတော့ သာမန်ပဲကြိုတယ်။ ဆိုတော့ သြော် လူတွေရဲ့ပေါင်းသင်းဆက်ဆံရေးမှာ ဒီလိုပါလားလို့ သိလာတယ်။ ဝမ်းပန်းတသာနဲ့ ကြိုတယ်ဆိုတာက အသံရော ဟန်ရော ခတ်ရော ကူးတယ်လေ။ သာမန် ကြိုတယ်ဆိုတာက အသံရော ဟန်ရော ခတ်ရောက သိသာတယ်။ ဒီကတည်းက ဘုန်းဘုန်းတို့က နည်းနည်းလေးတော့ ၁၆ နှစ်ဆိုတော့လည်း သုံးနှစ် လေးနှစ်သားနဲ့တော့ ကွာတာပေါ့။ အဲလိုမျိုးလေးတော့ သိရတယ် ခံစားရတယ်။ ဝမ်းပန်းတသာနဲ့ ကြိုတာက သာမန်ပဲ ကြိုတာက ဘယ့်နှယ် ဒါက ညှော်သည်ရောက် ဒီလိုပဲ ကြိုကြ ဆိုကြတာပဲလေ။ သဘောကျရင် ဝမ်းပန်းတသာပေါ့ သဘောမကျရင် သာမန်ပေါ့ဆိုတော့ ပြောရတာက ဘုန်းဘုန်းတို့အဘ ဘုန်းဘုန်းတို့အဖေ အစ်ကိုက စီးပွားလုပ်လာတာ မော်တော်ကြီးတွေနဲ့ သစ်တွေချလို့ သစ်ဆိုင်ကြီးတွေ။ ဒီလို လုပ်ငန်းကိုင်ငန်း လုပ်လာတာ။ ကြံတိုင်းအောင် ပျဉ်ဆိုင်ဆိုရင်။ သစ်ဆိုင်တော့ မဟုတ်ဘူး အဲဒီတုန်းက ပျဉ်ဆိုင်လို့ခေါ်တယ်။ သစ်ဆိုရင် အလုံးတွေရောင်းတဲ့ဆိုင်ပေါ့။ ပျဉ်ဆိုင်ဆိုရင် ခွဲသားတွေပေါ့ ပျဉ်ပြားပေါ့ အဲလို အဲလို။ ကြံတိုင်းအောင် ပျဉ်ဆိုင်ဆို အဲဒါ ရေးခေတ်က Letter Head နဲ့ ဘာနဲ့ဆို ကြည့်ပေါ့လို ဘယ်လို အဆင့်ဆိုတာ။ အဲဒီ ၇၆ ခုနှစ်၊ ၇၅ ခုနှစ်က ဆိုတော့။

တအား ကြီးပွားချမ်းသာနေတဲ့ အဘက သစ်ဖောင်ဝါးဖောင်ချဖို့ လာတယ်ဆိုတော့ စီးပွားပျက်သွားတာ သူတို့ သိသွားတာပေါ့။ ချမ်းသာနေတဲ့ သူတစ်ယောက်ကို ချမ်းသာရာကနေ စီးပွားပျက်သွားလို့ သိသွားပြီးတော့ ဆက်ဆံတဲ့အပေါ်မှာ ရင်းရင်းနှီးနှီး ဆက်ဆံတဲ့သူက ချမ်းသာတာ ဆင်းရဲတာနဲ့ မဆိုင်ဘူး။ လူရဲ့ ရင်းနှီးမှုနဲ့ ဆိုင်တယ်။ လူတစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုနဲ့ဆိုင်တယ်။ လူတစ်ယောက်နဲ့တစ်ယောက် နားလည်မှုနဲ့ဆိုင်တယ်။ လူတစ်ယောက်နဲ့တစ်ယောက် ခင်မင်မှုနဲ့ဆိုင်တယ်။ မဟုတ်ဘူး ပုံမှန်ပဲ တစ်မျိုးဖြစ် ဆက်ဆံတဲ့သူကတော့ သာမန်ပဲ ဆက်ဆံတဲ့သူကတော့ သူက ဆင်းရဲချမ်းသာကိုပဲ ကြည့်ပြီး ဆက်ဆံတယ်လို့ မြင်သာတာကိုး။ ဒါလေးတွေဟာ ပြောတော့သာ စကားလုံးက ထုတ်ပြောတော့ ဒီလိုလေး ပြောဖြစ်တာ။ ကြားတဲ့သူကသာ ဒီလိုလေးကြားတာ။ ဒါပေမဲ့အဲလိုမျိုးကြီးကိုပြောဖြစ်အောင်ထိ ဘယ်လောက် စိတ်ထဲက ခံစားခဲ့ရသလဲ။ ကြုံဖူးကြမှာပါ ကြုံဖူးကြမှာပါ။ ကိုယ့်ဘဝအခြေအနေက မပြောင်းလဲဘူး ဒီအတိုင်း ဒီအတိုင်း ဆိုတာတောင်မှ ကိုယ်နဲ့ဆက်ဆံတဲ့သူတွေက ဝမ်းပန်းတသာ ဆက်ဆံတာရှိသလို ပုံမှန်ဆက်ဆံတာ ရှိတယ်။ ကိုယ်က နိမ့်ရာကနေ မြင့်လာလို့ရှိရင် ဝမ်းပန်းတသာ ဆက်ဆံတာရှိသလို ပုံမှန်ဆက်ဆံတာ ရှိတယ်။ ကိုယ်က မြင့်နေရာကနေ နိမ့်သွားတဲ့အခါမှာ ဒီလိုပဲ ဝမ်းပန်းတသာ ဆက်ဆံတာရှိတယ်။ ပုံမှန်ဆက်ဆံတာရှိတယ်။

ဒါ လူမှုရေး ဆက်ဆံတဲ့အခါမှာ ဒါလည်းပဲ ဘုန်းဘုန်းတို့အတွက်က ဘဝဖြောင့်ကြောင်းပဲ။ ငါဆိုရင်တော့ ငါဆိုရင်တော့ ကိုယ်ကခံစားရတာ စိတ်ထဲမှာ မကောင်းဘူး။ အရင်တုန်းက ကိုယ်နဲ့လုပ်ဖော်ကိုင်ဖက် တန်းတူတွဲပြီးတော့ လာတယ် အဘအဘ။ အဘနဲ့တန်းတူတွဲ ကိုယ့်ဆီလာ ထမင်းပွဲရှေ့ရောက် လိုလေသေး မရှိအောင် ဟို သူဌေးဖြစ် သူဌေးအဆင့်အတန်းနဲ့ တန်အောင် ညှော်ခံထားတာဟာ အခု ပြောသံဆိုသံ ပြောင်းသွားရင် ဘာလို့ဒီလိုဖြစ်ကြတာလဲကွ။ ဆင်းရဲချမ်းသာ ဘာလုပ်မှာလဲ။ ခုတောင် ကြည့်ပါလား ချမ်းသာရာကနေ ဆင်းရဲသွားသေးတာ။ ဆင်းရဲတဲ့သူကလည်း ဆင်းရဲရာကနေ ချမ်းသာနိုင်တာပဲ။ ဘာလို့ ဒီလိုကြီး ဆက်ဆံကြတာလဲလို့ သူများကို အပြစ်မြင်မိတယ်။ အပြစ်မြင်မိရာကနေပြီးတော့ ဘရိတ်အုပ်တယ်တော့ မဟုတ်ပါဘူး။ သူများကို အပြစ်မြင်မိရာကနေ ငါဆိုရင်ရော အဲလိုဆက်ဆံ တဲ့သူမျိုးကို မကြိုက်တဲ့ ငါဆိုရင်ရော သူတို့လိုဆက်ဆံမှာလား။ အဖြေထွက်သွားတယ် အဲလိုဟုတ်ပါဘူး။ လောကမှာ ဆင်းရဲတာက အဓိကမဟုတ်ဘူး။ ချမ်းသာ တာက အဓိကမဟုတ်ဘူး။ ဘဝတစ်ခုမှာ လူမှုရေး ဆက်ဆံတဲ့အခါမှာ ဆင်းရဲချမ်းသာတာက ပေတံတစ် ချောင်း မဟုတ်ဘူး။ ဒီပေတံမျိုးကိုခေါင်းထဲကို မထည့် ချင်ဘူး။ ဘယ်ဟာကလဲ ဘယ်ပေတံနဲ့တိုင်းမှာလဲ လူအချင်းချင်း ဆက်ဆံတဲ့အခါ။ ဒါလေးတွေကတော့ တစ်ပိုင်းစီပေါ့လေ ကိုယ့်စိတ်ထဲဖြစ်တာကို ပြောပြတာပေါ့။ ဒါလေးက ထားပါ ဒီဟာလေးက စိတ်ထဲမှာ တကယ် ဟိုတုန်းက ခံစားခဲ့ရတဲ့ အတိုင်း ကြုံတာလေး ပြန်ပြောတာ။

အဲဒီကနေပြီးတော့ အောက်ရွာကိုသွားတာ။ ဘာသွားလုပ်တာတုံးဆိုရင် သစ်ဖောင် ဝါးဖောင် ချတော့မယ်ဆိုရင် ဘာလိုလဲ။ လှေလိုတယ်။ အမှန်က မသိဘူး။ မသိပေမယ့် ကိုယ်ဖြစ်ထားတဲ့အပေါ်မှာ ပြန်ပြောရင် ဒီခရီးစဉ် ကိုယ်မသိဘူး။ ဘယ်လိုစီမံနေမှန်း ကိုယ်မသိဘူး။ ဒီ ကိုယ်ကြုံခဲ့ရတဲ့ ခရီးစဉ်နဲ့ ပြန်ပြောရင် ဘုန်းဘုန်းတော့ အဲဒီ ကသာမြို့ကနေပြီးတော့ သင်္ဘောဆိပ်တွေ ဘာတွေ ရှိတဲ့မြို့ကနေပြီးတော့ အဲဒီ အောက်ရွာကိုသွားတယ်။ အောက်ရွာမှာ ဘာလုပ်လဲ။ လှေတွေ လုပ်ကြတယ် ကျွန်းတွေနဲ့။ လှေကြီးတွေ လှေဆိုရင် ဘုန်းဘုန်းတို့က ၁၄ တောင် ခေါ်တာပေါ့လေ။ ၁၄ တောင်ဆို တော်တော်ကြီးတယ်။ ၁၀ တောင်လှေလည်း ရှိတယ်။ ၈ တောင်လှေ စသည်အားဖြင့်ပေါ့။ ၁၂ တောင်လှေ၊ ၁၀ တောင်လှေ၊ ၈ တောင်လှေ အို အသေးလေးတွေ မျိုးစုံရှိတယ်။ လှေလုပ်တဲ့ရွာကြီးပေါ့။ ကျွန်းပြားကြီးတွေ ကျွန်းပြားကြီးတွေ ပေတစ်နဲ့လုပ်တာ။ ဘုန်းဘုန်းတို့က ၁၄ တောင်လှေ ဝယ်လိုက်တယ်။ ဝယ်ဖို့ကလည်း အရင်းအနှီးက ယူသွားပြီးသားလေ။ ၁၄ တောင်လှေဆိုတာ ပေါင်းမိုးကြီးနဲ့ဆို အထဲမှာ အိပ်လို့ရတယ် ကောင်းကောင်း သားအဖ သုံးယောက်။ နည်းနည်း ခပ်ကျပ်ကျပ်ပေါ့ကွာ ခပ်ကျပ်ကျပ်ပေါ့။ ခရီးသွား ဒီလို သစ်ဖောင်သမားပဲ။ နောက်ပြီးတော့ ဒီလှေဟာလည်း သစ်ဖောင်ဝါးဖောင်ကို သစ်တွေဝါးတွေ ခုတ် ချည်ပြီးလို့ရှိရင် ဒီလှေက တောက်လျှောက် ပါသွားရတာ။ အကြောင်းရှိရင် သုံးဖို့။ နောက် ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်ရင် ပြန်ရောင်းလို့ ရတယ်လေ။ ပြန်ရောင်းလို့ရတယ်။ တချို့ဆိုရင် သစ်ဖောင်ဝါးဖောင် မလုပ်ဘဲနဲ့ ဒီလှေချည်းပဲ သတ်သတ် အညာမှာ လှေစပ်၊ လှေတွေဝယ်။ အောက်အကြေကိုစုန်လာ အောက်အကြေရောက်မှ ရောင်း။ အဲလိုလုပ်စားတဲ့သူတွေလည်း ရှိတယ်။ ကသာမှာနေ။ ကသာမှာ တစ်ရက်နှစ်ရက် ..။

■

ဓမ္မဒူတ အရှင်ဆေကိန္ဒ
(ဆက်လက်ဖော်ပြပါမည်။)



ဓာတ်ပုံ – အောင်နိုင်

# ရန်ကုန်ဆေးရုံကြီး၌ ၁၉ ခုမြောက် အပြာရောင်ကမ္ပည်းပြား တပ်ဆင်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အောက်တိုဘာလ ၂၄ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါဆေးရုံကြီးသည် မြန်မာနိုင်ငံရှိ သက်တမ်းအရင့်ဆုံးနှင့် အကြီးဆုံးဆေးရုံများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ၁၈၇၃ ခုနှစ်တွင် ပထမဆုံးဆေးရုံကြီးကို ယခု Junction City နေရာ၌ တည်ဆောက်ခဲ့ကြောင်း၊ ၁၈၉၀ ပြည့်နှစ်အရောက်တွင် လူနာဦးရေ တိုးလာမှုကြောင့် ဆေးရုံအသစ် တည်ဆောက်ရန် လက်ရှိနေရာသို့ ရွေးချယ်ခဲ့ကြောင်း၊ လက်ရှိနေရာကိုမူ ပြည်သူ့ဆောက်လုပ်ရေးဌာန၊ အမှုဆောင်အင်ဂျင်နီယာ ဟင်နရီဟွိုင်းဖောက်စ်ရေးဆွဲသော ဒီဇိုင်းဖြင့်ဆောက်လုပ်ခဲ့ပြီး ပင်မဆောင်ကို ၁၉၀၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ကာ ၁၉၁၀ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ ထိုပင်မဆောင်တွင် ယခင်ခေတ်က ခေတ်မီနည်းပညာများဖြစ်သည့် လျှပ်စစ်မီးနှင့် မေ့ဆေးခန်းများပါဝင်သည့် ခွဲစိတ်ခန်းမများကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာ့ခေတ်သစ်သမိုင်းတွင် အရေးပါသောနေရာမှ ပါဝင်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးခင်းကာလ ဩဂုတ်လ ၂၄ ရက်နေ့တွင် ယင်းဆေးရုံကြီး၌ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူလူထုကို ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားခဲ့ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ယင်းကမ္ပည်းပြားသည် ၁၉ ခုမြောက်တပ်ဆင်ခြင်းဖြစ်ပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေနှင့် ရန်ကုန်မြို့ပြ သမိုင်းကြောင်းတွင် အရေးပါခဲ့သော အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များကို အထိမ်းအမှတ်ပြုရန် ရည်ရွယ်၍ တပ်ဆင်ခြင်းဖြစ်ကြောင်း၊ ထိုကမ္ပည်းပြားတပ်ဆင်ခြင်း အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ရန်ကုန်မြို့အနှံ့သမိုင်းဝင်နေရာများအား လေ့လာခြင်း၊ ကမ္ပည်းပြားများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းတို့အတွက် Royal Philips Corporation က အမေရိကန်ဒေါ်လာ ၇၅,၀၀၀ ကိုထောက်ပံ့ပေးအပ်ထားကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံမှ သိရသည်။ ■ J-12

# စားသုံးသူရေးရာ ဝန်ဆောင်မှုများကို ကျေနပ်မှုမရှိက တိုင်ကြားနိုင်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ပြည်သူလူထုအနေနှင့် စားသုံးသူရေးရာဝန်ဆောင်မှုများနှင့် ပတ်သက်၍ မကျေနပ်မှု၊ နစ်နာမှုများရှိပါက စားသုံးသူရေးရာ ဦးစီးဌာနက ဖွင့်လှစ်ထားသည့် Consumer Information and Complaint Center (CICC) သို့ တိုင်ကြားနိုင်ကြောင်း ယင်းဌာန၏ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက ပြောကြားသည်။

“ပစ္စည်းတစ်ခုကို အာမ မခံပေးတာမျိုးပေါ့။ ရောင်းတုန်းကတော့ ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုပြီး တကယ်လက်တွေ့မှာ မဟုတ်ရင် တိုင်ကြားလို့ရတယ်။ ဒီအတွက် ဥပဒေအရ အရေးယူလို့ရတယ်။ ဝန်ဆောင်မှုတွေမှာ ကတိကဝတ်နဲ့ မကိုက်ညီရင် တိုင်ကြားလို့ ရပါတယ်” ဟု ၎င်းက ရှင်းပြသည်။

ထို့အပြင် စားသုံးသူရေးရာ ဦးစီးဌာနအနေနှင့် စားသုံးသူကာကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်သော်လည်း လိုအပ်ချက်များရှိနေသည့်အတွက် ပိုမိုပြည့်စုံစေရေးအတွက် ပြင်ဆင်နိုင်ရန်ဆောင်ရွက်လျက်ရှိကာ အသစ်ထပ်မံပြင်ဆင် ရေးဆွဲထားသည့် ဥပဒေကို အစိုးရအဖွဲ့သို့တင်ထားပြီးဖြစ်ကြောင်း စားသုံးသူကာကွယ်ရေး ဦးစီးဌာနထံမှ သိရသည်။

နေပြည်တော်အပါအဝင် တိုင်းနှင့်ပြည်နယ်များတွင် Consumer Information and Complaint Center (CICC) ၄၇ ခုကို ဖွင့်လှစ်ထားပြီး ယခင်နှစ်တွင် ယင်းဌာနသို့တိုင်ကြားသည့် အမှုပေါင်း ၄၆ မှုသာရှိခဲ့သော်လည်း ယခုနှစ် ဧပြီလမှ လက်ရှိအချိန်အထိ တိုင်ကြားမှုပေါင်း ၄၅ မှုအထိ ရှိလာကြောင်း၊ တိုင်ကြားမှုများအတွက် ၂၀၁၄ ခုနှစ်ဥပဒေဖြင့်သာ ဖြေရှင်းပေးလျက်ရှိကြောင်း ယင်းဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။ ■ J-12

# မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှု လျော့နည်း

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် မျက်ခမ်းစပ်ကဲ့သို့ ကူးစက်နိုင်သည့် မျက်စိရောဂါဖြစ်ပွားနှုန်း လျော့နည်းလာသော်လည်း အတွင်းတိမ်ရောဂါနှင့်အတူ အခြားသောမျက်စိရောဂါများ ပြန်လည်ဦးမော့လာကြောင်း ရန်ကုန်မျက်စိဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးတစ်ဦးက ပြောကြားသည်။

“အခုက အတွင်းတိမ်ရောဂါအပြင် ဆီးချိုတို့၊ သွေးတိုး စတဲ့ရောဂါတွေရဲ့ နောက်ဆက်တွဲကြောင့်ဖြစ်တဲ့ မျက်စိရောဂါတွေနဲ့ ကလေးသူငယ် မျက်စိရောဂါတွေက ပြန်ဖြစ်လာတာပေါ့” ဟု ၎င်းကဆိုသည်။

ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်း ၂၄၆ သန်းရှိပြီး မျက်စိခွဲသူပေါင်း ၃၉ သန်းခန့်ရှိကြောင်း၊ ယင်းတို့မှ ၆၅ ရာခိုင်နှုန်းသည် အသက် ၅၀ နှစ်အထက်တွင်ရှိပြီး ဖြစ်ပွားမှု၏ ၉၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကာ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်များအရ သိရသည်။

ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှု (Primary Eye Care) ကို လွှမ်းခြုံနိုင်ရေးအတွက် ကျောင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျေးလက်နေပြည်သူများအထိ ကွင်းဆင်းကာ မျက်စိကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်မှုပို့ချခြင်းများကို နှစ်စဉ်တိုးမြှင့်ကာ ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။

“ဆီးချို၊ သွေးတိုးကြောင့်ဖြစ်တဲ့ မျက်စိရောဂါတွေအတွက်လည်း မကူးစက်တတ်တဲ့ရောဂါ ကြိုတင်ကာကွယ်ရေးစီမံချက်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်မှုကို ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်ဖို့ လုပ်ဆောင်နေပါတယ်” ဟု ရန်ကုန်မျက်စိဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးတစ်ဦးက ဖြည့်စွက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ ကာကွယ်ကုသ၍ရရှိနိုင်သော မျက်စိရောဂါများမှ အဓိကမျက်စိမမြင်ခြင်းကို ဖြစ်စေနိုင်သောရောဂါများမှာ အတွင်းတိမ်၊ ရေတိမ်၊ ထိခိုက်ဒဏ်ရာ၊ မျက်ခမ်းစပ်ရောဂါ၊ အာဟာရချို့တဲ့ခြင်းကြောင့်ဖြစ်သော မျက်စိရောဂါများနှင့် ဆီးချို၊ သွေးချိုရောဂါများကြောင့်ဖြစ်သော မျက်စိရောဂါများဖြစ်ကြောင်း ရန်ကုန်မျက်စိဆေးရုံကြီး၏ မှတ်တမ်းများတွင် ဖော်ပြထားသည်။ ■ J-12

## News In Brief

### ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ဆွေးနွေးမည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ကျန်းမာရေးအသိပညာများ ပိုမိုတိုးပွားစေရေးအတွက် Grand Hantha International Hospital နှင့် MMDA တို့ ပူးပေါင်းပြုလုပ်သည့် ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၂၉ ရက်နေ့၊ မွန်းလွဲ ၁ နာရီတွင် Grand Hantha International Hospital ၌ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းဆေးရုံထံမှ သိရသည်။ ■

### Yangon Dental Festival ဖွင့်ပွဲကျင်းပ

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲ) ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် Yangon Dental Festival ကို အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်ခဲ့ကြောင်း ယင်းအသင်းထံမှ သိရသည်။

မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ဆရာဝန်အသင်းအနေနှင့် ပြည်နယ်နှင့် တိုင်းများတွင် အသင်း ၁၃ သင်းကို ဖွဲ့စည်းထားကြောင်း၊ ကျန်ရှိနေသော ဒေသများတွင်လည်း ထပ်မံဖွဲ့စည်းရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■ J-12

မလေးဆိုက်စီစဉ်သည်

(၂၅.၁၀.၂၀၁၇ မှ ၂၉.၁၀.၂၀၁၇)ထိ

ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးမည့် အစီအစဉ်

# “သွေးလွန်တုပ်ကွေးခြင်နဲ့ မတူဘူး။ သွေးလွန်တုပ်ကွေးခြင်က အိမ်တွင်းမှာပိုကိုက်တယ်။ ဒီခြင်က အဝေးကြီးပျံနိုင်တယ်”

## တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်းနှင့် တွေ့ဆုံခြင်း

သီတာဆွေ

**ဂျပန်ဦးနှောက်ရောင်ရောဂါသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ်ရှိနေပြီး အဆိုပါရောဂါကာကွယ်ဆေးကို ၂၀၁၈ ခုနှစ်ဇန်နဝါရီလမှစတင်ကာ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက်ကိုးလအရွယ်ကလေးများအတွက် ထည့်သွင်းထိုးနှံမည်ဖြစ်သည်။ ယင်းကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းကို ယခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် နိုင်ငံတစ်ဝန်းရှိ အသက်ကိုးလမှ ၁၅ နှစ် အတွင်း ကလေး ၁၄ သန်းအား ထိုးနှံပေး မည့်အစီအစဉ်နှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်းနှင့် The Voice က မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice ： ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး စတင်ထိုးနှံပေးမယ့်အစီအစဉ်ကို ရှင်းပြပေးပါဦး။**

**Dr.HHL** ： ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ ကလေးတွေကို ပုံမှန်ထိုးပေးနေတဲ့ရောဂါပိုး ၁၀ မျိုးကနေ ကာကွယ်နိုင်ခဲ့တာ။ ဒီကာကွယ်ဆေးက ၁၁ ခုမြောက်အနေနဲ့ ထည့်တာပေ့ါ။ ဝက်သက်နဲ့ ဂျိုက်သိုးကို ဘယ်ဘက်လက်မောင်းမှာ ထိုးတဲ့အချိန် ဂျပန်ဦးနှောက်ရောင်ရောဂါကို ညာဘက်လက်မောင်းမှာ ထိုးမှာပါ။ ဂျပန်ဦးနှောက်ရောင်ရောဂါက မြန်မာနိုင်ငံမှာ ပြဿနာဖြစ်နေတာ အရင်တည်းကပါ။ ဒါပေမဲ့ တခြားဦးစားပေးရတဲ့ ရောဂါတွေအများကြီးရှိတယ်။ ဒီရောဂါပိုးကို ၂၀၁၂ ခုနှစ်မှာ သေသေချာချာ စစ်နိုင်လာတယ်။ ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်း ဦးနှောက်ရောင်တဲ့သူတွေမှာ ပိုးတွေ့တယ်။ လူထုဘက်ကလည်း စိုးရိမ်ကြောင့်ကြမှု ရှိပါတယ်။ တကယ်လည်း ပြဿနာရှိတယ်။ ရောဂါဖြစ်ပြီးရင်လည်း ၃၀ ရာခိုင်နှုန်းလောက်က သေတယ်။ မသေဘဲ ကျန်ခဲ့တဲ့ ၇၀ ရာခိုင်နှုန်းမှာလည်း စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ပိုင်းဆိုင်ရာ အလွန်ချို့တဲ့ပြီးတော့ ကျန်ရစ်ခဲ့တာများတယ်။ မိသားစုတစ်စုချင်းစီအတွက် သိပ်ကိုကြောက်စရာကောင်းတဲ့ ပြဿနာဖြစ်နေတဲ့အတွက် ဒီ ၁၁ ခုမြောက် ကာကွယ်ဆေးကို ဝန်ကြီးဌာနက ထည့်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။

**Voice ： ဒီရောဂါက ဘယ်လိုအသက်အရွယ်တွေမှာ ပိုပြီးအဖြစ်များပါသလဲ။**

**Dr.HHL** ： အသက် ၁၅ နှစ်အောက်မှာ ဖြစ်တာများတယ်။ မြန်မာနိုင်ငံမှာ ၉၀ ရာခိုင်နှုန်းကျော်လောက်က ၁၅ နှစ်အောက်မှာဖြစ်တယ်။ ဒါကြောင့် ကိုးလကနေ ၁၅ နှစ်ကို ထိုးနိုင်ဖို့အတွက် နိုင်ငံတော်က GAVI ဆိုတဲ့ အဖွဲ့ကို အဆိုပြုတယ်။ ဒါကို အစုလိုက်ထိုးချင်ပါတယ်။ ကာကွယ်ဆေးတွေ ပံ့ပိုးပေးနိုင်မလားဆိုတော့ ကလေး ၁၄ သန်းကို တစ်ယောက်ကို တစ်ဒေါ်လာနှုန်းလောက်နဲ့ ကာကွယ်ဆေးအတွက်ရော၊ လုပ်ငန်းဆောင်ရွက်ဖို့အတွက်ကိုပါ နိုင်ငံတော်နဲ့ပူးပေါင်းပြီးတော့ ပံ့ပိုးပေးခဲ့တာပါ။ တကယ်ပဲ တန်ဖိုးကြီးတဲ့ဆေး ဖြစ်ပါတယ်။ ကာကွယ်ဆေးကို အခမဲ့ရရှိမယ်၊ တစ်ကြိမ်တည်းရမယ့် အခွင့်အရေးဖြစ်ပါတယ်။ နိုဝင်ဘာနဲ့ ဒီဇင်ဘာလမှာ မထိုးနိုင်တဲ့ ကိုးလအရွယ်ကလေးကလွဲလို့ မရတော့ပါဘူး။ ဒါက အခွင့်အရေးဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းမှာရှိတဲ့ ကလေးတွေ၊ အထူးသဖြင့် ပုံမှန်အားဖြင့် မရောက်နိုင်တဲ့ ရွှေ့လျားအုပ်စုတွေ၊ မငြိမ်းချမ်းတဲ့နေရာတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကို သွားဆွေးနွေးပြီးပါပြီ။ အဲဒီနေရာတွေ အပါအဝင် လွတ်သွားနိုင်မယ့် နေရာတွေအားလုံး ဘုန်းတော်ကြီးသင် စာသင်ကျောင်းတွေ၊ တခြား လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်မှာရှိတဲ့ နေရာတွေ ရောက်အောင် ကြိုးစားသွားမှာဖြစ်တယ်။

**Voice ： ဒီရောဂါဖြစ်တယ်ဆိုတာ ဘယ်လို လက္ခဏာတွေနဲ့ သိရှိနိုင်မလဲ။**

**Dr.HHL** ： ကလေးကဦးနှောက်ရောင်တဲ့လက္ခဏာပေ့ါ။ ပထမတော့ ဦးနှောက်ထဲ ပိုးရောက်တယ်ပေ့ါ။ ဦးနှောက်နဲ့ပတ်သက်တဲ့ နေရာတွေအားလုံးမှာ သူ့ရဲ့လက္ခဏာတွေပြတယ်။ များသောအားဖြင့် ကလေးက အန်တယ်၊ အပြင်းဖျားတယ်၊ တက်တယ်၊ တဖြည်းဖြည်းနဲ့ အသိအာရုံလျော့တယ်၊ စိတ်ရှုပ်ထွေးသလိုဖြစ်ပြီး ကလေးက သတိလစ်တဲ့အထိ ဖြစ်သွားတယ်၊ ကလေးက သတိရနေရင်လည်း သူ့ကိုယ်သူ မထိန်းနိုင်ဘူး။ ဦးနှောက်နဲ့ထိနေတဲ့ နေရာကိုလိုက်ပြီးတော့ အကြောဆွဲတယ်၊ ပြန်ကောင်းရင်လည်း ဦးနှောက်က ကျုံ့ပြီးတော့ ဉာဏ်ရည်မမီတဲ့အထိ ဖြစ်သွားနိုင်ပါတယ်။

**Voice ： ဆရာမတို့ပြောတဲ့ စာရင်းတွေအရ ရန်ကုန်တိုင်းမှာ ဒီရောဂါက အဖြစ်များတာတွေ့ရတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

**Dr.HHL** ： ရန်ကုန်တိုင်းမှာ ခရီးမသွားဖူးတဲ့ကလေးတွေရှိပေမယ့် သူတို့ဖြစ်တယ်။ ဗဟန်း၊ ရန်ကင်းက ကလေးတွေဖြစ်တယ်။ သူတို့မှာ လယ်ကွင်းလည်းမရှိဘူး။ ဒါပေမဲ့ စပါးရေစပ်စပ်လိုမျိုး ရေရယ်၊ ခြင်ရယ်၊ ဝက်နဲ့ အိမ်မွေးတိရစ္ဆာန်အားလုံးက မြန်မာနိုင်ငံမှာ ပြေးလို့လွတ်တဲ့နေရာ မရှိပါဘူး။ ဒါကြောင့် လူဦးရေထူထပ်တဲ့အပေါ်မှာ ဖြစ်တဲ့သူပိုများတာပေ့ါ။ တစ်နိုင်ငံလုံးမှာဖြစ်နေတဲ့ ပြဿနာလို့ပဲ ယူဆပါတယ်။

**Voice ： ဒီရောဂါကိုဖြစ်စေနိုင်တဲ့ခြင်အမျိုးအစားနဲ့ ရောဂါကို ဘယ်လိုကြိုတင်ကာကွယ်လို့ ရနိုင်ပါသလဲ။**

**Dr.HHL** ： ခြင်မကိုက်အောင် ကာကွယ်နိုင်ရင်တော့ အကောင်းဆုံးပဲ။ သူက ကျူးလက်စ်ခြင်အမျိုးအစားကြောင့် ဖြစ်တယ်။ သူက သွေးလွန်တုပ်ကွေးခြင်နဲ့ မတူဘူး။ သွေးလွန်တုပ်ကွေးခြင်က အိမ်တွင်းမှာပိုကိုက်တယ်။ ဒီခြင်က အဝေးကြီးပျံနိုင်တယ်။ လယ်ကွင်းတွေ၊ တိရစ္ဆာန်တွေဆီက လာတယ်ဆိုတော့ ခြင်မကိုက်အောင်နေဖို့ပဲ။ အကောင်းဆုံးကတော့ ကာကွယ်ဆေးလို့ပဲ အကြံပေးထားပါတယ်။

**Voice ： ကာကွယ်ဆေးထိုးနှံပေးမယ့် အချိန်တွေကို ပြောပြပေးပါဦး။**

**Dr.HHL** ： ဝက်သက်၊ ဂျိုက်သိုးတုန်းက ဥပမာကိုယူပြီးတော့ နိုဝင်ဘာလမှာ ကျောင်းတွေမှာ ထိုးပါမယ်။ ငါးနှစ်ကနေ ၁၅ နှစ်အတွင်း ကျောင်းမှာရှိတဲ့ ကလေးတွေကို ထိုးမယ်။ ၁၅ နှစ်မကျော်တဲ့ ကလေးတွေကိုပေ့ါ။ ဒီဇင်ဘာလကျတော့ ကျောင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ထိုးဖို့ကျန်တဲ့ ကလေးတွေရယ်၊ ကျောင်းမနေတဲ့ ကလေးတွေရယ်၊ အသက်ငါးနှစ်အောက်ကနေ ကိုးလအတွင်း ကလေးတွေကို ထိုးသွားမှာပါ။ ကျောင်းကတော့ အများဆုံးဖြစ်တယ်။ သုံးပုံနှစ်ပုံလောက်ရှိတယ်။

**Voice ： ကာကွယ်ဆေး လွှမ်းခြုံနိုင်ဖို့အတွက်ကိုရော ဘယ်လိုဆောင်ရွက်ဖို့ ရှိပါသလဲ။ နောက်ပြီး ကာကွယ်ဆေးအလုံအလောက် ရရှိထားပါသလား။**

**Dr.HHL** ： ဒါက ဝက်သက်တို့၊ ပိုလီယိုတို့နဲ့ မတူဘူး။ မထိုးတဲ့ ကလေးမှန်သမျှကတော့ မကာကွယ်နိုင်ဘူး။ ခြင်ကနေတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါ ဖြစ်တဲ့အတွက်ကြောင့်ပါ။ ခြင်ကကိုက်လို့ ဆေးမထိုးထားရင်တော့ဖြစ်နိုင်တယ်။ ဒါကြောင့် ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံနိုင်မှ ကျွန်မတို့လိုချင်တဲ့အတိုင်း ကာကွယ်နိုင်မှာပါ။ ၉၅ ရာခိုင်နှုန်းအထိ အနည်းဆုံးရောက်ရှိအောင်



ဓာတ်ပုံ - သီတာဆွေ

ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ ဆေး ၁၅ သန်းကျော်ရောက်ပါပြီ။ ဖြန့်နေပါတယ်။ ကာကွယ်ဆေးလုပ်ငန်းအတွက်သုံးမယ့် ပစ္စည်းတွေအကုန်လုံးကို စဖြန့်ဖြူးနေပါတယ်။ သင်တန်းတွေအားလုံးလည်းပြီးပါပြီ။

**Voice ： ကာကွယ်ဆေးရဲ့ ဘေးထွက်ဆိုးကျိုးရော ရှိနိုင်ပါသလား။**

**Dr.HHL** ： ကာကွယ်ဆေးဆိုတာက လူကောင်းမှာ ထိုးရတာ။ အဲဒီတော့ လူကောင်းတစ်ယောက်မှာ ဘာပြဿနာမှ မရှိလောက်မှ ကျွန်မတို့က ကာကွယ်ဆေးကို ခွင့်ပြုလို့ရတယ်။ ကာကွယ်ဆေးထိုးပြီးလို့ ပြဿနာရှိရင် အဲဒါကို ကာကွယ်ဆေးအနေနဲ့ မသုံးပါဘူး။ ဒီဆေးက တရုတ်နိုင်ငံကထုတ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြုတဲ့ အရည်အသွေးကို ဒီဆေးက ရထားပါတယ်။ လူသန်း ၄၀၀ လောက်သုံးပြီးပါပြီ။ အထူးသဖြင့် အာရှပစိဖိတ်နိုင်ငံတွေမှာ ထိုးပြီးပါပြီ။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း ထိုးနေပါတယ်။ ပြင်းထန်တဲ့ နောက်ဆက်တွဲဆိုးကျိုးအတွက် သတင်းပို့တာမရှိပါဘူး။ ဒါပေမဲ့ ဆေးတိုင်းမှာ မတည့်တဲ့ပြဿနာဆိုတာ ရှိတတ်ပါတယ်။ အဲဒီအတွက်ကိုလည်း သင်တန်းတွေပေးထားပါတယ်။ ကာကွယ်နိုင်အောင်၊ ကုသနိုင်အောင် အားလုံးကိုပြင်ဆင်ထားပါတယ်။ အရင်က အတွေ့အကြုံတွေအရ ကျွန်မတို့မှာ ယုံကြည်ချက်ရှိပါတယ်။ များသောအားဖြင့် ကာကွယ်ဆေးတွေက ဘေးကင်းပါတယ်။

**Voice ： ကာကွယ်ဆေးက ဘယ်နှကြိမ်ထိုးဖို့ လိုအပ်ပါသလဲ။**

**Dr.HHL** ： ပိုးအရှင်ကို အားပျော့အောင်လုပ်ထားတဲ့အတွက်ကြောင့် တစ်ကြိမ်ထိုးရုံနဲ့ ကာကွယ်နိုင်ပါတယ်။ ကုမ္ပဏီတွေက နှစ်ကြိမ်ထိုးတာ အကောင်းဆုံးလို့ ပြောပေမယ့် WHO က တစ်ကမ္ဘာလုံးကို အကြံပေးထားတာက တစ်ကြိမ်က လုံလောက်တဲ့ အရေအတွက် ဖြစ်ပါတယ်။

**Voice ： ဆရာမအနေနဲ့ ကလေးတိုင်း ကာကွယ်ဆေးလာရောက်ထိုးနှံဖို့ ကလေးတွေရဲ့အုပ်ထိန်းသူတွေအတွက် သတင်းစကား ပါးပေးပါဦး။**

**Dr.HHL** ： အဓိက ဒီလုပ်ငန်းတွေက ပြည်သူလူထု မသိဘဲနဲ့ သူတို့ကိုယ်တိုင် လာမထိုးဘဲနဲ့ ကျွန်မတို့ ဘယ်လောက်လိုက်ရှာရှာ ဒီကလေးတွေ အားလုံးကို တွေ့ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အားလုံးသိဖို့အတွက်ရယ်၊ နောက်ပြီး ဒီကာကွယ်ဆေးရဲ့ အကျိုးကျေးဇူးကို လက်ခံပြီးတော့ ကလေးတွေအတွက် တစ်ချိန်လုံး စိုးရိမ်ပူပန်ပြီးတော့ ရောဂါဖြစ်တာကို စောင့်နေမယ့်အစား ဒီလိုကာကွယ်ဆေးကို ထိုးလိုက်တာက အင်မတန်မှကို အကျိုးရှိမယ့် ရွေးချယ်မှုဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**Voice ： အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

■ သီတာဆွေ

## လည်ပင်းကျီးပေါင်း၊ ဇက်ကြောတက် ရောဂါဝေဒနာအတွက် ဆောင်ရန်/ရှောင်ရန်များ

နေထိုင်မှုပုံစံ မမှန်ခြင်းကြောင့် မကူးစက်တတ်သောရောဂါများဖြစ်ပွားမှုသည် ယခင်ကထက် ပိုမိုဖြစ်ပွားလျက်ရှိပြီး လည်ပင်းကျီးပေါင်း၊ ဇက်ကြောတက် ရောဂါဝေဒနာများသည်လည်း အသက်အရွယ်မရွေး ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရှိရပါသည်။ အထက်ပါဝေဒနာများနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များ ကို ဖော်ပြအပ်ပါသည်။

၁။ လည်ပင်းကျီးပေါင်း၊ ဇက်ကြောတက် ရောဂါဝေဒနာရှင်များအနေနှင့် ဦးခေါင်းကိုငုံ့၍ ကြာရှည်စွာ အလုပ်လုပ်ခြင်း၊ နေထိုင်ခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။

၂။ စာရေး စာဖတ်လျှင် စာရေးစားပွဲနှင့်လုံလောက်သော ကြမ်းပြင်အထက် မြင့် သောခုံတွင် မထိုင်ရပါ။ လည်ပင်းကိုအောက်သို့ငုံ့၍ စာမဖတ်သင့်ပါ။ လည်ပင်းကို တည့်မတ်စွာဖြင့် စာအုပ်ကိုမျက်နှာနှင့် တစ်တန်းတည်းဖြစ်စေရန် စာအုပ်ကိုအမြင့်တွင်ထား၍ဖြစ်စေ၊ စာအုပ်တင်ထားသော စားပွဲကိုမြှင့်၍ဖြစ်စေထားပြီး စာဖတ် သင့်ပါသည်။

၃။ ကွန်ပျူတာအသုံးပြုလျှင် လည်ပင်းကိုတည့်မတ်စွာထားပြီး ကွန်ပျူတာမျက်နှာပြင်နှင့် မျက်စိကို တစ်တန်းတည်းထားသင့်ပါသည်။

၄။ တယ်လီဖုန်း၊ အင်တာနက်အသုံးပြုလျှင်လည်း လည်ပင်းကိုအောက်သို့ငုံ့ထားခြင်း၊ တစ်ဖက်သို့ ကြာရှည်စွာစောင်းထားခြင်းများ မပြုလုပ်သင့်ပါ။

၅။ ဦးခေါင်း(သို့) ပခုံးနှင့် လည်ပင်းပေါ်သို့ ဒဏ်ဖြစ်စေသော လေးလံသော အရာဝတ္ထုပစ္စည်းများ ထမ်းခြင်း၊ သယ်ယူခြင်း၊ အလေးမခြင်းတို့ကို မပြုလုပ်သင့်ပါ။

၆။ ကားမောင်းလျှင် လည်ပင်းကိုနောက်သို့ မော့လွန်းခြင်း (သို့) ရှေ့သို့ငိုက်လွန်းခြင်း မပြုလုပ်သင့်ပါ။ ဦးခေါင်းကို နောက်မှီနှင့်ကပ်ကာ တည့်မတ်စွာထား၍ မောင်းသင့်ပါသည်။

၇။ ညအိပ်လျှင် မနိမ့်မမြင့် အနေတော်အရွယ်အစား ခေါင်းအုံးပါးပါးကိုသာသုံး၍ လည်ပင်းနှင့် ကျောရိုးတစ်တန်းတည်းဖြစ်အောင်ထား၍ အိပ်သင့်ပါသည်။ လည်ပင်းကြွက်သားများ တောင့်တင်းမှု လျော့စေရန် ရေနွေးအိတ်ကပ်ပေးပါ။



၈။ ဦးခေါင်းနှင့် လည်ပင်းကိုအသုံးပြု၍ ကြာရှည်စွာအလုပ်လုပ်ရပါက ကြိုတင် ကာကွယ်သည့်အနေနှင့် မိနစ် ၆၀ လျှင်တစ်ကြိမ်ခန့် အောက်ဖော်ပြပါ လေ့ကျင့်ခန်းများကိုပြုလုပ်ပေးသင့်ပါသည်။

ဦးခေါင်းကို ဖြည်းညင်းစွာမော့၍ ကြည့်ခြင်း၊ ဦးခေါင်းကို ဖြည်းညင်းစွာငုံ့၍ ကြည့်ခြင်း၊ ဦးခေါင်းကို ဘယ်ဘက်သို့ ဖြည်းညင်းစွာစောင်းခြင်း၊ ဦးခေါင်းကို ညာဘက်သို့ ဖြည်းညင်းစွာစောင်းခြင်း၊ ဘယ်ဘက်ပခုံးသို့ဖြည်းညင်းစွာ လှည့်ကြည့်ခြင်း၊ ညာဘက်ပခုံးကို ဖြည်းညင်းစွာ လှည့်ကြည့်ခြင်းတို့ ဖြစ်သည်။

**Source : အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာန**

# ဆင်ဆာမူဝါဒ အချက်သုံးချက်ကို ထပ်မံဖြေလျှော့ပေးဖို့ တောင်းဆိုသွားမယ် ဆိုတဲ့ ဇင်ဝိုင်း



ဓာတ်ပုံ- သန့်ဇင်ဦး

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

အနုပညာ လောကသားတွေအတွက် ဆင်ဆာမူဝါဒ အချက်သုံးချက်ကို ထပ်မံဖြေလျှော့ပေးဖို့ တောင်းဆိုသွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ သရုပ်ဆောင်ဇင်ဝိုင်းက The Voice ကို ပြောကြားပါတယ်။

"ဆင်ဆာမှာ မူလက ကျွန်တော်တို့ကို ထိန်းချုပ်ထားတာ အချက်ဆယ်ချက် ရှိပါတယ်။ ၂၀၁၁ ခုနှစ်မှာ ရုပ်ရှင်အစည်းအရုံး လွတ်မြောက်ရေးနဲ့အတူ ရုပ်ရှင်အရေးတက်ကြွ လှုပ်ရှားသူများ အဖွဲ့ကနေပြီး ဆင်ဆာလွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်ခဲ့ကြတာကြောင့် ဆယ်ချက်မှာ လေးချက်ကို လျှော့ပေါ့ပေးခဲ့ပါတယ်" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ဆင်ဆာ မူဝါဒလေးချက်ကို လျှော့ပေါ့ပေးခဲ့တဲ့အတွက် ၂၀၁၁ ခုနှစ် မတိုင်ခင် ရုပ်ရှင်ဇာတ်ကားများနဲ့ ၂၀၁၁ ခုနှစ် နောက်ပိုင်း ရုပ်ရှင်ဇာတ်ကားများဟာ ဇာတ်လမ်းဇာတ်အိမ်ဖွဲ့စည်းမှုနဲ့ တင်ပြပုံတွေ၊ ပုံသဏ္ဍာန်တွေ ကွဲပြားခြားနားသွားတာကြောင့် ပရိသတ်တွေရဲ့စိတ်ဝင်စားမှုလည်းပိုလာတာကို မြင်တွေ့ရမှာဖြစ်ကြောင်း ဦးဇင်ဝိုင်းက ပြောကြားပါတယ်။

"အခုချိန်မှာ ကျွန်တော်တို့ကို ဆင်ဆာမူဝါဒခြောက်ချက်နဲ့ ထိန်းချုပ်ထားဆဲ ဖြစ်ပါတယ်။ အဲ့ဒီ ခြောက်ချက်ထဲက သုံးချက်ကို ကျွန်တော်တို့က ဆက်လက် တာဝန်ယူ လုပ်ဆောင်ပေးမယ်။ ကျန်တဲ့ သုံးချက်ကိုတော့ လျှော့ပေါ့ပေးဖို့ ထုတ်လုပ်သူ၊ ဒါရိုက်တာ နဲ့ ဇာတ်ညွှန်းရေးဆရာများရဲ့ တွေ့ဆုံပွဲမှာ ကျွန်တော့်ကို တောင်းဆိုထားပါတယ်။ ဒီတောင်းဆိုချက်ကို ကျွန်တော်က ပြန်ကြားရေးဝန်ကြီးဌာနနဲ့ လွှတ်တော်အသီးသီးကို တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားပါမယ်" လို့ ၎င်းက ဆိုပါတယ်။



soompi.com

# ဥရောပကို ဟန်းနီးမွန်း ခရီးထွက်မယ့် ဆောင်ဂျွန်ကီ နဲ့ ဆောင်းဟေကို

**ဆိုးလ်၊ အောက်တိုဘာ ၂၄**

တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် အနုပညာရှင် စုံတွဲဖြစ်တဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ အောက်တိုဘာလ ၃၁ ရက်နေ့မှာ မင်္ဂလာဆောင်ပြီးရင် ဥရောပကို ဟန်းနီးမွန်း ခရီးထွက်မှာဖြစ်ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

သူတို့ နှစ်ယောက်ရဲ့မင်္ဂလာပွဲကိုတော့ အောက်တိုဘာလ ၃၁ ရက်နေ့ မှာ ဆိုးလ်မြို့ရှိ ရှီလာဟိုတယ်မှာ ကျင်းပသွားမှာဖြစ်ပြီး၊ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ မိသားစုဝင်တွေကိုသာ ဖိတ်ကြားထားပါတယ်။

မင်္ဂလာပွဲမှာတော့ ဆောင်ဂျွန်ကီရဲ့သူငယ်ချင်း တစ်ယောက်က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး၊ ဆောင်းဟေကိုရဲ့သူငယ်ချင်းတစ်ယောက်ကတော့ သီချင်းတွေနဲ့ သီဆိုဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။

နာမည်ကျော် သရုပ်ဆောင် ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့နှစ်ယောက်က အောင်မြင်မှုများစွာရရှိခဲ့တဲ့ 'Descendants Of The Sun' ရုပ်သံ ဇာတ်လမ်းတွဲမှာ အတူတွဲဖက်သရုပ်ဆောင်ရင်း ဖူးစာဆုံခဲ့ကြတာ ဖြစ်ပါတယ်။

# "အရာရာတိုင်းက အပြုသဘောဆောင်တယ်ဆိုပေမယ့်လည်း တစ်ဖက်သားကို စွပ်စွဲသလို မဖြစ်ဖို့လည်း လိုသေးတာကိုး"

## ကျော်ကျော်ဗိုနဲ့ တွေ့ဆုံခြင်း

ဝင်းထွန်းနိုင်



ဓာတ်ပုံ- ဝင်းထွန်းနိုင်

**'အော်တိုဘုရင်' ရုပ်ရှင်ဇာတ်ကားမှာ နဂါးမင်းသားနေရာက ပါဝင်သရုပ်ဆောင်ထားတဲ့ သရုပ်ဆောင်ကျော်ကျော်ဗိုနဲ့ တွေ့ဆုံပြီး ဇာတ်ကားအကြောင်း၊ အမှတ်တရများအကြောင်းများနဲ့အတူ နှင်းဆီက ရှေ့ဆက်လုပ်ဆောင်သွားမယ့် အနုပညာဖန်တီးမှုများအကြောင်း တစေ့တစောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: 'အော်တိုဘုရင်' ရုပ်ရှင်ဇာတ်ကားက ရိုက်နေကျဇာတ်လမ်းပုံစံမဟုတ်တော့ လက်ခံရိုက်ကူးဖြစ်ပုံကနေ စပြောပေးပါဦး။**

**KKB:** ဒီကားက Bo Bo ရုပ်ရှင်ထုတ်လုပ်ရေးကရိုက်တဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်တယ်၊ ဦးသူရကလည်း အနုပညာအလုပ်တွေ နားထားရာကနေ ပြန်ပြီးရိုက်တဲ့ ပထမဆုံးကားဖြစ်နေတော့ ကျွန်တော်ကလည်း ကိုယ် ပါဝင်ရတဲ့ ဇာတ်ဝင်ခန်း မများပေမယ့် တစ်ထောင့်တစ်နေရာကနေ ဝင်ပြီး အားဖြည့်လိုက်တာပါ။

**Voice: ကိုယ်ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ရုပ်ပုံစံနဲ့ အခက်အခဲတွေရှိရင်လည်း သိချင်ပါသေးတယ်။**

**KKB:** ဒီကားထဲမှာ ကျွန်တော်က ဝါစာနီမိဖုရားရဲ့ချစ်သူနဂါးမင်းသားနေရာကနေ ပါဝင်သရုပ်ဆောင်ထားတာပါ။ နောက်တစ်ခုက လူနဲ့နဂါး အချိန်းအပြောင်းမှာ ကွန်ပျူတာအထူးပြုလုပ်ချက်တွေပါတော့ အံဝင်ခွင်ကျဖြစ်အောင် သေချာချိန်ပြီး လုပ်ကြရတာမျိုးတွေရှိတယ်။ ကျန်တာကတော့ ထွေထွေထူးထူး မရှိပါဘူး။ အဓိက ကတော့ ကျွန်တော်တို့က ဟာသရသကိုပဲ ပရိသတ်ဆီ ပေးချင်တာပါ။ ဒီကားကို လာကြည့်တဲ့ပရိသတ်တွေလည်း ပေါ့ပေါ့ပါးပါး၊ ရယ်ရယ်မောမောကြည့်ရမှာပါ။

**Voice: ကိုယ့်အတွက် မှတ်မှတ်ရရရှိခဲ့တဲ့ ဇာတ်ဝင်ခန်းက ဘယ်ဇာတ်ဝင်ခန်းဖြစ်မလဲ။**

**KKB:** ဒီကားမှာ ဇာတ်လမ်းပုံစံအရ မိဖုရားဖြစ်တဲ့မင်းသမီးနဲ့ ကျွန်တော်က ဘဝအဆက်ဆက်ကို ဖူးစာဆုံတယ်။ ဒါပေမဲ့ မပေါင်းရဘူးပေါ့နော်။ အဲ့ဒါကို ဇာတ်ညွှန်းကလည်း Living မ Together လိုက်ရဘူးဆိုပြီး ရေးပေးထားတော့ ကိုယ်လည်း ဇာတ်ညွှန်းအတိုင်း ပြောလိုက်ရတယ်။ ဒီဒိုင်ယာလော့ခ်လေးကတော့ ကိုယ့်အတွက် နည်းနည်းထူးခြားပါတယ်။ ဒီကားမှာ မှတ်မှတ်ရရရှိတဲ့ ဒိုင်ယာလော့ခ်လေးတစ်ခုပါပဲ။

**Voice: မြန်မာနိုင်ငံမှာက ခေတ်ကို သရော်ပြီးရိုက်တဲ့ Satire ကားတွေရှားတယ်၊ ဘာကြောင့်ရိုက်ပြမှုနည်းတယ် ထင်မိလဲ။**

**KKB:** ဒီလိုကားမျိုးတွေကို ရိုက်တော့ရိုက်နေကြတာပါပဲ။ ပရိသတ်ရှေ့ကို မထွက်လာသေးတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့နော်။ ဒါကတော့ ဖန်တီးကြတဲ့အနုပညာသမားတွေရဲ့စိတ်ကူးစိတ်သန်းတွေအပေါ်မှာ မူတည်ပါတယ်။ အရာရာတိုင်းက အပြုသဘောဆောင်တယ်ဆိုပေမယ့်လည်း တစ်ဖက်သားကို စွပ်စွဲသလို မဖြစ်ဖို့လည်း လိုသေးတာကိုး။ အဲ့ဒါကြောင့် ကျွန်တော်တို့က Entertainment ဖြစ်အောင်ပဲ ကြိုးစားကြရမှာပါ။

**Voice: နှင်းဆီက ပြည်ပမှာကဖို့မရှိတော့ဘူးဆိုတော့ ပြည်တွင်းမှာကသွားဖို့ စီစဉ်ထားတာမျိုးရှိလား။**

**KKB:** နှင်းဆီအနေနဲ့ ပြည်တွင်းမှာကဖို့ ကျွန်တော်တို့တိုင်ပင်နေပါတယ်။ အလှူလည်း ထပ်လုပ်ချင်သေးတယ်။ အဲ့ဒါကြောင့် အလှူပွဲတစ်ပွဲလောက်တော့ ထပ်ကဖြစ်မယ်ထင်တယ်။ နောက်တစ်ခုက အမေရိကားမှာ သွားမကဖြစ်တော့တာကလည်း ဗီဇာအခက်အခဲကြောင့်မဟုတ်ပါဘူး။ ဗီဇာက အားလုံးအဆင်သင့်ဖြစ်နေပေမယ့် ကျွန်တော်တို့ဘက်က ပတ်စပို့စ်တွေ ပေးတာနောက်ကျနေတာနဲ့ ကမယ့်ရက်တွေ အဆင်မပြေတော့လို့ မကဖြစ် တော့တာပါ။ ဒီပွဲကို နောက်နှစ်ရွှေ့ထားပါတယ်။

**Voice: နှင်းဆီကရိုက်တဲ့ 'Rose Rider' ရုပ်ရှင်ကားက လက်ရှိအချိန်ထိကို ရိုက်လို့မပြီးသေးဘူးနော်၊ အချိန် အများကြီးပေးပြီး ရိုက်ထားတော့ တခြားကားတွေရိုက်ရတာနဲ့ဘာကွာလဲ။**

**KKB:** ကျွန်တော်တို့စုပြီး အလုပ်လုပ်တယ်ဆိုတာက နှစ်နှစ်မှ တစ်ကားလည်းဖြစ်ချင်ဖြစ်မယ်၊ တစ်နှစ်မှ တစ်ကားလည်းဖြစ်ချင်ဖြစ်မယ်။ အဓိက ကျွန်တော်တို့လုပ်ရတဲ့အနေအထားတစ်ခုမှာ ကျန်တာတွေ ခေါင်းထဲမထည့်ဘူး။ ကိုယ်ပြချင်တဲ့အရုပ်တွေ၊ ကိုယ်ဖန်တီးချင်တဲ့အနုပညာကိုပဲ ခေါင်းထဲထည့်မယ်ဆိုတဲ့ စိတ်ဆုံးဖြတ်ချက်နဲ့လုပ်နေတာဆိုတော့ ကျွန်တော်တို့က ငွေရေးကြေးရေးပိုင်းနဲ့ အချိန်ကာလပိုင်းကို လုံးဝကို မကြည့်ဘူးဖြစ်နေတာလေ။ အမှန်မှာတော့ တကယ့် Professional Production တစ်ခုအနေနဲ့၊ ကျွန်တော်တို့မြန်မာပြည်ဈေးကွက်အနေအထားအရလုပ်မယ် ဆိုရင်တော့ ဒါတွေကို မဖြစ်မနေကြည့်ရမှာပေါ့နော်။ ဇာတ်ကားတွေဆက်တိုက်ရိုက်နေတဲ့သူတွေမှာ ဒီလိုမျိုး သွားလုပ်လို့တော့မရဘူး။

**Voice: နှင်းဆီကထွက်တဲ့ ရုပ်ရှင်ကားတွေကို ဘယ်လိုပုံရိပ်မျိုးဖြစ်စေချင်တာလဲ၊ ဘယ်လိုဇာတ်လမ်းအမျိုးအစားတွေကို ဦးစားပေးရိုက်သွားမှာလဲ။**

**KKB:** ကျွန်တော်တို့က အမြဲတမ်းလည်းရိုက်ဖြစ်မှာမဟုတ်ဘူး။ တစ်နှစ်မှတစ်ကား၊ နှစ်နှစ်မှတစ်ကား ရိုက်ဖြစ်ချင်ရိုက်ဖြစ်မယ်။ နောက်တစ်ခုက နှင်းဆီအဖွဲ့မှာပါတဲ့ငါးယောက်စလုံးကလည်း အမြဲတမ်းတွဲပြီးရိုက်ဖြစ်မှာမ ဟုတ်ဘူး။ ဥပမာ- နေတိုးနဲ့ အရမ်းလိုက်မယ့်ဇာတ်၊ နေတိုးကိုယ်တိုင်က အရမ်းဖန်တီးချင်တဲ့ ဇာတ်ရုပ်မျိုးဆိုရင် နေတိုးတစ်ယောက်တည်းနဲ့ပဲ ကျွန်တော်တို့ ရိုက်ချင်ရိုက်မှာပေါ့နော်။ တကယ်လို့ ရိုက်ဖြစ်ရင်လည်း သေသေချာချာ အချိန်ယူပြင်ဆင်ပြီးမှ ရိုက်မှာပါ။

# ပြေလည်မှုရရှိသွားပြီဖြစ်တဲ့ 'ကိုးရိုးကားယား' ရုပ်ရှင်ကားကို ဆက်လက်ရိုက်ကူးတော့မယ်

ရန်ကုန်၊ အောက်တိုဘာ ၂၄


ဓာတ်ပုံ- ဝင်းထွန်းနိုင်

ဒါရိုက်တာပြည်ဟိန်းသီဟရိုက်ကူးတဲ့ 'ကိုးရိုးကားယား' ရုပ်ရှင်ကားမှာ သရုပ်ဆောင်မြင့်မြတ်က ပိုလီယိုရောဂါသည်ပုံစံမျိုး သရုပ်ဆောင်ထားတဲ့အပေါ်မှာ မသန်စွမ်းသူများဘက်ကနေ ဝေဖန်ခဲ့တာကြောင့် အောက်တိုဘာလ ၂၃ ရက်နေ့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး သဘောတူညီမှုရရှိခဲ့တယ်လို့ မြန်မာနိုင်ငံအစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက The Voice ကိုပြောကြားပါတယ်။

"ဒီကားကိုရိုက်ကူးတဲ့ဒါရိုက်တာက ဇာတ်ကိုပြောင်းရိုက်ပေးပါ့မယ်၊ ဒီဇာတ်လမ်းကို မသုံးတော့ဘူးဆိုပြီး ပြောတာကိုတောင် မသန်စွမ်းသူများဘက်ကနေ ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ သရုပ်ဆောင်များ ဖန်တီးထားတဲ့ အနုပညာတွေ မဆုံးရှုံးသွားအောင် လုံးဝမပြောင်းလဲပါနဲ့ပြောတယ်။ တစ်ဖက်ကလည်း သဘောတူတာကြောင့် ဒီဇာတ်ကိုပဲ လိုအပ်တာများ ထပ်မံညှိနှိုင်းပြီးတော့ ဆက်လက် ရိုက်ကူးသွားကြမှာပါ" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

ကိုးရိုးကားယားဆိုတဲ့ အသုံးအနှုန်းနဲ့အတူ ပိုလီယိုရောဂါတို့ ပေါင်းစပ်လိုက်တဲ့အခါမှာ လူတွေက တုပြုိင်ပြီးတော့ မသန်စွမ်းတွေကို နောက်စရာ၊ ပြောင်စရာအဖြစ် မြင်သွားမှာစိုးတာကြောင့် ဆွေးနွေးညှိနှိုင်းရခြင်းဖြစ်ကြောင်း၊ လက်ရှိမှာတော့ ဇာတ်လမ်းကို ပြုပြင်ပြောင်းလဲပြီး ဆက်လက်ရိုက်ကူးသွားဖို့ သဘောတူညီမှု ရရှိသွားကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌဖြစ်သူ ဦးအောင်ကိုမြင့်က ပြောထားပါတယ်။

"အနုပညာကို ခံစားတဲ့လူတွေထဲမှာ မသန်စွမ်းသူ နှစ်ဆယ့်သုံးသိန်းပါပါတယ်။ အဲ့ဒီမသန်စွမ်းသူတွေကလည်း အနုပညာရှင်တွေကိုချစ်တယ်။ ဒါပေမဲ့ သူတို့ပြောလိုက်တဲ့စကား၊ သူတို့လုပ်လိုက်တဲ့ သရုပ်ဆောင်မှုတွေက မသန်စွမ်းသူတွေအတွက် အားငယ်စရာ၊ သိမ်ငယ်စရာဖြစ်သွားရင် မသန်စွမ်းသူတွေအနေနဲ့ ဝမ်းနည်းစရာဖြစ်မှာ စိုးတယ်။ ကျွန်တော်တို့က လူပုဂ္ဂိုလ်ကို ပြောတာမဟုတ်ဘူး။ ဒီကားမှာပါတဲ့ မင်းသားကိုလည်းမပြောဘူး၊ ဒါရိုက်တာကိုလည်း မပြောဘူး၊ ဇာတ်လမ်းအဖြစ်အပျက်လေးတွေကိုပဲ ထောက်ပြပြီး ပြောခဲ့တာပါ" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## စိတ်ဖောက်သွားတဲ့ ကလေးတစ်ယောက်ပုံစံမျိုး သရုပ်ဆောင်ဖို့ ရှိတယ်ဆိုတဲ့ အိစိကွေး

ရန်ကုန်၊ အောက်တိုဘာ ၂၄

ဒါရိုက်တာ စတီးလ် ( ဒွေးမေတ္တာ) ရိုက်ကူးမယ့် ရုပ်ရှင်ဇာတ်ကားမှာ စိတ်ဖောက်သွားတဲ့ ကလေးတစ်ယောက်ပုံစံမျိုး သရုပ်ဆောင်ဖို့ ရှိပါတယ်လို့ သရုပ်ဆောင် အိစိကွေးက The Voice ကို ပြောကြားပါတယ်။

"ပထမတော့ လူကောင်းလေးပါပဲ။ မိဘတွေကနေ အုပ်ထိန်းမှု မကောင်းတဲ့အခါကျတော့ ကလေးက ဆိုက်ကိုဖြစ်သွားပြီး လူသတ်တဲ့အထိ ဖြစ်သွားတာပေါ့။ ဒီလိုကာရိုက်တာမျိုးက ပထမဆုံး သရုပ်ဆောင်ဖူးတာဆိုတော့ ကြိုပြီး လေ့ကျင့်ရတာတွေတော့ ရှိပါတယ်။ အိမ်မှာ မှန်ကြည့်ပြီး အက်တင်တွေ လုပ်ကြည့်ပါတယ်။ ဒီကားမှာ မင်းသားကတော့ ကိုနိုင်းနိုင်းပါ" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

သရုပ်ဆောင်အနေနဲ့ ဇာတ်ကားတွေ ရိုက်ကူးဖို့ လက်ခံထားသလို၊ နောက်ထပ် ဝါသနာတစ်ခုဖြစ်တဲ့ ဂီတဘက်မှာလည်း ကိုယ်တိုင်ရေးသားထားတဲ့ သီချင်း အသစ်တစ်ပုဒ်ကို မကြာမီမှာ ပရိသတ်တွေ လက်ထဲကို ထည့်ပေးနိုင်ဖို့အတွက် ကြိုးစားနေကြောင်း အိစိကွေး က ပြောကြားပါတယ်။

"ကောင်မလေးက နိုင်ငံခြားကို ရောက်သွားတယ်။ ကိုယ်က မြန်မာနိုင်ငံမှာ ကျန်ခဲ့တယ်။ သူ့ကို သတိရတယ်၊ လွမ်းတယ် ဆိုတဲ့ ပုံစံမျိုးလေး ရေးထားတာပါ။ သီချင်းနာမည်ကိုတော့ 'လွမ်း' လို့ ပေးထားပါတယ်။ ဒီလကုန်ပိုင်းမှာ အတီးပိုင်းတွေ ပြီးမယ်။ နောက်ထပ် အသံသွင်းရမှာရယ်၊ MTV ရိုက်မှာနဲ့ ဆို နှစ်လလောက်တော့ ကြာဦးမယ်" လို့ ၎င်းက ဆိုပါတယ်။

## Recap

❍ ပရိသတ်တွေ စိတ်ဝင်စားမှု မြင့်တက်နေတဲ့ ရင်ဘတ်ထဲက ခား ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင် အိန္ဒြာကျော်ဇင်ကို အကယ်ဒမီရအောင် ယူပေးနိုင်ခဲ့ရင် ဒါရိုက်တာတစ်ယောက်အနေနဲ့ တာဝန်ကျေတယ်လို့ ခံစားရကြောင်း ဝိုင်းက The Voice ကို ပြောကြားပါတယ်။

"ဒီကားကို တည်းဖြတ်ပြီးတဲ့အချိန်မှာ အစ်ကို ဆုံးဖြတ်ထားတာတစ်ခုပဲ ရှိပါတယ်။ ဒီကားမှာ အူဝဲ အကယ်ဒမီရရင် ကျွန်တော် အပြည့်အဝ တာဝန်ကျေတယ်လို့ ခံစားရမှာပါ။ မရရင် တာဝန်မကျေဘူးလို့ ခံစားရမှာပါ။ ထုတ်လုပ်သူကိုလည်း ငွေကြေးအမြတ်အစွန်း ရရှိစေချင်ပါတယ်။ ကျွန်တော့်ဘက်က ဒီ ဇာတ်ကားကို ဒါရိုက်တာတစ်ယောက်အနေနဲ့ အတတ်နိုင်ဆုံး သပ်ရပ်အောင်ရိုက်ထားပါတယ်" လို့ ၎င်းကဆိုပါတယ်။

❍ ကမ္ဘာကျော် အလှကုန်ပစ္စည်းများကို တင်သွင်းဖြန့်ချိနေတဲ့ Han Ideal Trading Ltd. မှ ဦး ဆောင်ပြီး Medi Myanmar Group Ltd.၊ UMFCCI နဲ့ရွှေရောင်နှင်းဆီကင်ဆာ ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပတဲ့ Breast Cancer Campaign ပွဲကို အောက်တိုဘာလ ၂၁ ရက်နေ့က UMFCCI မှာ ပြုလုပ်ခဲ့ပါတယ်။

ယင်းပွဲမှာတော့ ရင်သားကင်ဆာရောဂါဆိုင်ရာ အသိပညာပေးခြင်း၊ စမ်းသပ်ပေးခြင်း၊ သရုပ်ပြခြင်း၊ ရင်သားကင်ဆာကို ကုသအောင်မြင်ခဲ့သူများမှ ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်ဝေမျှပေးခြင်းတို့ကို ပြုလုပ်ခဲ့ပြီး Han Ideal Trading Ltd. မှ အလှူငွေ ၂၅ သိန်းကျပ် လှူဒါန်းပေးခဲ့ပါတယ်။




## Fifth Harmony မိန်းကလေးတေးသံရှင် အတွဲထူးတဲ့ ရမ်ပါ ဖရန့်ချ်မွန်တားနား

ဒီတပတ်အတွင်းထွက်ရှိတဲ့ သီချင်းတွေထဲမှာ အကဂီတ၊ အီလက်ထရိုဂီတကို စိတ်ဝင်စားသူတွေအတွက် အမေရိကန်အလုပဂေး မိန်းကလေးဂီတအဖွဲ့ Fifth Harmony ရဲ့ Remix သီချင်းအသစ်ထွက်လာခဲ့ပါတယ်။

အမေရိကန်- မော်ရိုကန် ရပ်ပ် တေးသံရှင် ဖရန့်ချ်မွန်တားနားက ည္ဩသည်အဖြစ် ပါဝင်သီဆိုပေးထားတာမို့ မြူးကြွဖို့ သေချာနေပါပြီ။

He Like That လို့ အမည်ပေးထားတဲ့ အဆိုပါသီချင်းဟာ ဂီတစာမျက်နှာတွေပေါ်မှာ လူနားထောင်မှု မြင့်တက်လျက်ရှိပါတယ်။

Fifth Harmony အဖွဲ့ဟာ မီယာမီပြည်နယ်အခြေစိုက် အမေရိကန် အသွေးအရောင်စုံ မိန်းမချောလေးများ အဖွဲ့ ဖြစ်ပြီး တည်ထောင်ချိန်မှာ ငါးဦးရှိခဲ့ပြီး ၂၀၁၆ အကုန်မှာ တစ်ဦး ထွက်ခွာသွားခဲ့ပါတယ်။

ည္ဩသည်တေးသံရှင် ဖရန့်ချ်မွန်တားနားကတော့ မော်ရိုကိုနိုင်ငံက ရွှေ့ပြောင်းလာတဲ့ အမေရိကန်အနုပညာရှင်တစ်ဦး ဖြစ်ပြီးတော့ နာမည်ကျော်ကြားလူကြိုက်များတဲ့ Hip Hop တေးသံရှင်တစ်ဦးလည်း ဖြစ်ပါတယ်။

တေးအယ်ဘမ် သုံးခုထုတ်လုပ်ထားတဲ့ Fifth Harmony ဟာ ဩဇာကြီး ဂီတဆုများစွာကိုလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အများကြီး ရရှိထားခဲ့ပါတယ်။

F-02

# အမျိုးသမီး ဟက်ကာသွန်ပြိုင်ပွဲ ဆန်ဟိုဆေတွင် ကျင်းပ

ဆန်ဟိုဆေ၊ အောက်တိုဘာ ၂၄




အမေရိကအလယ်ပိုင်း မက္ကဆီကိုနှင့် ဒိုမီနီကန်သမ္မတနိုင်ငံများမှ အမျိုးသမီးကွန်ပျူတာပညာရှင် ၂၀၀ ကျော် တို့သည် ဆန်ဟိုဆေမြို့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် အမေရိကအလယ်ပိုင်း အမျိုးသမီး ဟက်ကာသွန်ပြိုင်ပွဲ (Central American Women’s Hackathon) ကို အောက်တိုဘာ ၂၃ ရက်နေ့က ပါဝင်ဆင်နွှဲခဲ့ကြကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်နေ့က စတင်ကျင်းပခဲ့ပြီး အမျိုးသမီးကွန်ပျူတာပညာရှင်များသည် ၂၃ ရက်နေ့အထိ သုံးရက်တိုင် ဆန်ဟိုဆေမြို့ရှိ Costa Rican Technological Institute (TEC) တက္ကသိုလ်တွင် ယှဉ်ပြိုင်ခဲ့ကြကြောင်း ယင်းသတင်းကဆိုသည်။

ပြိုင်ပွဲတွင် (30-hour Adventure) အနေနှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ကြရခြင်းဖြစ်ပြီး ပေးထားသည့် ခေါင်းစဉ်မှာ (Urban Sustainability) ဖြစ်သည်။

အမျိုးသမီးပညာရှင်အဖွဲ့များသည် နာရီပေါင်း ၃၀ ကန့်သတ်ထားသည့် အချိန်အတွင်း မြို့ပြများတွင် မိုဘိုင်းလ်ဖုန်းကို အသုံးပြုခြင်းဖြင့်အများပြည်သူတို့သွားလာသည့်နေရာများတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နည်းပညာဖြင့် မည်သို့ဆောင်ရွက်နိုင်မည်နည်းဆိုသည့်အချက်များကို ပူးပေါင်းပြီး အဖြေထုတ်ပြရခြင်းဖြစ်သည်။

ထိုပြိုင်ပွဲကို Inter-American Development Bank နှင့် Sulá Batsú Cooperative ကုမ္ပဏီများက အထောက်အပံ့အကူအညီပေးကာ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး MIT Media Lab ကလည်း ပူးပေါင်းပါဝင်ခဲ့သည်။

ထို့ပြင် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် Costa Rica USA Foundation for Cooperation,UN Development Programme, the Ministry of Science, Technology and Telecommunications, TEC, Universidad Cenfotec, Universidad Hispanoamericana and the Center for Urban Sustainabilit တို့ကလည်း ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အကူအညီများ ပေးခဲ့ကြောင်း AFP သတင်းတွင် ရေးသားထားသည်။

Hackathon ဆိုသည်မှာ ပရိုဂရမ်ရေးသားသူ ပရိုဂရမ်မာများ စုဝေးပြီး၊ ဆော့ဖ်ဝဲဒီဇိုင်းတစ်ခုခုကို ဖန်တီးထုတ် လုပ်ကြခြင်းဆိုသည့် အဓိပ္ပာယ်ဖြင့် သုံးစွဲခဲ့ကြသည်။

အမေရိကအလယ်ပိုင်းတွင် ပထမဆုံး ဤပွဲကို ကျင်းပပေးရခြင်းမှာ နည်းပညာတွင် အမျိုးသမီးများ၏ ဦးဆောင်မှု အခန်းကဏ္ဍကို တိုးမြှင့်ပေးလိုသောကြောင့်ဖြစ်ကြောင်း၊ အနာဂတ်တွင် အိုင်တီနည်းပညာတီထွင်မှု ဖြင့် အမျိုးသမီးများ၏ လုံခြုံအေးချမ်း၊ သာယာသည့် ဘဝကို ပေါ်ထွန်းလာစေရေးအတွက် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း အစီအစဉ်ကျင်းပရေးကော်မတီကပြောကြားသည်။ ■ E01

# တရုတ်နိုင်ငံတွင် ပြည်သူများကို ရုပ်ဖြင့်သာမက အသံကိုပါ ထောက်လှမ်းမည့်နည်းလမ်းများလုပ်ဆောင်

ဝါရှင်တန်၊ အောက်တိုဘာ ၂၄

တရုတ်အစိုးရသည် အသံနမူနာပေါင်းများစွာကို စုဆောင်းနေပြီး၊ အမျိုးသားအသံစုဆောင်းမှုအစီအစဉ်ဖြင့် ဒေတာဘေ့စ်တစ်ခုတည်ဆောက်ကာ ရုပ်ထောက်လှမ်းခြင်းသာမက၊ အသံကိုပါ ထောက်လှမ်းနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း Human Rights Watch အဖွဲ့၏ အစီရင်ခံစာကို Time သတင်းတွင်ဖော်ပြထားသည်။

ထိုအစီအစဉ်သည် နိုင်ငံအတွင်းရှိ ပြည်သူများ၏ ဖုန်းများဖြင့် ပြောဆိုနေမှုများကို ထောက်လှမ်းမည့် အစီအစဉ် တစ်စိတ်တပိုင်းဖြစ်ပြီး အစိုးရအနေနှင့် ငွေကုန်ကြေးကျများစွာခံကာ လုပ်ဆောင်နေသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

တရုတ်နိုင်ငံတွင် ဖုန်းဖြင့်ပြောဆိုနေသည့် အသံများကို ထောက်လှမ်းမည့်စနစ်အား အကောင်အထည်ဖော်ပေးနေသည့် ကုမ္ပဏီမှာ iFlytech ဖြစ်ပြီး လက်ဗွေရာကိုလည်းကောင်း၊ DNA နမူနာဖြင့် စစ်ဆေးခြင်းဖြင့်လည်းကောင်း တရုတ်ပြည်အတွက် ဆောင်ရွက် ပေးနေပြီး ပြည်သူပေါင်းများစွာ၏ ဒေတာပေါင်းများစွာကို စုစည်းသိမ်းဆည်းထားကြောင်း Time တွင် ရေးသားထားသည်။

Biometric မှတ်တမ်းတင်စနစ်ကို ဂျပန်နိုင်ငံတွင်လည်း အသုံးပြုနေပြီး လက်ဗွေစနစ်ဖြင့် နိုင်ငံခြားသားများကို စစ်ဆေးကာ ပြည်တွင်း၌ သောင်းကျန်းသူအဖျက်သမား မဝင်နိုင်ရေးအတွက် လေဆိပ်များတွင် ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံတွင် ယခုအခါ လူဦးရေ သန်း ၄၀ ခန့်၏ DNA ကိုလည်းကောင်း၊ မျက်နှာပြင် သန်း ၁၀၀၀ ခန့်ကိုလည်းကောင်းရဲတပ်ဖွဲ့ဝင်များသည် ဒေတာဘေ့စ်တည်ဆောက်ကာ မှတ်တမ်းယူနိုင်ခဲ့ပြီးဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။




တရုတ်နိုင်ငံတွင် အသံမှတ်တမ်းတင် အသိအမှတ်ပြုစနစ်ကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အသံအမျိုးအစားပေါင်း ၇၀၀၀၀ ခန့်ကို ရှေ့ပြေးအနေနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန် ထုတ်ပြန်နိုင်ခဲ့သည်။

အသံဖြင့် ထောက်လှမ်းနိုင်မည့်စနစ်အတွက် တိုင်းရင်းသား မျိုးနွယ်စုဝင် ၁၁ သန်းခန့်၏ အသံများကိုလည်း မှတ်တမ်း တင်နိုင်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များသည် အသံကို စစ်ဆေးခြင်းဖြင့် ရာဇဝတ်မှုများကို ဖော်ထုတ်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း Time တွင် ရေးသားထားသည်။ ■ E01

## NEWS IN BRIEF

### ကြွက်မျိုးဗီဇဖြင့် အသေးစားဝက်လေးများဖန်တီး

ဘေဂျင်းမှ တရုတ်သိပ္ပံပညာရှင်များသည် ကြွက်မျိုးရိုးဗီဇများကို ဝက်မျိုးစိတ်နှင့်ပေါင်းစပ်ပြီး သေးငယ်၍ အဆီနည်းသည့် ဝက်လေး ၁၂ ကောင်ကို ဖန်တီးဖော်ထုတ်နိုင်ခဲ့ကြောင်း AP သတင်းတွင် ဖော်ပြထားသည်။

အထူးသီးသန့်ဖော်ထုတ်ထားသည့် Crispr-Cas9 ဆိုသည့် မျိုးစိတ်ကို ဝက်မျိုးစိတ်တွင် ထည့်သွင်းပေးနိုင် ခြင်းကြောင့် ခန္ဓာကိုယ်အပူချိန် တက်လာသည်နှင့်အမျှ အဆီကို လောင်ကျွမ်းစေသည့် နည်းကိုတွေ့ရှိခဲ့ရကြောင်း ယင်းသတင်းကဆိုသည်။

မျိုးစိတ်ဗီဇပြုပြင်ထားသည့် တိရစ္ဆာန်များကို အမေရိက၊ ဥရောပနှင့် တရုတ်တို့တွင် စားသုံးခြင်းအား စိတ်ဝင်စား လာသဖြင့် အဆီနည်းပြီး အကောင်သေးမျိုးဝက်များကို ထုတ်လုပ်နိုင်ရန် ကြိုးစားကြခြင်းဖြစ်ပြီး၊ ယင်းဝက်မျိုးများသည် အအေးဒဏ်ကိုလည်း ခံနိုင်ရည်ရှိကြောင်း AP သတင်းတွင် ရေးသားထားသည်။ ■

### စတီဖင် ဟော့ကင်း၏ Ph.D ကျမ်းကို အွန်လိုင်းပေါ်တင်ရာ Website ပျက်

ကင်းဘရစ်ချ်တက္ကသိုလ်မှ ကမ္ဘာကျော် ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်း ဒေါက်တာဘွဲ့အတွက် ရေးသားတင်သွင်းခဲ့သော Ph.D ကျမ်းကို အွန်လိုင်းပေါ်သို့ တင်လိုက်ရာတွင် စိတ်ဝင်စားသူများပြီး ကြည့်ရှုသူများလွန်းသောကြောင့် တက္ကသိုလ် Website ပျက်စီးသွားခဲ့ရကြောင်း CBS News သတင်းတွင်ဖော်ပြထားသည်။

ဟော့ကင်း အသက် ၂၄ နှစ်အရွယ် ၁၉၆၆ ခုနှစ်က ရေးသားခဲ့သော Properties of Expanding Universes ဆိုသည့် ကျမ်းသည် စကြဝဠာကြီး၏ မူလအစကို ဖော်ထုတ်ပြနိုင်ရန် အားထုတ်ထားခြင်းဖြစ်သောကြောင့် လေ့လာလိုသူများ အလွန်များခဲ့ရကြောင်း ယင်းသတင်းကဆိုသည်။

ယင်းကျမ်းကို ဟော့ကင်း၏ ခွင့်ပြုချက်ဖြင့် အများပြည်သူ လေ့လာခွင့်ရစေရန် တက္ကသိုလ် Website တွင် တင်ပေးခြင်းဖြစ်ပြီး၊ တစ်ပတ် အခမဲ့ download ချခွင့်ပေးထားရာမှ ဝင်ရောက်ကြည့်ရှုသူများလွန်းသဖြင့် ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း တက္ကသိုလ်ကထုတ်ပြန်ထားသည်။ ■

### iPhone X တွင် AI စနစ်များပါလာမည်ဟု Apple ထုတ်ဖော်

၉၉၉ ဒေါ်လာဖြင့် ရောင်းချမည်ဟု သတင်းများထွက်ပေါ်နေသည့် iPhone X တွင် Apple ကုမ္ပဏီသည် နောက်ဆုံးပေါ် Chip ဖြစ်သည့် A11 စနစ်ကို ထည့်သွင်းထားသောကြောင့် ဉာဏ်ရည်တု (AI) စနစ်များဖြင့် လုပ်ဆောင်မှုများကို မြင်တွေ့ရမည်ဖြစ်ကြောင်း Apple မှ COO ဂျက်ဖ်ဝီလျံ၏ ပြောကြားချက်ကို Reuters သတင်းတွင်ဖော်ပြထားသည်။

နောက်ဆုံးထုတ်မည့် iPhone X တွင် မျက်နှာပြင်ကို မှတ်မိပြီး ဖွင့်ပေးမည့် Face ID စနစ်များ ပါလာမည်ဖြစ်ပြီး ခေတ်၏လိုအပ်ချက်များကို အပြည့်စုံဆုံး ဖြည့်ဆည်းပေးမည်ဟု ဝီလျံကဆိုသည်။

ဖုန်းတွင် ထည့်သွင်းထားသည့် AI စနစ်များက စကားလုံးဖြင့် ဖော်ပြ၍ မရနိုင်လောက်အောင်ပင် ကောင်းမွန်နေကြောင်း၊ စက်က အလိုအလျောက်တွေးတော လုပ်ဆောင်နိုင်ပုံများကို အံ့အားသင့်ဖွယ်တွေ့ကြုံခံစားရမည်ဖြစ်ကြောင်း Reuters တွင် ဖော်ပြထားသည်။ ■

### ငိုသည့်ကလေးနှင့်အတူ မိခင်များ စိတ်လှုပ်ရှားတုံ့ပြန်မှုဖြစ်ဟုဆို

မိခင်နှင့်ကလေး ဆက်နွှယ်မှုတွင် အံ့သြစရာကောင်းသည့် ဦးနှောက်ချင်း ဆက်သွယ်မှုရှိနေကြောင်း National Institute of Child Health and Human Development မှထုတ်ပြန်ချက်ကို CNN သတင်းတွင် ဖော်ပြထား သည်။

မာ့ခ် ဘွန်းစတိန်းဦးဆောင်သည့် ပညာရှင်အဖွဲ့သည့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ မိခင်များကို လေ့လာခဲ့ရာတွင် ကလေးများ ငိုရှိုက်လိုက်သည်နှင့် မိခင်တို့၏ ဦးနှောက်များအတွင်း အလိုလို လှုပ်ရှားတုံ့ပြန်မှုများဖြစ်လာ သည်ကိုတွေ့ရကြောင်း ယင်းသတင်းကဆိုသည်။

ဦးနှောက်ထဲတွင် အာရုံခံအစိတ်အပိုင်းက ငိုသံလှိုင်းကြောင့် နိုးထမှုများဖြစ်လာရကြောင်း၊ နှိုးစက်သဖွယ် မိခင်များ၏ ဦးနှောက်အတွင်းရှိ အစိတ်အပိုင်းက ကလေးငိုသည်နှင့် တစ်ခုခု တုံ့ပြန်ပေးရတော့မည်ကို သိနိုင်ကြောင်းကို ပညာရှင်များက MRI ဖြင့် စကင်ဖတ်ပြီး စမ်းသပ်ပြခဲ့ကြသည်။

### အသည်းကို မပျက်စီးစေသော အရက်တီထွင်

အရက်သည် ကျန်းမာရေးအတွက်မကောင်း၊ အသည်းကို ပျက်စီးစေသည်ဆိုသော်လည်း အိန္ဒိယနိုင်ငံမှ ဟာရျာ ချီဂူရူပတီဆိုသူက အသည်းနှင့် DNA ပျက်စီးခြင်းမှ အကာအကွယ်ပေးနိုင်မည့် NTX (no-tox) ဆိုသည့် အရက်တစ်မျိုးကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ကြောင်း Wall Street Journal တွင် ဖော်ပြထားသည်။

ချီဂူရူပတီသည် နယူးဂျာစီအခြေစိုက် Bellion ကုမ္ပဏီအတွက် NTX ဓာတ်များ ရောနှောပေါင်းစပ်ထားသည့် အရက်များကို တီထွင်ပေးခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

NTX အရက်များကို ၂၀၁၃ ခုနှစ်ကတည်းက စမ်းသပ်ခဲ့ခြင်းဖြစ်ပြီး ထုတ်လုပ်ရောင်းချရန်ဖြစ်သော်လည်း အမေရိကန် အရက်နှင့် ဆေးလိပ်ထိန်းချုပ်ရေးဗျူရို (TTB) က ခွင့်ပြုချက်မပေးသေးကြောင်း Wall Street တွင် ရေးသားထားသည်။ ■ E01


ဓာတ်ပုံ-အောင်နိုင်

# နည်းပြ၊ သရုပ်ပြ ၇၅၀ ကျော် လက်ထောက်ကထိက ရာထူးတိုး

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်များနှင့် နည်းပညာတက္ကသိုလ်များမှ နည်းပြ၊ သရုပ်ပြ ၇၅၀ ကျော်ကို လက်ထောက်ကထိကရာထူးသို့ အောက်တိုဘာလ ၂၃ ရက်တွင် တိုးမြှင့်ခန့်ထားလိုက်သည်။

ရာထူးတိုးရန် အနည်းဆုံး မဟာဘွဲ့၊ BE/B.Arch ရရှိပြီးသူ၊ အနည်းဆုံးလုပ်သက် သုံးနှစ်ရှိသူ၊ ပြစ်ဒဏ်ကာလတွင်း မဟုတ်သူ၊ လက်ထောက်ကထိကရာထူးဖြင့် ထိုက်တန်ကြောင်း သက်ဆိုင်ရာအကြီးအကဲက ထောက်ခံပေးသူဖြစ်ရန် လိုအပ်သည်။

ရာထူးတိုး တန်းစီဇယားတွင် နည်းပြ၊ သရုပ်ပြလုပ်သက်၊ စုစုပေါင်းလုပ်သက်၊ လုပ်သက်စောခြင်း၊ ပါရဂူဘွဲ့စောရခြင်း၊ ပြည်ပက ပါရဂူဘွဲ့ရရှိခြင်း၊ (ဝဖ) ရမှတ်များခြင်း၊ မဟာဘွဲ့ရရှိသောနှစ်စောခြင်း၊ ပြည်ပမှ မဟာဘွဲ့ရရှိခြင်း BE/B.Arch ဘွဲ့ကို ပြည်ပမှရရှိခြင်းတို့ ပါဝင်သည်။

လက်ထောက်ကထိက ရာထူးတိုးသော ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် အင်္ဂလိပ်စာနှင့် ဘာသာစကားဌာနမှ ဆရာမတစ်ဦးက "ကြားထဲမှာ စိတ်တွေအများကြီးဆင်းရဲခဲ့ရတယ်။ အခုချိန် ရာထူးတိုးလာတဲ့အခါ အများကြီး ဝမ်းမသာရဘူး။ သူများတွေက သုံးနှစ်နဲ့ရာထူးတိုးတဲ့အချိန်မှာ ကျွန်မတို့က ကိုးနှစ်လောက်မှ တိုးတာဆိုတော့ ဝမ်းမသာတော့ဘူးပေါ့" ဟု ပြောကြားသည်။

ယင်းရာထူးတိုးရန် ခြောက်ကြိမ်စာတင်ခဲ့ရပြီး သရုပ်ပြလုပ်သက် ၈ နှစ်နီးပါးအတွင်း ပညာရေးဝန်ကြီး ပြောင်းလဲမှု သုံးကြိမ်ရှိခဲ့ပြီး ရာထူးတိုးမူဝါဒအမျိုးမျိုးပြောင်းလဲကာ လုပ်သက်များသော်လည်း ယခုချိန်မှသာ ရာထူးတိုးခံရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ■

**မြဇာခြည်သင်း**

# ဇနီးမောင်နှံချင်း စကားများရာမှ နေအိမ်မီးရှို့

**ကလေး၊ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ တောင်ဖြူကျေးရွာတွင် အောက်တိုဘာလ ၂၂ ရက်နေ့ မွန်းလွဲ ၂ နာရီကျော်က ဇနီးမောင်နှံချင်း စကားများရာမှ အမျိုးသားဖြစ်သူရှို့သည့်မီးကြောင့် နေအိမ်မီးလောင်ခဲ့ကြောင်း မင်းကင်းမြို့နယ်၊ မီးသတ်တပ်ဖွဲ့မှူးရုံးမှ ဗိုလ်လေး ကျော်ဇင်ဟိန်းက ပြောကြားသည်။

အဆိုပါမီးလောင်မှုကို စစ်ဆေးရာ ဦးတင်ဝင်းသည် ၎င်း၏ ဇနီးဖြစ်သူနှင့် စကားများပြီး ဇနီးဖြစ်သူနေအိမ်၌ မရှိချိန်တွင် မီးဖိုဆောင်မှ မီးစကိုယူ၍ ၎င်း၏နေအိမ်ကို မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု စစ်ဆေးတွေ့ရှိခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဦးတင်ဝင်း အသက် ၄၈ နှစ်ကို မင်းကင်းမြို့မရဲစခန်းက ပုဒ်မ(ပ)၃၉/၂၀၁၇၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၃၆ ဖြင့် ဖမ်းဆီးအရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မင်းကင်းမြို့မရဲစခန်းထံမှ သိရသည်။ ■

**R-20**

# ဆိုင်ကယ်ဖြင့် မူးယစ်ဆေးရောင်းသူကို ဖမ်းမိ

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ဆိုင်ကယ်တစ်စီးဖြင့်လှည့်လည်ပြီး မူးယစ်ဆေးဝါးများ လိုက်လံရောင်းချနေသူ အသက် ၃၁ နှစ်အရွယ် အမျိုးသားတစ်ဦးကို အောက်တိုဘာလ ၂၃ ရက် ည ၉ နာရီခန့်က အရိုးအသွား ၁၀ လက်မခန့်ရှိ နှစ်ဖက်သွား ဓားဦးချွန်တစ်ချောင်းနှင့်အတူ ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြကန်သာလမ်းပေါ်တွင် အရှိန်ပြင်းစွာမောင်းနှင်လာသည့် မသင်္ကာဖွယ်ရာဆိုင်ကယ်တစ်စီးကို လှည့်ကင်းရဲတပ်ဖွဲ့က ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးစစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်သူ သူရဇော် (ခ) အရုပ်ထံမှ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော ပန်းရောင်စိတ်ကြွဆေးပြားများနှင့် ခါးကြားတွင် ခိုးဝှက်သယ်ဆောင်လာသည့် ဓားဦးချွန်တစ်ချောင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အမှုဖွင့် တိုင်ကြားချက်အရ ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဖမ်းဆီးတဲ့အချိန်မှာ ပြန်ခုခံတာတော့ မရှိပါဘူး၊ သူက လှိုင်သာယာ (၆)ရပ်ကွက်မှာနေတာ၊ ရောင်းချရန်လက်ဝယ်ထားတာရယ်၊ လက်နက်ပါတာရယ်ကြောင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၂(ခ)နဲ့ အရေးယူထားပါတယ်၊ ကွင်းဆက်ကတော့ စစ်ဆေးနေတုန်းပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အလားတူ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ သုမင်္ဂလာ လမ်းပေါ်တွင် အောက်တိုဘာလ ၂၃ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်က မူးယစ်ဆေးဝါးကြိုတင်သတင်းရရှိထားသူ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)ဖြင့် အမှုဖွင့်ထားသည်။ ■ **J 16**






BBC

# ဆေးမင်ကြောင်ပြပွဲတွင် အသက် ၁၀၀ အရွယ် မျိုးနွယ်စု တက်တူးပညာရှင်ကို အသုံးချသည်ဟု ဝေဖန်မှုများထွက်ပေါ်

**မနီလာ၊ အောက်တိုဘာ ၂၄**

ဖိလစ်ပိုင်တွင် ကျင်းပသော ဆေးမင်ကြောင် တက်တူးပြပွဲတွင် အသက် ၁၀၀ အရွယ် ဂုဏ်ထူးဆောင် ရိုးရာတက်တူး ပညာရှင်ကို ခေါ်ယူလာခြင်းသည် အမြတ်ထုတ် အသုံးချခြင်းသာ ဖြစ်သည်ဟူသော ပြစ်တင်ဝေဖန်မှုများ ထွက်ပေါ်လာကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ဂုဏ်ထူးဆောင် ရိုးရာတက်တူး ပညာရှင် ဝမ်အော့ကို ဖိလစ်ပိုင်လေတပ်၏ အကူအညီဖြင့် မနီလာပွဲသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ဝမ်အော့သည် ကလင်ဂါပြည်နယ်မြောက်ပိုင်း တောင်ပေါ်ဇာတိဖြစ်သည်။

သူမသည် ရှောက်ပန်းသီးပင်မှ ဆူးများ၊ ဝါးချောင်းလေးများနှင့် မီးသွေးခဲစသော ပစ္စည်းအနည်းငယ်ကို ကျွမ်းကျင်စွာ အသုံးပြုကာ ရိုးရာအနုပညာဖြင့် တစ်ကိုယ်တော်ဖန်တီးသူ ပညာရှင်တစ်ဦးဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၈၀ အတွင်း ဒေသခံ ရွာသားများကိုသာမကဘဲ တက်တူးအတွက် ဝေးလံသောဒေသအထိ အရောက်လာသူ ကာလိုစ်မန်ဂိုဘာကဲ့သို့သော တိုးရစ်များကိုပါ ဆေးမင်ရေးထိုးပေးခဲ့သည်။

ပြပွဲစီစဉ်သူ ကလေတန်တူဂုံနွန်က "သူမဟာ ဖိလစ်ပိုင်ရဲ့ သီးသန့်ဝိသေသလက္ခဏာတစ်ခုဖြစ်ပါတယ်။ ကျေးရွာလူကြီးတွေ၊ လူမျိုးစုကော်မတီတွေ ပါဝင်တဲ့ အထူးလမ်းကြောင်းကနေ သူမကို ဆက်သွယ်ဖိတ်ကြား ခေါ်ယူခဲ့ပြီး သူမ၏အသက်အရွယ်ကြောင့် နှစ်ရက်တာပွဲကာလအတွင်း ဆေးအထောက်အကူအဖွဲ့ကို အသင့်ထားရှိပေးခဲ့ပါတယ်"ဟု ပြောကြားသည်။

သို့ရာတွင် ပြပွဲ၌ သူမ တက်တူးရေးဆွဲပေးသည့်အတွက် ရရှိသော ငွေအားလုံးကို သူမ၏မျိုးနွယ်စုကျေးရွာသို့ ပေးအပ်သည်ဟု စီစဉ်သူများက ပြောကြားသော်လည်း အသက်အရွယ် အိုမင်းနေသော ဂုဏ်ထူးဆောင်ပညာရှင်ကို ပြပွဲသို့ ခေါ်ယူလာခြင်းသည် ပြောင်ပြောင်တင်းတင်း အသုံးချအမြတ်ထုတ်ခြင်းသာဖြစ်သည်ဟု အွန်လိုင်းလူမှုမီဒီယာ အသုံးပြုသူများက ယူဆနေကြသည်။

ပြပွဲတွင် သူမအား ကောင်းမွန်စွာ မဆက်ဆံဘဲ အသုံးချခဲ့သည်ဟု ယူဆကြသော ဆိုရှယ်မီဒီယာ အသုံးပြုသူ ဖိလစ်ပိုင်လူမျိုး ထောင်ပေါင်းများစွာက ထိုကိစ္စကို အမျက်ထွက်လျက်ရှိသည်။

"ဝမ်အော့က အသက် ၁၀၀ ရှိနေတဲ့ တိုင်းပြည်ရဲ့ ရတနာပါ။ အကျိုးအမြတ်ကြောင့် သူမကို မနီလာအထိခေါ်ပြီး လူ ၂၀၀ ကို တက်တူးထိုးခိုင်းတာဟာ ရူးသွပ်ပြီး လူမဆန်တဲ့လုပ်ရပ်ပါ" ဟု အချို့က မှတ်ချက်ပေးကြသည်။

ကျောင်းသားတစ်ဦးဖြစ်သူ ဘာရက်တီက "ကျွန်တော်လည်း ဝမ်အော့ဆီမှာ တက်တူးထိုးချင်တာပေါ့။ ဒါပေမဲ့ ဒီလိုနေရာမှာ ဒီလိုမလုပ်သင့်ဘူးလို့ထင်ပါတယ်။ ဒီလုပ်ရပ်ဟာ ဖိလစ်ပိုင်ရဲ့ရိုးရာဓလေ့တွေကို တန်ဖိုးကျစေပါတယ်" ဟု ပြောကြားသည်။

တက်တူးပညာရှင်တစ်ဦးဖြစ်သူ ရစ်ချတ်တက်ကလည်း "ရိုးရာဆေးမင်ကြောင်ဆိုတာ ကျွမ်းကျင်မှု အများကြီးလိုအပ်တဲ့ပညာတစ်ခုပါ။ တစ်ရက်တည်းနဲ့ လူ ၂၀၀ လောက်ကို ဆေးမင်ကြောင် ထိုးစေတာဟာ အသုံးချတဲ့ သဘောဖြစ်နေတယ်" ဟု မှတ်ချက်ပေးသည်။

ခေတ်ပုံသတင်းထောက်တစ်ဦးဖြစ်သူ မီဂွယ်ဂူစမန်ကမူ "ဝမ်အော့ကို ပထမဆုံး တွေ့ဖူးတာပါ။ သူမနဲ့ တွေ့ချင်လို့၊ တက်တူးထိုးချင်လို့ စိတ်လှုပ်ရှားနေသူတွေ အများကြီးပါပဲ။ သူမလည်း ပျော်ရွှင်နေပုံရပါတယ်။ မောပန်းနွမ်းနယ်နေခြင်း မရှိပါဘူး။ အခြေအနေကောင်းပါတယ်" ဟု ပြောကြားသည်။

ကာလိုစ်မန်ဂိုဘာကမူ "ဂါရဝထားတဲ့အနေနဲ့ ဝမ်အော့ရဲ့ ရွာအထိမသွားဘဲ ဒီပွဲမှာ သူမဆီက တက်တူးလိုချင်နေသူတွေအတွက် စိတ်မကောင်းပါဘူး။ ဒီလိုပညာရှင်ဆီက အတွေ့အကြုံ အားလုံးကို ဘယ်လိုလုပ် ရနိုင်မှာလဲ။ သူမက နာမည်ကျော်ပြီးသားပါ။ ဒီပွဲကသာ သူမကို လိုအပ်ခဲ့တာပါ" ဟု ပြောကြားသည်။ ■ F-04

# ယခင်နှစ်ကဆင်စွယ်များ ကမ္ဘာ့စံချိန်တင် သိမ်းဆည်းရမိ

**ကိပ်တောင်း၊ အောက်တိုဘာ ၂၄**

ယခင်နှစ်က ကမ္ဘာတစ်လွှားတွင် ဆင်စွယ်များ စံချိန်တင် သိမ်းဆည်းရမိခဲ့ပြီး အာဖရိကတိုက်တွင် ဆင်များ ဖမ်းဆီးသတ်ဖြတ်ခံရမှုများ ငါးနှစ်မြောက် ကျဆင်းလာသည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

ဆင်စွယ်တန်ချိန် ၄၀ ခန့်ကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်ဟု မျိုးတုံးပျောက်ကွယ်မည့်အန္တရာယ်ရှိနေသော တိရစ္ဆာန်မျိုးစိတ်များ ရောင်းဝယ်မှုဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်းအဖွဲ့အစီရင်ခံစာများက ဆိုသည်။

လွန်ခဲ့သော ၁၀နှစ်အတွင်း အာဖရိကဆင်ပေါင်း ၁၁၁,၀၀၀ ခန့် ဖမ်းဆီးသတ်ဖြတ်ခြင်းခံခဲ့ရသော်လည်း နေရာအများစုတွင်မူ ကျဆင်းနေပုံရသည်။ အဆိုပါသတင်းများကို အားလုံးက ကြိုဆိုကြသော်လည်း သတိထားရဦးမည်ဟု ဆိုကြသည်။

"အခု လုပ်ဆောင်နေကြတဲ့ ကမ္ဘာတစ်ဝန်းစုပေါင်းအားထုတ်မှုရဲ့ရလဒ်ကောင်းတွေ စတင်ထွက်ပေါ်လာပြီဆိုပေမယ့် ရည်မှန်းချက်ပန်းတိုင်ကိုတော့ အခုထိ မရောက်သေးပါဘူး"ဟု နိုင်ငံတကာ ကွန်ဗင်းရှင်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဂျွန်စကာလွန်က ပြောကြားသည်။

ဆင်စွယ်များ စံချိန်တင် ဖမ်းဆီးရမိခြင်းသည် အသိပညာ ပိုမိုတိုးတက်လာပြီး ဥပဒေစိုးမိုးမှု အားကောင်းလာသည်ကို ညွှန်ပြနေသည်ဟု အစီရင်ခံစာက ဆိုသည်။

ကြားဖြတ်ဖမ်းဆီးရန် လွယ်ကူသော အာရှတိုက်သို့ ဆင်စွယ်အချောင်းလိုက် တင်ပို့ခြင်းထက် အာဖရိကတွင်လက်ကောက်များ၊ ဆွဲသီးဆွဲပြားများအဖြစ် ထုဆစ်သည့် ပမာဏမြင့်တက်နေသည့်ကြားမှ ယခုသတင်း ထွက်ပေါ်လာခြင်း ဖြစ်သည်။

ပြီးခဲ့သည့်ဆယ်နှစ်အတွင်း ဆင်များကို ခိုးယူသတ်ဖြတ်မှုများ ဆိုးဆိုးဝါးဝါး ဖြစ်ပေါ်ခဲ့သည့် အာဖရိက အရှေ့ပိုင်းအတွက် ယခုအစီရင်ခံစာသည် အထူးသဖြင့် သတင်းကောင်းဖြစ်သည်ဟု စကာလွန်က ပြောကြားသည်။

"ဆင်ဖမ်းဆီးသတ်ဖြတ်မှုတွေဟာ ၂၀၁၁ မှာ အမြင့်ဆုံးကို ရောက်ခဲ့ပြီး တဖြည်းဖြည်း ပြန်လည်ကျဆင်းလာတာ အခုဆိုရင် ၂၀၀၈ မတိုင်ခင် အခြေအနေကို ပြန်ရောက်နေပါပြီ"ဟု ၎င်းကပြောကြားသွားသည်။

လွန်ခဲ့သောဆယ်နှစ်အတွင်း ဆင်ကောင်ရေမြောက်မြားစွာ ကျဆင်းသွားခဲ့သော အာဖရိကအလယ်ပိုင်းရှိဘော့ဆွာနာ၊ တောင်အာဖရိကနှင့် နမီးဘီးယားနိုင်ငံများတွင် ဆင်များအပေါ် ရှုမြင်ပုံ တိုးတက်ကောင်းမွန်လာသော်လည်း တရားမဝင်သတ်ဖြတ်ခိုးယူမှုနှုန်း မြင့်မားနေဆဲဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အရှိန်ရနေသည့်အချိန်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများ အနေနှင့် ထိုအားသာချက်ကို အသုံးပြု၍ တွန်းအားပေးကြရန် အရေးကြီးသည်ဟု ဂွန်စကာလွန်က ပြောကြားသည်။ ■F-04



BBC

# ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူနှစ်ဦးကို ဟောင်ကောင်တရားရုံး အာမခံပေး



Reuters

နေသန်လော (ဝဲ)နှင့် ဂျော့ရှုဝါဝေါင် (ယာ)

**ဟောင်ကောင်၊ အောက်တိုဘာ ၂၄**

ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူနှစ်ဦးဖြစ်သည့် ဂျော့ရှုဝါဝေါင်နှင့် နေသန်လောတို့ နှစ်ဦးကို ဟောင်ကောင်၏ အဆင့်မြင့်ဆုံးတရားရုံးက အာမခံပေးလိုက်သဖြင့် ၂၀၁၄ ခုနှစ် ဒီမိုကရေစီရေးတောင်းဆိုမှုများနှင့်ပတ်သက်၍ ထောင်ဒဏ်ချမှတ်ထားမှုအပေါ် အယူခံဝင်ခြင်း ဆိုင်းငံ့ထားပြီဖြစ်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဟောင်ကောင် ဒီမိုကရေစီအရေးတောင်းဆိုသူများဖြစ်သည့် အသက် ၂၁ နှစ်အရွယ် ဂျော့ရှုဝါဝေါင်၊ အသက် ၂၄ နှစ်အရွယ် နေသန်လော၊ အသက် ၂၇ နှစ်အရွယ် အဲလတ်ချိုတို့ကို ဟောင်ကောင် အယူခံတရားရုံးက ဩဂုတ်လတွင် ထောင်ဒဏ်ချမှတ်လိုက်မှုသည် လူတိုင်းမဲပေးခွင့်ရရေးတောင်းဆိုမှုအပေါ် ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်။

ထို့အပြင် ယင်းကဲ့သို့ဆုံးဖြတ်မှုကြောင့် တရားစီရင်မှုတွင် နိုင်ငံရေးအရ စွက်ဖက်မှုရှိနေသည်ဆိုသော စွပ်စွဲမှုများလည်း ပေါ်ထွက်လျက်ရှိသည်။

အဆိုပါထောင်ဒဏ်ချခံရသည့် လူငယ်သုံးဦးသည် ဟောင်ကောင် ဒီမို

စာ-23

# အမေရိကန်ပြည်ထောင်စု ဗလော်ရီဒါပြည်နယ် မြို့တစ်မြို့တွင် စိတ္တဇလူသတ်ကောင် ဆက်တိုက် လူသတ်

**တန်ပါ၊ အောက်တိုဘာ ၂၄**

အမေရိကန်ပြည်ထောင်စုဖလော်ရီဒါပြည်နယ် တန်ပါမြို့မှာ လူသုံးဦးတိတိတူညီတဲ့ပုံစံအနေအထားနဲ့ အသတ်ခံနေရပြီး ဆက်စပ်မှုလည်း မရှိတာကြောင့် စိတ္တဇလူသတ်ကောင်ဟုရဲများက ယူဆနေကြကြောင်း VOA သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါလူသတ်သမားကြောင့် ပြည်သူများ ကျိုးလန့်စာစား ဖြစ်နေကြပြီး ကျောင်းသူ ကျောင်းသားများ အသွားအပြန်ကို ရဲများက စောင့်ရှောက်ပေးနေရသည်။ မြို့နယ်ဘတ်စ်ကားလမ်းကြောင်းကိုလည်း ပြောင်းထားရသည်။

ဆိတ်ငြိမ်ရပ်ကွက် ဆီမီနိုးဟိုက်စ်ဒေသရှိ တစ်မိုင်ပတ်လည်အကျယ်အဝန်းအတွင်း လူသုံးဦး သီတင်းပတ် ၂ ပတ်အတွင်း အသတ်ခံရကာ သေဆုံးသူများလည်း အချင်းချင်း ပတ်သက်မှုမရှိကြပေ။

သို့သော် သေဆုံးသူသုံးဦးလုံးသည် ဘတ်စ်ကားစီး ပြန်ခဲ့ကြပြီး သေနတ်နှင့် အပစ်မခံရခင် လူပြတ်သောလမ်းကိုသွားခဲ့ကြပြီးပစ္စည်းလုယက် ယူငင်ခြင်းမရှိပေ။

"ကျွန်မကြောက်လန့်မိပါတယ်" ဟု ဖြေကြားခဲ့သူ မာရီယာမာဒိုနာဒိုသည် အခင်းဖြစ်ရာနေရာများနှင့် မနီးမဝေးတွင် နေထိုင်သူဖြစ်ပြီး ၎င်း၏ ၇ နှစ်အရွယ်သားဖြစ်သူကို ခြံဝင်းထဲသို့ ဆင်းကစားခိုင်းခြင်းမရှိပေ။

ကားခိုးမှုများ၊ ရန်ပွဲများ ဖြစ်တတ်သော်လည်း လူသတ်သည်အထိ ကြမ်းတမ်းသောအမှုအခင်းများ ယခင်ကမဖြစ်ဖူးပါကြောင်း ဆီမီနိုးဟိုက်စ် ဒေသခံများက ပြောကြားကြသည်။

ဒေသခံပြည်သူများကအိမ်ထဲတွင်သာနေကြသောကြောင့် စီးပွားရေးများ ထိခိုက်လာကြောင်း ဆိုင်လုပ်ငန်းများက မှတ်ချက်ပြုကြသည်။

အသတ်ခံရသူ ၃ ဦးအနက် ၂ ဦးသည် စတိုးဆိုင်သို့လာကာ မုန့်နှင့် အချိုရည်များလာဝယ်ခြင်းဖြစ်သောကြောင့် ကုန်စုံဆိုင်လုပ်ငန်းများ ရှေ့ရေးထိခိုက်နေကြောင်း ဆိုင်ရှင်မာဂျက်ဖိုကာဟာက ပြောကြားခဲ့သည်။

ဆိုင်တွင်စျေးရောင်းနေစဉ် သေနတ်ကို အမြဲအသင့်ဆောင်ထားရပြီး ညဘက်ကားရပ်နားရာနေရာသို့ ပြန်စဉ်ပင် သေနတ်ကို အသင့်ကိုင်ထားရသည်ဟု ၎င်းက ပြောကြားခဲ့သည်။

နယ်မြေလုံခြုံရေးအတွက် ရဲဒါဇင်ပေါင်းများစွာကိုတာဝန်ပေးထားပါကြောင်း တန်ပါမြို့တော်ဝန် ဘော့ဘက်ဟွန်း က ပြောကြားသည်။ ■ F-02




ဘယ်ကပေါ်လာမှန်းမသိသော သေနတ်သမားကြောင့် သေဆုံးရသူသုံးဦး၏ ဓာတ်ပုံများ

**စာ-23 ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူနှစ်ဦးကို ဟောင်ကောင်တရားရုံး အာမခံပေး မှအဆက်**

ကရေစီရေးအတွက် ၂၀၁၄ ခုနှစ်တွင် ဟောင်ကောင်ရှိ အဓိကလမ်းမကြီးများကို ၇၉ ရက်ကြာ ပိတ်ဆို့ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြပွဲကြီးများ လုပ်ဆောင်ခဲ့သူများဖြစ်သည်။

ယင်းကဲ့သို့ လုပ်ဆောင်ခဲ့မှုကြောင့် ဝေါင်ကို ထောင်ဒဏ် ၆ လ၊ လောကို ထောင်ဒဏ် ၈ လ ချမှတ်ခဲ့သော်လည်းယခုအခါ ၎င်းတို့ နှစ်ဦးကို ဒေါ်လာ ၆၄၀၈ ဖြင့် ဟောင်ကောင် အယူခံတရားရုံးတရားသူကြီးချုပ် ဂျက်ဖရီမာက အာမခံပေးလိုက်ပြီဖြစ်သည်။ ချိုမှာမူ အယူခံဝင်ခြင်းမရှိပေ။

ထို့ကြောင့် ဟောင်ကောင် တရားရုံးလုပ်ဆောင်မည့်နောက်ထပ်ခြေလှမ်းများကို ပြည်သူများကအနီးကပ် စောင့်ကြည့်မည်ဖြစ်သည်။

ဝေါင်၊ ချိုနှင့် လောတို့လူအဖွဲ့အစည်းအကျိုးပြုတာဝန်များ ထမ်းဆောင်ရန်ပြီးခဲ့သည့် နှစ်အတွင်း ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း တရားရေးအတွင်းဝန်ရင်ကီယွန်က အခြားသောအကြီးတန်းအရာရှိများသဘောထားကို ကျော်လွှားလိုက်ပြီး အမှုပြန်လည်စစ်ဆေးရန်၊ ပိုမိုပြင်းထန်သည့်ပြစ်ဒဏ်ချမှတ်ရန် တွန်းအားပေးခဲ့သည်။

ဒီမိုကရေစီရေးလှုပ်ရှားသူ သုံးဦးအပေါ် ထောင်ချမှုသည် ဟောင်ကောင်၏ တရားဥပဒေစိုးမိုးမှုအပေါ် ဆိုးရွားစွာခြိမ်းခြောက်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာအကြီးတန်းရှေ့နေများအုပ်စုက မကြာသေးမီက သတိပေးခဲ့သည်။ ■F-05



ကျောဖုံး - ရှီကျင့်ဖျင် အတွေးအခေါ်ကို ကွန်မြူနစ်ပါတီ အခြေခံစည်းမျဉ်းတွင် ထည့်သွင်း၊ မှအဆက်

မထိပါးဘဲ ရှီကိုစိန်ခေါ်ရန် ခက်ခဲသွားပြီဖြစ်သည်။

## ရှီကျင့်ဖျင် အတွေးအခေါ်ဆိုတာဘာလဲ

ယေဘုယျဆန်သော လေလုံးမိုးလုံးဟု ထင်စရာရှိသော်လည်း တကယ်တမ်းတွင် ရှီအုပ်စိုးသည့်ကာလအတွင်းချမှတ်ခဲ့သော ကွန်မြူနစ်စံများကို ဖော်ပြခြင်းဖြစ်သည်။

၎င်း၏ ပင်မူဝါဒကြီး ၁၄ ရပ်တွင် တိုင်းပြည်၏ကဏ္ဍကြီးတိုင်းကိုအုပ်ချုပ်ရာတွင် ကွန်မြူနစ်ပါတီ၏ အခန်းကဏ္ဍကိုဖော်ပြထားသည်။ ယင်းတို့ထဲတွင် -

- ပြည့်စုံနက်ရှိုင်းသည့် ပြုပြင်ပြောင်းလဲရေး နှင့် ဖွံ့ဖြိုးရေးအယူအဆသစ်များ

- လူသားနှင့် သဘာဝအကြားသဟဇာတဖြစ်စွာနေထိုင်ရေး၊ ဆိုလိုသည်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုတိုးမြှင့်ရေးနှင့် တရုတ်၏စွမ်းအင် လိုအပ်ချက်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲလာနိုင်ရေးတို့ကို ရည်ညွှန်းခြင်းဖြစ်သည်။

- ပြည်သူ့တပ်မတော်အပေါ် ပါတီကအကြွင်းမဲ့အာဏာပိုင်ရေး၊ တရုတ်ခေတ်သစ်သမိုင်းတစ်လျှောက် အကြီးမားဆုံးစစ်ဘက်ခေါင်းဆောင်ပိုင်း အပြောင်းအလဲလုပ်ဆောင်နေခြင်းမှာ ယခုအချက်နှင့်အညီဖြစ်သည်။

- တစ်နိုင်ငံစနစ်နှစ်မျိုး၏ အရေးပါမှုကိုဆန်းစစ်ခြင်းနှင့် အမိမြေနှင့် ပြန်လည်ပေါင်းစည်းခြင်း၊ ယင်းမှာဟောင်ကောင်နှင့် ထိုင်ဝမ်ကို ရည်ညွှန်းသည်။

တစ်ပတ်မျှကြာမြင့်သည့် ကွန်ဂရက်တွင် ကိုယ်စားလှယ် ၂၀၀၀ ကျော်သည် ပြည်နယ်ပါတီခေါင်းဆောင်များ၊ အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံပိုင်လုပ်ငန်းများ၏ အကြီးအကဲများရွေးချယ်ခဲ့ကြသည်။ ဗဟိုကော်မတီ၊ စည်းကမ်းလိုက်နာမှု စုံစမ်းရေးဗဟိုကော်မရှင် စသောထိပ်ပိုင်းအဖွဲ့အစည်းများကိုအောက်တိုဘာလ ၂၄ ရက်နေ့တွင် အပြီးသတ်ရွေးချယ်ခဲ့ကြသည်။

၂၅ ရက်နေ့တွင် ပိုမိုအဆင့်မြင့်သည့် ပေါ်လစ်ဗျူရို အဖွဲ့ဝင်များကို ဗဟိုကော်မတီက ထပ်မံရွေးချယ်ပေးရမည်ဖြစ်သည်။

ကိုယ်စားလှယ်များတွင် ပြောရေးဆိုခွင့်အချို့ရှိသော်လည်း တကယ်တမ်းတွင် ရွေးကောက်တင်မြှောက်မှုများမှာပါတီခေါင်းဆောင်ပိုင်း၏လမ်းညွှန်မှုအတိုင်း ဆောင်ရွက်ရခြင်းဖြစ်ပြီးအဆင့်တိုင်းတွင် ကြိုတင်ရွေးချယ်ပေးထားသော ကိုယ်စားလှယ်လောင်းများထဲမှ ရွေးပေးရခြင်းသာဖြစ်သည်။

၂၅ ရက်နေ့တွင်ပင် ပါတီ၏အဓိကအကျဆုံးဖြစ်သော ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီဝင်သစ်များကိုပါ ရွေးချယ်မည်ဖြစ်သည်။ ရှီမှာပါတီခေါင်းဆောင်အဖြစ် ဆက်ရှိနေမည်ဖြစ်သော်လည်းသူ၏ မဟာမိတ်တစ်ဦးဖြစ်သူ၊ ခြစားမှုတိုက်ဖျက်ရေး အကြီးအကဲ ဝမ်ကျီးရှန်မှာ ရာထူးကဆင်းသွားပြီဖြစ်ပြီးလာမည့် ကော်မတီသစ်ဖွဲ့စည်းမှုတွင် ပါဝင်မည်မဟုတ်ပေ။

ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီဝင် ရွေးချယ်မှုမှာအထူးစောင့်ကြည့်ရမည်ဖြစ်ပြီး မည်သူများပါဝင်လာသည် ဆိုခြင်းကရှီ၏ အစီအစဉ်ကိုတစ်စွန်းတစ်စ သိခွင့်ရစေမည်ဖြစ်သည်။ ရှီသည် ကျန်ဇီမင်းနှင့် ဟူကျင်းတောင်ကဲ့သို့ ဆယ်နှစ်တာ တာဝန်ယူပြီး ၂၀၂၂ ခုနှစ်တွင် အနားယူမည်ဆိုပါကသူ့နေရာဆက်ခံမည့်သူဟု တစ်ပြေးနေသူအချို့ ပါဝင်လာရမည်ဖြစ်ပြီး ထိုသို့မဟုတ်ဘဲ အာဏာကိုနှစ်ရှည်လများ ဆက်လက်တာဝန်ယူမည်ဆိုပါကမူ မတူညီသောအခင်းအကျင်းဖြင့် ပွဲထွက်လာနိုင်သည်။

ရှီလက်ထက် တရုတ်ပြည်တွင် သိသာသောတိုးတက်မှုများစွာရှိခဲ့သလို ခေတ်မီစေရေး ပြုပြင်ပြောင်းလဲမှုများလည်း လုပ်ဆောင်ခဲ့ပြီး ကမ္ဘာ့ဇာတ်ခုံပေါ်တွင်လည်း နေရာယူနိုင်ရန် ကြိုးပမ်းလာခဲ့သည်။ သို့သော်လည်း အာဏာရှင်ဆန်လာမှု၊ ဆင်ဆာဖြတ်တောက်မှု၊ လူ့အခွင့်အရေးဖိနှိပ်မှုများလည်း တိုးပွားလာခဲ့သည်။ ■ F-03

CARTOON



## မှုခင်းသတင်းတိုများ

■ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ(၃)လမ်းရှိ တိုက်ခန်းတစ်ခု လှေကားခွင်တွင် အောက်တိုဘာလ ၂၃ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့်က လျှပ်စစ်ဝါယာကြိုးများအပူလွန်ကဲရာက မီးလောင်ခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြှိမ်းသတ်ယာဉ် (၅)စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရသဖြင့် မီးပေါ့ဆသုံးစွဲသည်ဟုဆိုသော အသက် ၄၁ နှစ်အရွယ် အမျိုးသမီးကို ယင်းမြို့မရဲစခန်းက အမှုဖွင့်ထားသည်။

■ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်းရှိ ရေကန်ဘေးတစ်နေရာတွင် အောက်တိုဘာလ ၂၃ ရက် မွန်းလွဲ ၃ နာရီခန့်က မသင်္ကာဖွယ်ရာတွေ့ရှိသူ အသက် ၂၆ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးရာ ဆေးခြောက်ဟု ယူဆရသော အညိုရောင် အရွက်ခြောက်များနှင့်အတူ ဆက်စပ်ပစ္စည်းများကို တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အမှုဖွင့်ထားသည်။

■ သုံးခွမြို့နယ်၊ သုံးခွ-ခရမ်းလမ်းပေါ် အနောက်ကျေးရွာအနီးမိုင်တိုင်အမှတ်(၀/၄၉)နှင့်(၀/၅၀)ကြားတွင် အောက်တိုဘာလ ၂၃ ရက် မွန်းလွဲ ၁ နာရီခန့်က ဆိုင်ကယ်တစ်စီးသည် လမ်းဘေးသို့တိမ်းမှောက်ခဲ့ရာ ဆိုင်ကယ်ပေါ်ပါ အသက် ၄၈ နှစ်အရွယ် အမျိုးသားတစ်ဦးထိခိုက် ပေါက်ပြဲ ဒဏ်ရာများရရှိပြီး အသက် ၄၁ နှစ်အရွယ် အမျိုးသမီးတစ်ဦး ထိခိုက်ပေါက်ပြဲဒဏ်ရာများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့သည်။

■ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ စန္ဒကူးလမ်းရှိ လေထိုးကျွတ်ဖာဆိုင်တဲတစ်ခုတွင် အောက်တိုဘာလ ၂၃ ရက် ညနေ ၅ နာရီခန့်က လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ဖဲချပ်များ၊ ဆက်ပစ္စည်းများနှင့်အတူ လောင်းကစားပြုလုပ်နေသည့် အသက် ၂၃ နှစ်မှ ၅၄ နှစ်ကြားရှိ အမျိုးသား ၁၀ ဦးကို တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မဖြင့် အမှုဖွင့်ထားသည်။

■ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်းထိပ်၊ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ဝင်းအနီးတွင် အောက်တိုဘာ လ ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က လမ်းဖြတ်ကူးသူ အသက် ၁၀ နှစ်အရွယ်ခန့်ရှိ မိန်းကလေးတစ်ဦး ကို ဆိုင်ကယ်တစ်စီးမှ ဝင်တိုက်ခဲ့ရာ ပေါက်ပြဲထိခိုက်ဒဏ်ရာများရရှိပြီး မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသည်။ ■ J 16



# မိုက်ကယ်ကျော်မြင့်ကို ချုပ်ရမန်ယူကာ အင်းစိန်ထောင်ပို့

ရန်ကုန်၊ အောက်တိုဘာ ၂၄



ဓာတ်ပုံ - ဇော်မိုးလွင်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကို ဆန္ဒပြရန် ခွင့်ပြုချက်ရရှိထားသည့် မိုက်ကယ်ကျော်မြင့်ကို အောက်တိုဘာ ၂၃ ရက် ညနေ ၅ နာရီခန့်က အကြည်ညိုပျက်စေမှုပုဒ်မ ၅၀၅ (ခ) ဖြင့် ဖမ်းဆီးပြီး ယနေ့အောက်တိုဘာလ ၂၄ ရက် နံနက် ၉ နာရီခွဲခန့်က ချုပ်ရမန်ယူကာ အင်းစိန်ထောင်ပို့လိုက်ကြောင်း တာမွေမြို့နယ်တရားရုံးထံမှ သိရသည်။

မိုက်ကယ်ကျော်မြင့်ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက အောက်တိုဘာလ ၂၃ ရက် မွန်းလွဲ ၃ နာရီခန့်က တာမွေမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားတရားစွဲဆိုခဲ့ရာ မြို့နယ်တရားသူကြီးက ဖမ်းဝရမ်းထုတ်ဆင့်ပြီး ရှာဖွေဖမ်းဆီးရာမှ မိုက်ကယ်ကျော်မြင့်ကို ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ရေတာရှည်လမ်းဟောင်းတွင် ဖမ်းမိခဲ့သဖြင့် ယင်းနေ့က တာမွေမြို့မရဲစခန်း အချုပ်တွင် ချုပ်နှောင်ကာ ယနေ့ နံနက်ပိုင်းတွင် ရုံးထုတ်ပြီး ဖမ်းဝရမ်းပြန်သွင်းကာ ချုပ်ရမန်ယူ၍ အင်းစိန်ထောင်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

"ဒီနေ့မှာ အမှန်တရားကိုချပြဖို့ ကိုမိုက်ကယ်က စီစဉ်ထားတယ်၊ အဲစီစဉ်ထားတာကို အခုလို ဖမ်းလိုက်တော့ အမှန်တရားကို ချမပြလိုက်ရဘူးပေါ့၊ အခုလို ဖမ်းဆီးထိန်းသိမ်းလိုက်တာဟာ အစိုးရအဖွဲ့အနေနဲ့ အမှန်တရားကို ချမပြနိုင်အောင် လုပ်လိုက်တာလို့ မြင်ပါတယ်" ဟု မိုက်ကယ်ကျော်မြင့်၏ ဇနီးဒေါ်အေးအေးသင်းက ရှင်းပြသည်။

ဖမ်းဆီးထိန်းသိမ်းခံရသူ မိုက်ကယ်ကျော်မြင့်မှာ မြို့တော်ခန်းမရှေ့တွင် လူအင်အား ၅၀၀ ခန့်ဖြင့် ဆန္ဒထုတ်ဖော်ရန် ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့သို့ အောက်တိုဘာလ ၂၀ ရက်နေ့က အကြောင်းစာပေးပို့ခဲ့ရာ ယင်းမြို့တော်ခန်းမရှေ့သည် လုံခြုံရေးအရ ခွင့်ပြုရန်မသင့်ဟု အကြောင်းပြချက်ဖြင့် တာမွေမြို့နယ်၊ ကျိုက္ကဆံကွင်းတွင် ခွင့်ပြုပေးခဲ့ပြီး ခွင့်ပြုပေးသည့်ဟစ်တိုင်နေရာတွင် ဆက်လက်ဆန္ဒထုတ်ဖော်ရန် လုပ်ဆောင်နေစဉ် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့က ဖမ်းဆီးထိန်းသိမ်းခံရသူ မိုက်ကယ်ကျော်မြင့်က သတင်းစာရှင်းလင်းပွဲပြုလုပ်ရန် သတင်းမီဒီယာများကို ဖိတ်ကြားပြီး တော်ဝင်နှင်းဆီခန်းမဟု အများပြည်သူ အထင်မှားစေရန် ဖိတ်စာထုတ်ဝေခြင်း၊ ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိ ဦးတင်ထွန်းက မြေဂရန်ထုတ်ပေးမည် ဟုဆိုကာ ငွေကျပ်သိန်း ၅၀ မှ ၁၂ သိန်းပေးအပ်ပြီး ကတိမတည်ခြင်းစသည့် မမှန်မကန် လုပ်ကြံပြီး ကောလာဟလများကို ပြည်သူအချို့ယုံကြည်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အပေါ် ထိခိုက်စေသည့် ပြစ်မှုများ ကျူးလွန်ချင်လာအောင် ဖြစ်ပေါ်ခဲ့ပြီး အများပြည်သူအနေနှင့်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များအပေါ် ထိတ်လန့်စေခြင်း၊ အကြည်အညိုပျက်စေခြင်းများ ဖြစ်ပေါ်ခဲ့သည်ဟုဆိုကာ ဥပဒေအရ အရေးယူပေးရန် ဦးတိုက် လျှောက်ထားတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

■
J-16

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၇၇၃(ရန်ကုန်)၊
၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# အထည်ချုပ်စက်ရုံ ကြိုပို့ယာဉ် တိမ်းမှောက်၊ ၁၅ ဦး ဒဏ်ရာရ

ရန်ကုန်၊ အောက်တိုဘာ ၂၄


ပုလဲမြို့သစ်အရန် မီးသတ်တပ်ဖွဲ့

မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်ဝင်းရှိ R-3 လမ်းဆုံတွင် အောက်တိုဘာလ ၂၃ ရက် ညနေ ၅ နာရီက အထည်ချုပ်စက်ရုံ ကြိုပို့ ဒိုင်နာယာဉ်တစ်စီးမှာ အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးတိမ်းမှောက်ခဲ့ကြောင့် ယာဉ်ပေါ်လိုက်ပါလာသူများ အနက် အထည်ချုပ်အလုပ်သမား အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ၁၃ ဦး ထိခိုက် ဒဏ်ရာများရခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

ATK အထည်ချုပ်စက်ရုံမှ အလုပ်သမားဦးရေ ၃၀ ကျော် လိုက်ပါလာသည့် ကြိုပို့ ဒိုင်နာယာဉ်မှာ ဆင်ဖုံကျေးရွာဘက်မှ Terminal ဆီဆိုင်ဘက်သို့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ဝင်း R-11 လမ်းအတိုင်း မောင်းလာစဉ် R-3 လမ်းဆုံအရောက် အရှိန်လွန်ပြီး လမ်းဘေးတိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

"ဖယ်ရီကားပေါ် ပါလာတဲ့သူတွေထဲက ခေါင်းပေါက်၊ မျက်နှာနဲ့ လက်တွေ ခြေထောက်တွေ ပွန်းခြစ် ဒဏ်ရာရသူတွေကို မြောက်ဥက္ကလာဆေးရုံ တင်ပို့ခဲ့ရတယ်။ ကျန်တဲ့လူတွေက ခေါင်းမူးတာ ရင်ဘတ်အောင့်တာလောက်ပဲ ဖြစ်ခဲ့တာမို့ ဒဏ်ရာရလူစာရင်းမှာ မထည့်ခဲ့ဘူး" ဟု ရဲအရာရှိက ပြောသည်။

အဆိုပါ ယာဉ်တိမ်းမှောက်ခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သော ကြိုပို့ယာဉ်မောင်း အသက် ၂၇ နှစ် ဇော်သက်ပိုင်ကို ဖမ်းဆီးပြီး မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

■ S-03

The VOICE Daily CARTOON





## အခမဲ့ ကြော်ငြာကဏ္ဍ Classifieds

ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅ ၇၇၃

| | | | | | |
|---|---|---|---|---|---|
| Phyu Floral Service & Gift Shop Ph:09-766770051, 09-4380764 | ကိုကျော်သိန်းနှင့်ညီများ (ဆီပန်းအရောင်းဆိုင်) Ph 09-785000688 | Ph:09-420233082 | (Aircon-Washing Machine) Sale & Service Ph: 09-976551557,09-7916129657 | Sweet Home ပရိဘောဂလုပ်ငန်း Ph: 09-5006928 | Yakuza TattooArtist EPC Ph:09-448924949 |
| 09-250229152 | 09-444752887,09-764210914 | Ph:09-73019868,09-43071086 | No.823, Mahar Bandoola Road, LMDW. Ph: 09-31057399 | Reflection Constrution & Decoraction Co.,Ltd Ph:09-43026932,09-250731954 | Group Travels&Tours No.16/C, Ph:09-5138553 |
| Zaw Thet Tun (Air Con Service) Ph: 09-972475873, 09-423741292 | Ph:09-421006989 | Ph:09-73079646 | Precious Time Travels & Tours Co.,Ltd Ph:09-785311668 | Ph:01-250489,09-44040036 | Aung Family Ph-09-5134734 |
| 09-5040479,09-425025036 | 09-252533095,09-423552202 | AGM (Travels&Tours) 09-788882050, 09-788882060 | Ok 09-254212126 | Mr. Phyo (Car Rentral) Ph: 09-252576700 | Yangon Bo Dj Music Movement Ph:09-448010889 |
| APPLE Mobile 09-965184074,09-450056517 | No.43/A, | Ph:09-964252779, 09-796543660 | Awesome Clothing Ph:09-421161281, 09-262855780 | ပရိဘောဂလုပ်ငန်း Ph:09-97552883 | Seven Tri Furiture Ph:09-43151758 |



ဓာတ်ပုံ- ရန်နိုင်

ကျိုင်းတုံမြို့မဈေး၌ ကြက်သွန်နီ လက်လီ၊ လက်ကား ရောင်းချနေစဉ်

# ကျိုင်းတုံတွင် ကြက်သွန်နီ တစ်ပိဿာ ကျပ် ၃၅၀၀ အထိ စံချိန်တင်တက်

**ကျိုင်းတုံ၊ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် အောက်တိုဘာလဆန်းပိုင်း (သီတင်းကျွတ်ကာလ)မှစတင်၍ ကြက်သွန်နီဈေးနှုန်းများ တဖြည်းဖြည်း မြင့်တက်လာရာ လက်ရှိတွင် တစ်ပိဿာ ကျပ် ၃၅၀၀ အထိ စံချိန်တင်မြင့်တက်လျက်ရှိကြောင်း ယင်းဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်မဒေသထွက် ကြက်သွန်နီများကို မှာယူရောင်းချနေရသည့် ကျိုင်းတုံမြို့တွင် အောက်တိုဘာလဆန်းပိုင်းက ကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၀၀၀ ဝန်းကျင်သာရှိသော်လည်း ပြည်မဒေသတွင် ကြက်သွန်နီထွက်ရှိမှု နည်းပါးလာ၍ ဈေးနှုန်းများမြင့်တက်လာရာ ယနေ့တွင် တစ်ပိဿာ ကျပ် ၃၅၀၀ အထိမြင့်တက်လာခြင်းဖြစ်ကြောင်း ကျိုင်းတုံမြို့မဈေးရှိ ကြက်သွန်ကုန်သည်တစ်ဦးက ပြောကြားသည်။

"ကြက်သွန်နီက ပြည်မကနေမှာရတော့ သူတို့ဆီမှာ ပျက်စီးပြီး အထွက်နည်းရင် ဈေးတက်တတ်တယ်။ ကျွန်တော်တို့ကလည်း အိတ်ဖိုးအပါအဝင် အလျော့တွက်နဲ့ အလုပ်သမားကုန်ကျစရိတ်နဲ့ဆို တစ်ပိဿာ ကျပ် ၅၀၀ လောက် ခွာရောင်းတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကဆို တစ်ပိဿာ ကျပ် ၄၀၀၀ အထိတက်ဖူးတယ်" ဟု ၎င်းက ဆိုသည်။

ကျိုင်းတုံမြို့နယ်အပါအဝင် ပြည်နယ်အတွင်းရှိမြို့နယ်များတွင် လုပ်သားခမြင့်တက်ပြီး ကုန်ကျစရိတ်များ၍ ကြက်သွန်နီများ စိုက်ပျိုးမှုမရှိသည့်အပြင် ကုန်စည်များကို ဈေးနှုန်းထိန်းချုပ်ပေးမည့် ကုန်စည်ဒိုင်များမရှိခြင်းကြောင့် ကုန်သည်များမှာ မိမိစိတ်ကြိုက်ဈေးနှုန်းကစား၍ ရောင်းချနေခြင်းဖြစ်ကြောင်း ကျိုင်းတုံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းစိုးက သုံးသပ်ပြောဆိုသည်။

ကျိုင်းတုံမြို့တွင် ကြက်သွန်နီ (ဆိပ်ဖြူ) အလုံး အကြီးအသေးအလိုက် ပုံမှန်တစ်ပိဿာ ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ ဝန်းကျင်ဈေးနှုန်းရှိပြီး လက်ရှိတွင် တစ်ပိဿာ ကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ အထိရောင်းချကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အလားတူ ရောဝတီတိုင်းဒေသကြီးရှိ ဟသ်ာတမြို့နယ်အပါအဝင် မြို့နယ်အများစုတွင် မိုးများခြင်းကြောင့် အညာဒေသထွက် ကြက်သွန်နှင့် ဒေသထွက် ကြက်သွန်များမှာ ၁၀ ပိဿာလျှင် ကျပ်သုံးသောင်းဝန်းကျင်အထိ ဈေးမြင့်နေသည့်အပြင် တရုတ်မှ တင်သွင်းရောင်းချသည့် ကြက်သွန်အနီဥအကြီးမှာလည်း ၁၀ ပိဿာလျှင် ကျပ်နှစ်သောင်းခွဲကျော် အထိရှိနေကြောင်း ကုန်ခြောက်လုပ်ငန်းရှင်များထံမှ သိရသည်။

တရုတ်ကြက်သွန်နီသည် ဟင်းချက်ရာတွင် ပို၍အဆင်ပြေသည့်အခြေအနေရှိပြီး အရွယ်အစားမှာလည်း ကြီးထွားမှုအားကောင်းကြောင်း ဟသ်ာတမြို့ခံ ကုန်ခြောက်လုပ်ငန်းရှင် ဒေါ်အေးသက်ထားက ပြောကြားသည်။

ယင်းသို့တရုတ်ကြက်သွန်နီသည် စားသုံးသူဈေးကွက်၌ ဈေးမြင့်နေသော်လည်း ဒေသထွက် ကြက်သွန်နီထက် ဈေးကွက်နိမ့်ကျနေခြင်းကြောင့် တရုတ်ကြက်သွန်နီဝယ်လိုအားမှာ ဆက်လက်မြင့်တက်နိုင်ကြောင်း ယင်းလုပ်ငန်းရှင်များက သုံးသပ်ပြောဆိုသည်။ ■ R-16/ R-13

# တာချီလိတ်တွင် ထိုင်းနိုင်ငံသား လေးဦးနှင့် မြန်မာတစ်ဦးထံမှ လက်နက်နှင့် ခဲယမ်းများ ဖမ်းမိ

**ကျိုင်းတုံ၊ အောက်တိုဘာ ၂၄**

ထိုင်း- မြန်မာနယ်စပ် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့မယ်ခေါင်ရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် အောက်တိုဘာလ ၂၃ ရက် မွန်းလွဲ ၁ နာရီခန့်က အိမ်ရှင်မြန်မာနိုင်ငံသားတစ်ဦးနှင့် ထိုင်းနိုင်ငံသား လေးဦးတို့ထံမှ လက်နက်နှင့် ခဲယမ်းများကို ဖမ်းဆီးရမိခဲ့ကြောင်း တာချီလိတ်မြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါနေ့က ယင်းနေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများရှာဖွေတွေ့ရှိခြင်း မရှိသော်လည်း ထိုင်းနိုင်ငံသား လေးဦးနှင့် အိမ်ရှင်အမျိုးသား၏ အိပ်ရာခေါင်းရင်းမှ 9MM ပစ္စတိုသေနတ် တစ်လက်၊ ယင်းကျည် ၁၀၀ တောင့်နှင့် ပွိုင့် ၄၅ ကျည် ၁၀၀ တောင့် အပါအဝင် သေနတ်ထည့်သည့် ကော်ဘူးတို့ကို ဖမ်းဆီးရမိကြောင်း ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အသက် ၂၇ နှစ်အရွယ် မြန်မာနိုင်ငံသား အိုက်ကျွဲနှင့် အသက် ၁၅ နှစ်မှ ၆၇ နှစ်အရွယ်ရှိ ထိုင်းနိုင်ငံသား လေးဦးတို့ကို (ပ)၂၁၂/၂၀၁၇၊ ရှမ်းလက်နက် ၁၂(က)(ဂ) အရ အရေးယူထားကြောင်း တာချီလိတ်မြို့မရဲစခန်းထံမှ သိရသည်။

■ R-16

# ပီနံအိတ်အလေးချိန်အတိုင်း မုံရွာကုန်စည်ဒိုင်က သီးနှံဝယ်ယူရန် အဆိုအောင်

**မုံရွာ၊ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာကုန်စည်ဒိုင်မှ သီးနှံများဝယ်ယူနေရာတွင် ပီနံအိတ်တစ်လုံးအတွက် အလေးချိန် ၂၅ ကျပ်သားနှင့် ၃၀ ကျပ်သား သတ်မှတ်ထားခြင်းကို အိတ်အလေးချိန်အတိုင်း ဝယ်ယူရန်အဆိုကို အောက်တိုဘာလ ၂၃ ရက်နေ့က တိုင်းလွှတ်တော်၌ တင်သွင်းခဲ့ရာ မဲခွဲဆုံးဖြတ်ပြီးနောက် ယင်းအဆို အောင်မြင်ခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

"မုံရွာကုန်စည်ဒိုင်က ဆုံးဖြတ်ထားတဲ့ အလေးချိန်ကို ပြည်သူတွေက တင်ပြကန့်ကွက်လာတဲ့အတွက် လွှတ်တော်မှာ အဆိုတင်ရခြင်းဖြစ်ပါတယ်။ မုံရွာမှာရှိတဲ့ပွဲရုံတွေက ပဲနဲ့ဆန်ဝယ်ယူရာမှာ ဒီအတိုင်းသတ်မှတ်ဝယ်ယူနေကြပါတယ်" ဟု အဆိုတင်သွင်းသူ ဘုတလင် အမှတ်(၁) မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်က ပြောဆိုသည်။

ယင်းအဆိုကို ဘုတလင်မြို့နယ်၊ အမှတ်(၁)ကိုယ်စားလှယ် ဦးအောင်ကျော်က တင်သွင်းခဲ့ပြီး လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၇၉ မဲ၊ ကန့်ကွက်မဲ ၉ မဲ၊ ကြားနေမဲ ၃ မဲ၊ ပယ်မဲ ၁ မဲဖြင့် ပီနံအိတ်ခွံ၏အလေးချိန်အရှိအတိုင်းဝယ်ယူရန်အဆို အောင်မြင်ခဲ့ကြောင်း လွှတ်တော်အစည်းအဝေးအတွင်းမှ သိရသည်။

■ R-08

# ပန်ဆောင်မြို့မရဲစခန်းမှ ရဲအုပ်ကို အရေးယူပေးရန် တိုင်ကြား

**ကလေး၊ အောက်တိုဘာ ၂၄**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့မရဲစခန်းမှ ရဲအုပ် ဝင်းမောင်မောင်ကိုအရေးယူပေးရန် နာဂဦးစီးအဖွဲ့ထံ စာတင်တိုင်ကြားခဲ့ကြောင်း ပန်ဆောင်မြို့ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးရှုန်လွတ်က ပြောကြားသည်။

လူမှုရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုမြို့နယ်ကော်မတီက တတ်အားသမျှ ပါဝင်ဆောင်ရွက်နေသည့်အပေါ် ပန်ဆောင်မြို့မရဲအုပ်ဝင်းမောင်မောင်သည် အပြုသဘောဆောင်ပူးပေါင်းဆောင်ရွက်ခြင်း မရှိသည့်အပြင် ကြမ်းတမ်းမောက်မာစွာ ပြောဆို ဆက်ဆံမှုများရှိသည်ဆိုသည့် အချက်များပါဝင်သည့် တိုင်စာကို အောက်တိုဘာလ ၂၁ ရက်နေ့က တိုင်ကြားခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

"တစ်အိမ်ထည်းမှာတောင်တစ်ယောက်နဲ့တစ်ယောက် အမြင်မတူတာလေးတွေ တည့်ရတာတော့ အချိန်ယူရတာပေါ့ဗျာ။ ဟိုးအရင်တုန်းက အဆင်မပြေတာမျိုးလေးတွေကျတော့ မဖြည့်ဆည်းပေးနိုင်တဲ့ အတိုင်းအတာမျိုးလေးတွေရှိရင် သူတို့ အမြင်စောင်းရင် စောင်းမှာပေါ့။ သူတို့က လိုအပ်လို့ လာလို့ မေးလို့မြန်းလို့ ပြောရင်လည်း ကျွန်တော်တို့က လုပ်ထုံးလုပ်နည်း ပုံမှန်လုပ်ငန်းစဉ်လေးတွေနဲ့ ကျော်လွန်ပြီး လုပ်လို့မရတဲ့အပိုင်းလေးတွေကျတော့လည်း တစ်မျိုးမြင်လည်း မြင်နိုင်တာပေါ့။ ဒါပေမဲ့ ကျွန်တော်ဘက်ကတော့ ရင့်ရင့်သီးသီး မာမာတင်းတင်း ပြောတာ ဆိုတာ မောက်မာတာတော့ မရှိပါဘူး" ဟု ရဲအုပ်ဝင်းမောင်မောင်က ဆိုသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပန်ဆောင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး ဦးရှိန်းသူက နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီထံသို့ တိုင်ကြားခြင်းသည် ယဉ်ကျေးမှုအဖွဲ့နှင့်သာသက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိအနေနှင့် ပြောပိုင်ခွင့်မရှိကြောင်း ပြောကြားသည်။ ■ R-20

# မြစ်ရေသုံးကြိမ်ကြီးခဲ့မှုကြောင့် မတ်ပဲစိုက်ပျိုး၍ မဖြစ်နိုင်

တောင်ငူ၊ အောက်တိုဘာ ၂၄

တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များ၌ စက်တင်ဘာလမှ စတင်၍ သုံးကြိမ်တိုင်တိုင် စစ်တောင်းမြစ်ရေကြီးခဲ့မှုကြောင့် မြေအနေအထားအရ မတ်ပဲစိုက်ပျိုးရန် မဖြစ်နိုင်တော့ကြောင်း ဒေသခံတောင်သူကြီးများက ပြောကြားသည်။

"မတ်ပဲက အောက်တိုဘာထက်နောက်ကျစိုက်ပျိုးလို့မရဘူး။ အခုစိုက်ပျိုးချိန်နောက်ကျသွားတဲ့အပြင် မြစ်ရေကျပြီးနောက် မြေက အစိုဓာတ်က အများကြီးကျန်နေတယ်။ အခုချိန် စိုက်ပျိုးမယ်ဆို စိုက်လို့ရပေမယ့် အပင်ရွက်တွေ ဝါပြီးခြောက်နိုင်တဲ့ အပြင် အသီးဖောက်ပိုးတွေကျကုန်မှာပါ" ဟု တောင်ငူမြို့နယ်၊ ရွာတန်းရှည်ကျေးရွာဒေသခံ ဦးကျော်ဌေးက ရှင်းပြသည်။

တောင်ငူခရိုင် ကျောက်ကြီး၊ ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်းနှင့် ဖြူးမြို့နယ်များအတွင်း စက်တင်ဘာလက နှစ်ကြိမ်၊ အောက်တိုဘာလက တစ်ကြိမ် စုစုပေါင်းသုံးကြိမ်တိုင်တိုင် စစ်တောင်းမြစ်ရေကြီးခဲ့ပြီး စိုက်ပျိုးမြေဧက သုံးသောင်းကျော်ရေဝင်နစ်မြုပ်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

"တောင်သူက ဒီနှစ်စပါးဈေးကောင်းလိုက်လို့ အသက်ရှူချောင်သွားတာ။ နွေစပါးစိုက်တော့လည်း ရေကမလွယ်တဲ့နေရာတွေဆို ပြောင်းစိုက်ပြီး ပြောင်းမဖြစ်တဲ့ မြေဆို မတ်ပဲကို ကြဲပြီး ဓာတ်မြေဩဇာ ဘာညာမထည့်တော့ဘဲ ထွက်သမျှယူဖို့ပဲ စိတ်ကူးနေတယ်" ဟု ထန်းတပင်မြို့နယ် ခုံစုကျေးရွာအုပ်စု နောင်ချိုကျေးရွာနေ ဒေါ်ထိုက်ထိုက်လင်းက ဆိုသည်။

အိန္ဒိယပဲအဝယ်ရပ်မှုကြောင့် တောင်ငူကုန်သည်နှင့် တောင်သူကြီးများလက်ထဲတွင် ပဲအိတ်ရေသိန်းချီကျန်ရှိနေပြီး အိန္ဒိယ ပဲအဝယ်မရပ်ခင်က တစ်တင်းခွဲအိတ် တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ ခန့်ပေါက်ဈေးရှိနေခဲ့သော်လည်း ယခုအခါ တစ်တင်းခွဲအိတ်ကို ကျပ် ၃၂၀၀၀ သာ ရှိနေခြင်းကြောင့် နယ်ဈေးကွက်ရှိ ကုန်သည်ပွဲစားများမဝယ်ရဲသေးကြောင်း ပဲကုန်သည်ကြီးများက ပြောကြားသည်။ ■ R-15

# လေးမျက်နှာတွင် မြစ်ကမ်းပြို၍ နေအိမ်များရွှေ့ပြောင်း

ဟင်္သာတ၊ အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ မဲဇလီကျေးရွာအပါအဝင် ကျေးရွာအုပ်စုအချို့၌ ငဝန်မြစ်ရေတိုက်စားကာ မြစ်ကမ်းပါးများပြိုကျနေခြင်းကြောင့် အောက်တိုဘာလ ၂၃ ရက်နေ့အထိ လူနေအိမ်အချို့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရလျက်ရှိကြောင်း မဲဇလီကျေးရွာဒေသခံများက ပြောကြားသည်။

မြစ်ကမ်းပါးနှင့် ရှစ်ပေခန့် နီးကပ်နေသည့် မဲဇလီကျေးရွာရှိ လူနေအိမ်လေးလုံး၊ လူဦးရေ ၁၇ ဦးကို ကျေးရွာသားများက ရွှေ့ပြောင်းပေးခဲ့ကြောင်း ၎င်းတို့က ပြောဆိုသည်။

ယင်းအပြင် အောက်တိုဘာလ ၁၇ ရက်နေ့က မဲဇလီကျေးရွာအုပ်စု၊ သောင်ဘုတ်ကျေးရွာအုပ်စုနှင့် အောက်ရိုးကျေးရွာအုပ်စုတို့တွင် မြစ်ကမ်းနှင့် ပေ ၃၀ ခန့်အကွာရှိနေအိမ်များကိုလည်း ရွှေ့ပြောင်းထားရကြောင်း၊ အဆိုပါရွှေ့ပြောင်းအိမ်ခြေ ၁၀ လုံးတွင် လူဦးရေ ၄၂ ဦးနေထိုင်ကြောင်း ရွှေ့ပြောင်းမိသားစုဝင် ဦးအောင်ကျော်က ပြောကြားသည်။

အဆိုပါမြစ်ကမ်းပြိုကျခြင်းကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရသည့် နေအိမ်များကိုစိစစ်ပြီးပါက ကယ်ဆယ်ရေးပစ္စည်းများအပါအဝင် သတ်မှတ်ထောက်ပံ့ငွေကိုလည်း ကူညီထောက်ပံ့မည်ဖြစ်ကြောင်း ဟင်္သာတခရိုင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူး ဦးသန်းစိုးက ပြောကြားသည်။ ■ R-13



Photo- saw kyaw htay

# ကရင်ပြည်နယ် ဧည့်လမ်းညွှန်အသင်း ဖွဲ့စည်း

ဘားအံ၊ အောက်တိုဘာ ၂၄

ကရင်ပြည်နယ်တွင် ဒေသခံဧည့်လမ်းညွှန်များဖြင့် ဖွဲ့စည်းထားသည့် ဧည့်လမ်းညွှန်အသင်းကို အောက်တိုဘာလ ၂၂ ရက်နေ့က စတင်ဖွဲ့စည်းခဲ့ကြောင်း အဆိုပါအသင်းထံမှ သိရသည်။

"အခုက ငြိမ်းချမ်းရေးဘက်ကို ဦးတည်ပြီးသွားနေတော့ အရင်ကလိုမဟုတ်ဘဲ ပြည်နယ်အတွင်းမှာ လည်ပတ်စရာတွေ တိုးလာတယ်။ အခုလို ဒေသခံတွေနဲ့ဧည့်လမ်းညွှန်အသင်းကိုဖွဲ့စည်းတာကလည်း အသက်အရွယ်စုံ ဧည့်လမ်းညွှန်တွေနဲ့ ဖွဲ့စည်းမှာဆိုတော့ အားရစရာကောင်းပါတယ်" ဟု ကရင်ပြည်နယ် စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်ဝန်ကြီး ဦးသန်းနိုင်က ပြောဆိုသည်။

ကရင်ပြည်နယ်အတွင်း ၂၀၁၇ စက်တင်ဘာလကုန်အထိ နိုင်ငံခြားသားဧည့်သည် တစ်သိန်းခုနစ်သောင်းကျော်ဝင်ရောက်ခဲ့ပြီး ပြည်နယ်အတွင်း နိုင်ငံခြားဧည့်သည်များကို ဝန်ဆောင်မှုပေးရန် ဒေသဆိုင်ရာဧည့်လမ်းညွှန် ၁၇၄ ဦးရှိကာ ပြည်နယ်တစ်ခုလုံးအနေနှင့် လိုင်စင်ရဟိုတယ် ၂၃ လုံး ရှိပြီး အခန်းပေါင်း ၈၀၀ ကျော်ရှိကြောင်း ကရင်ပြည်နယ်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။ ■ R- 17



ဓာတ်ပုံ- ပေါဦး

# တောင်တွင်းကြီး နိဗ္ဗာန်ဈေး မြန်မာ့ရိုးရာမုန့်များ ကျွေးမည်

တောင်တွင်းကြီး၊ အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ သီရိမင်္ဂလာတိုက်သစ် ဓမ္မစကူးလ် ဖောင်ဒေးရှင်းကျောင်းတွင် တန်ဆောင်မုန်းလပြည့်နေ့ နိဗ္ဗာန်ဈေးပွဲတော်ကို မြန်မာ့ရိုးရာလက်လုပ်မုန့်များဖြင့် တည်ခင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

အဆိုပါ နိဗ္ဗာန်ဈေးပွဲတော်ကို ယခုနှစ်တွင် ငါးနှစ်မြောက်ကျင်းပခြင်းဖြစ်ပြီး၊ ပါဝင်ဆင်နွှဲမည့် မြို့ပေါ်ရှိကလေးငယ်များကို မြန်မာ့ရိုးရာလက်လုပ်မုန့် အမျိုးပေါင်း ၂၀ ကျော် လှူဒါန်းကျွေးမွေးခြင်းနှင့် စာသင်သားသံဃာငယ်များကို ပစ္စည်းများလှူဒါန်းခြင်းတို့အပြင် လာရောက်လည်ပတ်သူများကိုလည်း စတုဒိသာကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း အဆိုပါပွဲတော်ဖြစ်မြောက်ရေးဆောင်ရွက်သူတစ်ဦးက ရှင်းပြသည်။

ထို့ပြင်မဏ္ဍပ် ၁၇ ခုထိုး၍ မြန်မာ့ရိုးရာ လက်လုပ်မုန့်အမျိုးအစားပေါင်း ၂၀ ကျော်ပါဝင်သည့် ပြပွဲအခမ်းအနားကို ပြသနိုင်ရန်စီစဉ်ထားပြီး လာရောက်သူများကို စတုဒိသာအလှူအဖြစ် ကြာဆံဟင်းခါးနှင့် မဲဇလီဖူးသုပ်များကိုလည်း ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနား ဦးဆောင်စီစဉ်သူ ဒေါက်တာကျော်ဆွေ (သွား) က ရှင်းပြသည်။

ဓာတုဆိုးဆေးများပါဝင်သော မုန့်များအစား တိမ်မြုပ်လုနီးပါးဖြစ်နေသည့် မြန်မာ့ရိုးရာမုန့်များပြုလုပ်ကာ လာရောက်စားသုံးသူများကိုဧည့်ခံ၍ မြန်မာ့အစားအစာများနှင့် မြန်မာ့ရိုးရာမုန့်များကို မြန်မာလူမျိုးများနှစ်သက်လာစေရေးအတွက် ယခုကဲ့သို့ပြပွဲကိုပါ ထည့်သွင်းရခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အထူးအစီအစဉ်အဖြစ် ညပိုင်းအချိန်များတွင် ဓမ္မစကူးလ်ကလေးငယ်များ၏ ဖျော်ဖြေတင်ဆက်မှု၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရိုးရာ ရုပ်သေးကပွဲများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း စီစဉ်ဆောင်ရွက်သူများထံမှ သိရသည်။ ■ R-02

The Voice Daily

လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊

မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ




# အဝေးသင်စာမေးပွဲပြီးချိန်အထိ သင်္ဘောခရီးစဉ် ပြေးဆွဲပေးမည်

**ကလေး၊ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှ ဟုမ္မလင်းမြို့အထိ ချင်းတွင်းမြစ်ကြောင်းအတိုင်းပြေးဆွဲနေသည့် ချမ်းငြိမ်းသင်္ဘောဖြင့် ခရီးစဉ်များပြေးဆွဲမှုကို အဝေးသင်တက္ကသိုလ်စာမေးပွဲများပြီးဆုံးချိန်အထိသာ ပြေးဆွဲမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နေသည့် မိုးမြင့်ကြယ်ကုမ္ပဏီပိုင်ရှင် ဦးစိုးမိုးနိုင်က ပြောကြားသည်။

ယခင်နှစ်များက ချင်းတွင်းမြစ်အတွင်း ရေနည်းချိန်ဖြစ်သည့် ယခုလပိုင်းမှစ၍ သင်္ဘောများပြေးဆွဲမှုကိုရပ်နားခဲ့သော်လည်း ယခုအခါတက္ကသိုလ်ကျောင်းသားများ၏တောင်းဆိုမှုကြောင့် နိုဝင်ဘာလ စာမေးပွဲပြီးချိန်အထိ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"ခါတိုင်း ဒီအချိန်ရေက ကျနေပြီပေါ့။ အခုဟာက ရေလေးကပြန်လှုပ်လာတဲ့အခါကျတော့ ပုံမှန်အချိန်အတိုင်း ပြေးဆွဲလို့ရနေတာပေါ့။ ရေကလည်း ဆက်တိုက်ကစားလာတော့ ဆက်ပြေးဖို့ အဆင်ပြေပါတယ်" ဟု ဦးစိုးမိုးနိုင်က ဆိုသည်။

မိုးမြင့်ကြယ်ကုမ္ပဏီက ချင်းတွင်းမြစ်အတွင်း ပထမဆုံးကြိမ်အဖြစ် ဧရာဝတီမြစ်အတွင်း ပြေးဆွဲသည့် ပြဒါးရှင်အမည်ရှိ သင်္ဘောဖြင့် ၂၀၁၇ ခုနှစ် မိုးရာသီကာလအတွင်း ပြေးဆွဲခဲ့ရာ ချင်းတွင်းမြစ်ရေ ကျခြင်းကြောင့် စက်တင်ဘာလ ၈ ရက်နေ့ နောက်ပိုင်းတွင် ပြေးဆွဲမှု ရပ်နားခဲ့သည်။

ယင်းသို့ပြဒါးရှင် သင်္ဘောရပ်နားအပြီး တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏တောင်းဆိုချက်အရ ချင်းတွင်းမြစ်အတွင်း ပြေးဆွဲရန် တည်ဆောက်ထားသည့် ချမ်းငြိမ်းအမည်ရှိ သင်္ဘောဖြင့် ပြေးဆွဲလျက်ရှိရာ ယခုလာမည့် နိုဝင်ဘာလ အဝေးသင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲပြီးသည်အထိ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

မုံရွာ-ဟုမ္မလင်း နှစ်ထပ်သင်္ဘော ပြေးဆွဲမှုကို မုံရွာမြို့မှ စတင်၍ အပတ်စဉ် တနင်္လာနေ့တိုင်း မုံရွာမြို့မှ ထွက်ခွာပြီး သောကြာနေ့တွင် ဟုမ္မလင်းမြို့မှ ထွက်ခွာသည်။

ယင်းနှစ်ထပ်သင်္ဘောပြေးဆွဲမှုကို မိုးရာသီကာလ ရေများချိန်အတွင်းသာ ပြေးဆွဲရခြင်းဖြစ်ပြီး သင်္ဘောစီးခအနေနှင့် လူတစ်ဦးလျှင် မုံရွာ- မင်းကင်း ကျပ် ၃၀၀၀၊ မုံရွာ- ကလေးဝ ကျပ် ၄၀၀၀၊ မုံရွာ- မော်လိုက် ကျပ် ၆၀၀၀၊ မုံရွာ- ဖောင်းပြင် ကျပ် ၇၀၀၀ ဖြစ်ပြီး မုံရွာ-ဟုမ္မလင်းကို ကျပ် ၇၅၀၀ သတ်မှတ်ထားကြောင်း လက်မှတ်ရောင်းချသူများထံမှ သိရသည်။ ■ R-20

# မိုင်းယုတွင် ဓာတ်လိုက်၍ ဆောက်လုပ်ရေးလုပ်သားတစ်ဦး သေဆုံး

**ကျိုင်းတုံ၊ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယုမြို့ မြို့မရပ်ကွက်အတွင်းရှိ မီးသတ်အဆောက်အအုံသစ်တွင် အောက်တိုဘာလ ၂၃ ရက်နေ့ မွန်းလွဲ၂ နာရီခွဲခန့်က ဓာတ်လိုက်၍ ဆောက်လုပ်ရေးလုပ်သား တစ်ဦး သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာဒဏ်ရာရရှိခဲ့ကြောင်း မိုင်းယုနယ်မြေရဲစခန်းထံမှ သိရသည်။



**အခင်းဖြစ်အဆောက်အအုံသစ်**

အဆိုပါနေ့က ယင်းမီးသတ်အဆောက်အအုံသစ် တည်ဆောက်နေသည့် ကုမ္ပဏီမှ အသက် ၁၇ နှစ်အရွယ် ဆောက်လုပ်ရေးလုပ်သားတစ်ဦးသည် အဆောက်အအုံ အမိုးပေါ်၌ ကျောက်ထုပ်လောင်းရန် ပြင်ဆင်နေစဉ် ဟန်ချက်ပျက်ကာ အနီးရှိ ဓာတ်အားပို့လွှတ်သည့် လျှပ်စစ်ဓာတ်ကြိုးကို ဆွဲကိုင်မိရာမှ ဓာတ်လိုက်ခဲ့ပြီး ၎င်းမှတစ်ဆင့် တစ်ဦးလုပ်သားတစ်ဦးကို ထပ်မံဓာတ်လိုက်ခဲ့ကြောင်း ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဖြစ်စဉ်တွင် ဆောက်လုပ်ရေးလုပ်သား မောင်အိုက်ဒေါင်းသည် မီးလောင်ပေါက်ပြဲဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ကျန်တစ်ဦးသည် မိုင်းယုဆေးရုံ၌ အတွင်းလူနာအဖြစ်ကုသနေကြောင်း၊ အဆိုပါဖြစ်စဉ်ကို ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိရန် စစ်ဆေးနေပြီး သေမှုသေခင်းအမှတ်စဉ်(၁/၂၀၁၇) ရေးဖွင့်ကာ စစ်ဆေးနေကြောင်း မိုင်းယုနယ်မြေရဲစခန်းထံမှ သိရသည်။ ■ R-16

# အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲ ရပ်ကျေးဥပဒေနှင့် မညီဟုဆိုကာ တိုင်ကြား

**တောင်ငူ၊ အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဘုန်းမသိမ်ကျေးရွာအုပ်စု၊ ရပ်ကွက် ၉ အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲကို အောက်တိုဘာလ ၂၀ ရက်နေ့က အုပ်ချုပ်ရေးမှူးရုံး တာဝန်ရှိသူများနှင့် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့က ဦးဆောင်ရွေးချယ်ခဲ့သော်လည်း ရပ်ကျေးဥပဒေနှင့် မကိုက်ညီသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တိုင်ကြားခဲ့ကြောင်း ဒေသခံ ဦးမြင့်ဝေက ပြောကြားသည်။

"ရပ်ကွက်မှာရှိတဲ့ အိမ်ထောင်စု ၇၇၇ စုရှိတာကို ၁၄၇ ယောက်ပဲလာပြီး မဲပေးတယ်။ သူတို့သဘောကျ ကြိုတင်ဇာတ်တိုက်ထားတဲ့ ရာအိမ်စုမှူး ရှစ်ဦးမှာလည်း ဘယ်လောက်များဆိုရင် ခုနစ်ယောက်က အုပ်ချုပ်ရေးမှူး မလုပ်နိုင်ပါဘူးဆိုပြီး သူတို့သဘောကျတဲ့ ဦးသီဟကို ရွေးချယ်တယ်" ဟု ၎င်းက ဆိုသည်။

ယင်းကြောင့် ဝေါမြို့နယ်၊ ဘုန်းမသိမ်ကျေးရွာအုပ်စု၊ ရပ်ကွက် ၉ အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲကို ပြန်လည်ရွေးချယ်ပေးရန် အောက်တိုဘာလ ၂၃ ရက်နေ့က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံတင်ပြတိုင်ကြားခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

အဆိုပါ အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲကို ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်ဟူ၍ သုံးကြိမ်ပြင်ဆင် ရေးဆွဲခဲ့သည့်အနက် တတိယအကြိမ် ပြင်ဆင်ရေးဆွဲထားသည့် ရပ်ကျေးဥပဒေအတိုင်းရွေးချယ်ပေးခဲ့ခြင်းသာဖြစ်ပြီး ဥပဒေနှင့်အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဝေါမြို့နယ်၊ အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက ပြောဆိုသည်။

"တိုင်တယ်ဆိုတဲ့ စာလည်း ကျွန်တော့ဆီကိုတောင်မရောက်သေးပါဘူး" ဟု ၎င်းက ဆိုသည်။

ယင်းအုပ်ချုပ်ရေးမှူးနေရာကို တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဥပဒေမဲ့ ရယူသွားသည်ဟုဆိုကာတိုင်ကြားခံခဲ့ရသည့် ဝေါမြို့နယ်၊ အမှတ် ၉ ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံထားရသည့် ဦးသီဟထံ ဆက်သွယ်မေးမြန်းခဲ့သော်လည်း လက်ခံဖြေကြားခြင်းမရှိခဲ့ပေ။ ■ R-15

## NEWS IN BRIEF

### သစ်ကိုင်းကျိုးကျပိမိ၍ ဆိုင်ကယ်မောင်းသူ သေဆုံး

**တောင်ငူ၊ အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပုဏ္ဏားစုရပ်ကွက်၊ စကြာံခြံလမ်းကွေ့အနီး အောက်တိုဘာလ ၂၃ ရက်နေ့ ည ၈ နာရီခန့်က ဆိုင်ကယ်မောင်းလာသူအပေါ် သစ်ကိုင်းကျိုးကျပိမိရာမှ ဆိုင်ကယ်မောင်းသူသေဆုံးခဲ့ကြောင်း ပဲခူးမြို့မရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

အဆိုပါသေဆုံးမှုနှင့် ပတ်သက်၍ ပဲခူးမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂၅/၂၀၁၇အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ယင်းစခန်းထံမှ သိရသည်။ ■ R-15

### တောင်တွင်းကြီးတွင် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

**တောင်တွင်းကြီး၊ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အုန်းတော(၂)ရပ်ကွက်၊ အပိုင်း(၄)ရှိ နေအိမ်တစ်ခုတွင် အသက် ၅၀ အရွယ် အမျိုးသားတစ်ဦး အောက်တိုဘာလ ၂၃ ရက်နေ့ ည ၉ နာရီခွဲခန့်က ကြိုးဆွဲချသေဆုံးခဲ့ကြောင်း တောင်တွင်းကြီးမြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ယင်းစခန်းထံမှ သိရသည်။■R-02

# ဖီဖာတစ်နှစ်တာ အကောင်းဆုံးအသင်းတွင် ရီးရဲလ်မက်ဒရစ်ကိုယ်စားပြုကစားသမားများ အရေအတွက် အများဆုံးပါဝင်

**လန်ဒန်၊ အောက်တိုဘာ ၂၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် ၂၀၁၆-၁၇ ဘောလုံးရာသီ စွမ်းဆောင်ရည်များအပေါ်တွင်မူတည်၍ တစ်နှစ်တာ အကောင်းဆုံးအသင်းကို ရွေးချယ်လိုက်ပြီဖြစ်ရာ ယင်းအသင်းတွင် ရီးရဲလ်မက်ဒရစ် ကစားသမားငါးဦးဖြင့် အရေအတွက် အများဆုံး ပါဝင်ခဲ့ကြောင်း FIFA က ဖော်ပြထားသည်။

ဖီဖာသည် တစ်နှစ်တာအကောင်းဆုံးအသင်းကို ၄-၃-၃ ကစားကွက်ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်း လာလီဂါပြိုင်ပွဲ၌ အမှတ်ပေးချန်ပီယံဖြစ်ခဲ့ခြင်း၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် ၂ နှစ်ဆက် ချန်ပီယံဖြစ်သည့် ပထမဆုံးအသင်းအဖြစ် စံချိန်သစ်တစ်ရပ် ရေးထိုးစိုက်ထူနိုင်ခဲ့ခြင်း စသည့်အချက်များက ရီးရဲလ်မက်ဒရစ် ကစားသမားများကို ဖီဖာတစ်နှစ်တာ အကောင်းဆုံးအသင်းတွင် ယခုကဲ့သို့ နေရာအများအပြား ရသွားစေခဲ့ခြင်း ဖြစ်သည်။

■ E-11



| | | |
|---|---|---|
| | **ဖီဖာတစ်နှစ်တာအကောင်းဆုံးအသင်း** | |
| **ဂိုး** | - | ဘူဖွန်(ဂျူဗင်တပ်/အီတလီ) |
| **ခံစစ်** | - | အဲလ်ဗက်စ်(ပီအက်စ်ဂျီ/ဘရာဇီး)၊ ရာမို့စ်(ရီးရဲလ်မက်ဒရစ်/စပိန်)၊ ဘိုနူချီ(အေစီမီလန်/အီတလီ)၊ မာဆယ်လို(ရီးရဲလ်မက်ဒရစ်/စပိန်) |
| **ကွင်းလယ်** | - | တိုနီခရူးစ်(ရီးရဲလ်မက်ဒရစ်/ဂျာမနီ)၊ မိုဒရစ်(ရီးရဲလ်မက်ဒရစ်/ခရိုအေးရှား)၊ အင်နီယေစတာ(ဘာစီလိုနာ/စပိန်) |
| **တိုက်စစ်** | - | မက်ဆီ(ဘာစီလိုနာ/အာဂျင်တီးနား)၊ စီရော်နယ်ဒို(ရီးရဲလ်မက်ဒရစ်/ပေါ်တူဂီ)၊ နေမာ(ပီအက်စ်ဂျီ/ဘရာဇီး) |

# လိုက်ပ်ဇစ်ဂျ်၊ ဆဲလ်တစ်၊ ဒေါ့မွန်တို့နှင့်ယှဉ်ပြိုင်ရမည့်ပွဲများကို သောမတ်စ်မူလာ လွဲချော်မည်

**မြူးနစ်၊ အောက်တိုဘာ ၂၃**

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး သောမတ်စ်မူလာသည် ဘိုင်ယန်မြူးနစ်က ဟမ်းဘတ်ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်တွင် ပေါင်ဒဏ်ရာရရှိသွားခဲ့သည့်အတွက် သီတင်းပတ် သုံးပတ်ခန့် အနားယူရတော့မည်ဖြစ်ကြောင်း The Bild က ဖော်ပြထားသည်။

သောမတ်စ်မူလာသည် ဟမ်းဘတ်နှင့် ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ဒုတိယပိုင်းအစ၌ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏နေရာကို လူစားဝင်ရောက်၍ အသင်းအတွက် ကစားပေးခွင့်ရခဲ့ပြီး လူစားလဲ ဝင်ရောက်လာခဲ့ပြီးသည့်နောက် ကိုးမိနစ်အကြာတွင် သောမတ်စ်မူလာက ယင်းဒဏ်ရာကို ရသွားခဲ့ခြင်းဖြစ်သည်။

သောမတ်စ်မူလာသည် လိုက်ပ်ဇစ်ဂျ်၊ ဆဲလ်တစ်၊ ဒေါ့မွန်တို့နှင့် ယှဉ်ပြိုင်ရမည့် ပွဲစဉ်များကို လွဲချော်ရတော့မည်ဖြစ်ပြီး ယင်းဒဏ်ရာအခြေအနေအရ အင်္ဂလန်၊ ပြင်သစ်တို့နှင့် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ခြေစမ်းပွဲများတွင်လည်း ဂျာမနီလက်ရွေးစင်အသင်းကို ကိုယ်စားပြုကစားပေးနိုင်ရန် ၎င်းက မသေချာသည့်အခြေအနေများ ရှိနေသည်။

■ E-11



Getty Images



# မြန်မာနည်းပြနှင့် အသင်းခေါင်းဆောင်တို့ စီရော်နယ်ဒိုကို မဲပေးခဲ့

**ဇူးရစ်ချ်၊ အောက်တိုဘာ ၂၄**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဂတ်ဆီဗီနှင့် မြန်မာ့လက်ရွေးစင်အသင်း ခေါင်းဆောင် ရန်အောင်ကျော်တို့သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကြီးမှူးပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု (The Best ဆု) အတွက် ရီးရဲလ်မက်ဒရစ် တိုက်စစ်မှူး စီရော်နယ်ဒိုကို မဲပေးခဲ့ကြောင်း FIFA ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဂတ်ဆီဗီသည် စီရော်နယ်ဒိုကို ပထမအဖြစ်လည်းကောင်း၊ မက်ဆီကို ဒုတိယအဖြစ်လည်းကောင်း၊ နေမာကို တတိယအဖြစ်လည်းကောင်း မဲပေးခဲ့ပြီး အသင်းခေါင်းဆောင် ရန်အောင်ကျော်ကမူ စီရော်နယ်ဒို၊ နေမာနှင့် မက်ဆီဟူ၍ အစဉ်အလိုက်ထားရှိကာ မဲပေးသွားခဲ့သည်။

ဖီဖာသည် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု(The Best ဆု)ကို နိုင်ငံလက်ရွေးစင်အသင်းနည်းပြများ၊ နိုင်ငံလက်ရွေးစင်အသင်းခေါင်းဆောင်များ၊ အားကစားစာနယ်ဇင်းပညာရှင်များနှင့် ပရိသတ်များ၏မဲပေးရွေးချယ်မှုဖြင့် ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒိုမှာ မဲရရှိမှုရာခိုင်နှုန်းတွင် မက်ဆီနှင့်နေမာတို့ထက် အပြတ်သာလွန်ခဲ့ကြောင်းလည်း မြင်တွေ့ခဲ့ကြရသည်။

စီရော်နယ်ဒိုသည် ဖီဖာ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု(The Best ဆု)အတွက် ထောက်ခံမဲပမာဏ ၄၃ ဒသမ ၁၆ ရာခိုင်နှုန်းရရှိခဲ့ပြီး မက်ဆီက ထောက်ခံမဲရာခိုင်နှုန်း ၁၉ ဒသမ ၂၅ ရာခိုင်နှုန်း၊ နေမာက ၆ ဒသမ ၉၇ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း ဖီဖာက ထုတ်ပြန်ကြေညာထားသည်။

ပေါ်တူဂီလက်ရွေးစင်အသင်းခေါင်းဆောင် စီရော်နယ်ဒိုနှင့် အာဂျင်တီးနားလက်ရွေးစင်အသင်းခေါင်းဆောင် မက်ဆီတို့သည် အချင်းချင်း အပြန်အလှန် မဲပေးခဲ့ကြခြင်းမရှိဘဲ စီရော်နယ်ဒိုက ရီးရဲလ်မက်ဒရစ် အသင်းဖော်များကိုလည်းကောင်း၊ မက်ဆီက ဘာစီလိုနာအသင်းနှင့်ပတ်သက်သူများကိုလည်းကောင်း အသီးသီး မဲပေးသွားခဲ့ကြသည်။

စီရော်နယ်ဒိုသည် ဖီဖာ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု(The Best ဆု)အတွက် မိုဒရစ်ကို ပထမ၊ ရာမို့စ်ကို ဒုတိယနှင့် မာဆယ်လိုကို တတိယအဖြစ် ရွေးချယ်ခဲ့ပြီး မက်ဆီက ဆွာရက်ဇ်ကို ပထမ၊ အင်နီယေစတာကို ဒုတိယ၊ ဘာစီလိုနာအသင်းဖော်ဟောင်း နေမာကို တတိယအဖြစ် မဲပေးသွားခဲ့သည်။

■ E-11

# အင်စထရာဂရမ် လူမှုကွန်ရက် စာမျက်နှာရှိ ကိုယ်ရေးအကျဉ်းမှနေ၍ အသင်းအမည်ကို လော့ဗ်ရန် ဖယ်ရှား

**လီဗာပူး၊ အောက်တိုဘာ ၂၄**

လီဗာပူးနောက်ခံကစားသမား လော့ဗ်ရန်သည် အင်စထရာဂရမ် လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားသော ၎င်း၏ကိုယ်ရေးအကျဉ်းမှနေ၍ အသင်းအမည်ကို ဖယ်ရှားပစ်လိုက်ပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်သည် စပါးက လီဗာပူးကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် အသင်းကစားသမားများ၏စွမ်းဆောင်ရည်ကို ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်သွားခဲ့ပြီး အထူးသဖြင့် လီဗာပူးခံစစ်မှူးများ မမှားသင့်သည့် အမှားများ ကျူးလွန်ခဲ့ခြင်းက အသင်းကို ရုပ်ပျက်ဆင်းပျက်ဖြစ်သွားစေခဲ့ခြင်းဖြစ်သည်ဟုလည်း ၎င်းက ပြောကြားသွားခဲ့သည်။

ဂျာဂင်ကလော့ပ်သည် ယင်းပွဲစဉ်တွင် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အားရဖွယ်မရှိခဲ့သော လော့ဗ်ရန်ကို ပွဲကစားချိန် ပထမပိုင်း ၃၁ မိနစ်၌ပင် လူစားလဲလိုက်ပြီး လီဗာပူးအသင်း ပေးလိုက်ရသည့် အဖွင့်ဂိုးနှစ်ဂိုးမှာ လော့ဗ်ရန်၏အမှားကြောင့်ဟု ဂျာဂင်ကလော့ပ်က ထင်မြင်ယူဆ သုံးသပ်ထားသည်။

လော့ဗ်ရန်သည် နည်းပြဂျာဂင်ကလော့ပ်က ၎င်းကို စပါးနှင့်ပွဲစဉ်တွင် လီဗာပူးအသင်း ဂိုးပြတ်အရှုံးရလဒ်ဖြင့် ရင်ဆိုင်ခဲ့သည့်ဖြစ်စဉ်၌ အဓိကတရားခံတစ်ဦးဟု သတ်မှတ်ယူဆနေခြင်းကို စိတ်ပျက်လက်ပျက်ဖြစ်နေပြီး ယင်းအတွက် အင်စထရာဂရမ် လူမှုကွန်ရက်စာမျက်နှာရှိ ၎င်း၏ကိုယ်ရေးအကျဉ်းတွင် လီဗာပူး အသင်းအမည်ကို လော့ဗ်ရန်က ဖယ်ထုတ်ပစ်လိုက်ခြင်းဖြစ်ဖွယ်ရှိကြောင်း သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။

ဂျာဂင်ကလော့ပ်သည် ၎င်းအနေနှင့် ဘောလုံးကွင်းအတွင်း၌ ကစားသမားတစ်ဦးအဖြစ် ရှိနေခဲ့မည်ဆိုပါက စပါးအသင်း သွင်းယူသွားခဲ့သော ပထမဂိုးကို ကျိန်းသေပေါက် ဟန့်တားကာကွယ်နိုင်ခဲ့မည်သာဖြစ်သည်ဟု မှတ်ချက်ပေးထားပြီး လော့ဗ်ရန်မှာ ဟယ်ရီကိန်းကို လူကပ်ထိန်းချုပ်ရာ၌ အားနည်းလွန်းခဲ့သည့်အတွက် ယင်းဂိုးကို ခွင့်ပြုလိုက်ရခြင်းဖြစ်ကြောင်း ဂျာဂင်ကလော့ပ်က ဆက်လက် ရှင်းပြသွားခဲ့သေးသည်။

ဂျာဂင်ကလော့ပ်သည် စပါးအသင်း ဒုတိယမြောက်ဂိုး ရရှိသွားခဲ့သည့်ဖြစ်စဉ်တွင် လော့ဗ်ရန်အနေနှင့် ဂိုးအစပြုရာ ဖြတ်တင်ဘောကန်တင်ပေးပို့ချက်ကို လိုက်လံဟန့်တားရာ၌ တွက်ဆမှုမှားယွင်းကာ အချိန်နောက်ကျခဲ့ကြောင်း ထောက်ပြထားပြီး ဘောလုံးရေးရာသုံးသပ်သူများကမူ လီဗာပူးမှာ ပိတ်သိမ်းပြီးစီးသွားခဲ့သည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း ထိပ်တန်းအဆင့် ခံစစ်မှူးတစ်ဦးခေါ်ယူရန် ပျက်ကွက်ခဲ့သည့် အကျိုးဆက်၏ရိုက်ခတ်မှုဒဏ်ကို လက်ရှိအချိန်တွင် ခံစားနေရခြင်းပင်ဖြစ်ကြောင်း ထောက်ပြသွားခဲ့သည်။



Daily Mail

■ E-11




# ဘာတိုမြူနှင့် ပုံမှန်အတိုင်းပင် အဆက်အဆံရှိကြောင်း နေမာ အသိပေး

**လန်ဒန်၊ အောက်တိုဘာ ၂၄**

ပီအက်စ်ဂျီတိုက်စစ်မှူးနေမာသည် ၎င်းနှင့် ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမြူ အကြားတွင် ယခင်ကကဲ့သို့ပင် အခေါ်အပြောမပျက် ပုံမှန်ဆက်ဆံရေးတစ်ရပ်ရှိနေဆဲပင်ဖြစ်ကြောင်း ထုတ်ဖော်အသိပေးသွားခဲ့ပြီး ၎င်းအနေနှင့် ဘလွန်းဒီအော်ဆု၊ ဖီဖာတစ်နှစ်တာ အကောင်းဆုံးကစားသမားဆု(The Best ဆု)တို့ကို ဆွတ်ခူးရယူနိုင်ရေးမှာ ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်၊ မဖြစ်နှင့် တိုက်ရိုက်ဆက်စပ်နေကြောင်းလည်း နေမာက ရှင်းပြသွားခဲ့သေးကြောင်း Daily Star က ဖော်ပြထားသည်။

နေမာနှင့်ဘာတိုမြူတို့သည် ပီအက်စ်ဂျီအသင်းထံသို့ နေမာပြောင်းရွှေ့ခဲ့အပြီးတွင် ပုဂ္ဂိုလ်ရေးအရ အပြန်အလှန် ထိုးနှက်တိုက်ခိုက်ခဲ့ကြပြီး ဘာတိုမြူက ဘာစီလိုနာအနေနှင့် နေမာတို့သားအဖကို ယုံကြည်မှုလွန်ကဲမိလိုက်ခြင်းက ကြီးစွာသော အမှားကျူးလွန်မှုဖြစ်သွားခဲ့ပြီဟု မှတ်ချက်စကားပြောကြားခဲ့ခြင်းကို နေမာက ဟာသအလွန်ပြောတတ်သည့် အသင်းဥက္ကဋ္ဌဟု တုံ့ပြန်ခဲ့ဖူးသည်။

ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားဆု(The Best ဆု)ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာခဲ့ရာတွင် Radio Marca သတင်းဌာနနှင့် တွေ့ဆုံခဲ့ရာ၌ နေမာက "ကျွန်တော်နဲ့ ဘာစီလိုနာဥက္ကဋ္ဌ ဘာတိုမြူအကြားမှာ ပုံမှန်ဆက်ဆံရေးမျိုး ရှိနေဆဲပါပဲ။ တစ်ယောက်နဲ့တစ်ယောက် အခေါ်အပြောမလုပ်တော့တာမျိုး မရှိပါဘူး"ဟု အသိပေးသွားခဲ့ခြင်းဖြစ်ပြီး ဆုပေးပွဲအခမ်းအနားတွင် အသင်းဖော်ဟောင်း မက်ဆီနှင့် ပြန်လည်ဆုံတွေ့ရာ၌မူ ဘောလုံးနှင့်သက်ဆိုင်သည့်အကြောင်းအရာများကို စကားမစပ်ခဲ့ဘဲ လူနေမှုဘဝအကြောင်းအရာများကိုသာ ပြောဆိုဖြစ်ခဲ့သည်ဟုလည်း နေမာက ရှင်းပြသွားခဲ့သည်။

နေမာသည် ၂၀၁၆-၁၇ ဘောလုံးရာသီ စွမ်းဆောင်ရည်များအတွက် ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားဆု(The Best ဆု)ကို ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒို ဆွတ်ခူးရရှိသွားခဲ့သည်ကိုလည်း ထောက်ခံသွားခဲ့ကာ ၎င်းအတွက်မူ နောက်ဆုံးအဆင့် ဆန်ခါတင်သုံးဦးစာရင်းအတွင်း ပါဝင်ခွင့်ရခဲ့သည်ကပင် အတိုင်းထက်အလွန် စိတ်ကျေနပ်ဖွယ်ရာဖြစ်နေပြီဟု နေမာက ဆက်လက် ပြောကြားသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် နေမာက "စီရော်နယ်ဒိုကို ကျွန်တော် ဂုဏ်ပြုပါတယ်။ ဘောလုံးလောကထဲမှာ ကစားသမားဘဝ ကျင်လည်ဖြတ်သန်းခဲ့စဉ်ကာလအတွင်း သူက အများကြီးလုပ်ပြခဲ့ပြီးပါပြီ။ သူ့မှာ အရမ်းကို လေးစားဖို့ကောင်းတဲ့ အရည်အချင်းတွေလည်း အများအပြား ရှိလို့နေပါတယ်။ စီရော်နယ်ဒိုနဲ့မက်ဆီတို့ဟာ ဘောလုံးလောကရဲ့ စံပြတွေပါ။ ကျွန်တော့်အတွက်ကတော့ နောက်ဆုံးအဆင့် ဆန်ခါတင်ကစားသမားသုံးဦးစာရင်းမှာ ပါဝင်ခွင့်ရတာနဲ့တင် ကျေနပ်စရာ ကောင်းနေပါပြီ"ဟု အသိပေးသွားခဲ့သည်။

■ E-11

# ဖာဂူဆန်ကျင့်သုံးခဲ့သော ဒေါသတကြီး ပြစ်တင်ကြိမ်းမောင်းသည့်နည်းလမ်းကို မော်ရင်ညို ပထမဆုံးအကြိမ် အသုံးပြု



**မန်ချက်စတာ၊ အောက်တိုဘာ ၂၄**

မန်ယူနည်းပြ မော်ရင်ညိုသည် ဂန္ထဝင်နည်းပြကြီးဖာဂူဆန် ကျင့်သုံးခဲ့သည့် ဒေါသတကြီး ပြစ်တင်ကြိမ်းမောင်းသည့်နည်းလမ်းကို ပထမဆုံးအကြိမ် အသုံးပြုလိုက်ပြီဖြစ်ပြီး ဟတ်ဒါးစဖီးလ်က မန်ယူကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သောပွဲစဉ်အပြီးတွင် မန်ယူအသင်းကစားသမားများမှာ မော်ရင်ညို၏ဆူပူကြိမ်းမောင်းခြင်းကို ခံခဲ့ကြရသည်ဟု Daily Mail က ဖော်ပြထားသည်။

ဖာဂူဆန်သည် စွမ်းဆောင်ရည်ညံ့ဖျင်းသည့် ပွဲစဉ်များတွင် မန်ယူကစားသမားများကို အဝတ်လဲခန်းအတွင်း၌ စုဝေးစေ၍ အမြဲတစေ ဆူပူကြိမ်းမောင်းတတ်လေ့ရှိပြီး ကစားသမားများအပေါ် ဖာဂူဆန် ဆက်ဆံတတ်သည့် ယင်းအပြုအမူကို အင်္ဂလန်သတင်းမီဒီယာများက ဆံပင်အခြောက်ခံစက်ဆက်ဆံမှု(Hair dryer Treatment)(ခေါင်းပူခံရသည်ကို ရည်ညွှန်းခြင်းဖြစ်သည်)ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြဖူးသည်။

မော်ရင်ညိုသည် ဟတ်ဒါးစဖီးလ်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် အဝတ်လဲခန်းအတွင်းသို့ ဒေါသတကြီးဖြင့် ဝင်ရောက်သွားခဲ့ပြီး အဝတ်လဲခန်းအတွင်းသို့ ရောက်သည်နှင့် မော်ရင်ညိုက ၎င်းဝတ်ဆင်ထားသော ကုတ်အင်္ကျီကိုချွတ်၍ ကြမ်းပြင်ထက်သို့ ပစ်ပေါက်ကာ ဆူပူကြိမ်းမောင်းမှုကို အစပြုလိုက်ခြင်းဖြစ်သည်ဟု မန်ယူအသင်းဝန်ထမ်းတစ်ဦးက ရှင်းပြသွားခဲ့သည်။

ဟတ်ဒါးစဖီးလ်သည် အသင်းသမိုင်းကြောင်းဖြတ်သန်းမှု နောက်ဆုံး ၆၅ နှစ်တာကာလအတွင်းတွင် မန်ယူကို ပထမဆုံးအကြိမ်အဖြစ် ပြန်လည်အနိုင်ရလိုက်ခြင်းဖြစ်ပြီး ယင်းပွဲစဉ်အရှုံးရလဒ်ကြောင့် ပြိုင်ပွဲအရပ်ရပ် ပွဲစဉ် ၁၂ ပွဲဆက်တိုက် ရှုံးပွဲမရှိဖြတ်သန်းခဲ့သော မန်ယူ၏မှတ်တမ်းကောင်းတစ်ခုမှာ ကျိုးပျက်ရပ်တန့်သွားခဲ့ရပြီဖြစ်သည်။

မော်ရင်ညိုသည် ၂၀၁၆ ခုနှစ် မေလတွင် မန်ယူနည်းပြအဖြစ် တရားဝင် ခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရပြီး မန်ယူနည်းပြဘဝဖြတ်သန်းမှုအတွင်း အသင်းကစားသမားများကို မော်ရင်ညို ဒေါသတကြီးဖြင့် ဆူပူကြိမ်းမောင်းသည်မှာ ပထမဆုံးအကြိမ်လည်းဖြစ်သည်။

မော်ရင်ညိုသည် ယင်းသို့ဆူပူကြိမ်းမောင်းရာတွင် အသင်းစီနီယာကစားသမားများကို အဓိကထား၍ မာန်မဲခဲ့ကြောင်း ဆက်စပ်သတင်းများ ထွက်ပေါ်နေပြီး ဟတ်ဒါးစဖီးလ်ကို ဂိုးများပေးလိုက်ရခြင်းတွင် အဓိကအမှားကျူးလွန်ခဲ့သူဖြစ်သော လင်ဒီလော့ဖ်ကိုမူ မော်ရင်ညိုက ပြစ်တင်ဆူပူခြင်း မရှိခဲ့ဟု Sky Sports က ရေးသားထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "အသင်းကစားသမားတွေရဲ့အာရုံစူးစိုက်မှု လျော့နည်းခဲ့ပုံတွေကလုံးဝကို လက်မခံနိုင်စရာပါပဲ။ ခြေစမ်းပွဲတွေဖြစ်နေရင်တောင် အဲ့ဒီလို ပေါ့ပေါ့လျော့လျော့ ကစားတာကို ကျွန်တော် လက်မခံနိုင်ပါဘူး။ ကျွန်တော်တို့ထက် ပိုကောင်းတဲ့အသင်းတစ်သင်း၊ အရည်အချင်း ပိုမိုသာလွန်တဲ့အသင်းတစ်သင်းကို ရှုံးနိမ့်လိုက်ရတာဖြစ်တဲ့အတွက် ကျွန်တော် လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ ပေါ့ပေါ့လျော့လျော့ ကစားတာမျိုးကိုတော့ ဘယ်လိုမှ လက်မခံနိုင်ပါဘူး"ဟု ပြောကြားသွားခဲ့သည်။

■ E-11

# TODAY UPDATE NEWS

○ အာရှခြေစစ်ပွဲအတွက် ပြင်ဆင်ချိန်တစ်လကျော်ရရှိခဲ့သည့်အတွက် နောက်ဆုံးအဆင့်ထိရောက်ရှိရန် ပစ်မှတ်ထားယှဉ်ပြိုင်မည်ဖြစ်ကာ အုပ်စုအတွင်းအသင်းများကို လေးစားစွာယှဉ်ပြိုင်မည်ဟု မြန်မာယူ-၁၉ အသင်း နည်းပြချုပ် ဦးချစ်နိုင်က ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

○ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံပေါင်းစုံ နဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

○ 1st EGAT King's Cup Junior ပြိုင်ပွဲဝင်ခဲ့သည့် လူငယ်ကစားသမား သီဟအောင်ကို ကျပ်တစ်သိန်းနှင့် မလေးရှား SEA Games ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် မြင့်ကြည်ကို ကျပ်သိန်း ၂၀ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က ဆုငွေများချီးမြှင့်ခဲ့သည်။

○ မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ၎င်း၏မန်စီးတီးအသင်းမှာ ပရီးမီးယားလိဂ်၏ဒုတိယမြောက်ရှုံးပွဲကင်းစင်အသင်း (The Invincibles အသင်း)အဖြစ် သမိုင်းစံချိန်သစ်တစ်ခု ရေးထိုးစိုက်ထူနိုင်ရန် မဖြစ်နိုင်ကြောင်း ဖွင့်ဟဝန်ခံလိုက်သည်ဟု The Sun က ဖော်ပြထားသည်။ အာဆင်နယ်သည် ၂၀၀၃-၀၄ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်၌ ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဖြစ်ခဲ့ဖူးကာ အာဆင်နယ်၏ယင်းစံချိန်ကို တောင်းဆိုမှုနှင့်ဖိအားများ လွန်စွာများပြားလွန်းသည့် မော်ဒန်ခေတ်ဘောလုံးလောကတွင် တော်တန်ရုံအသင်း လိုက်မီရန် မလွယ်နိုင်ကြောင်း ဂွါဒီယိုလာက ရှင်းပြသွားခဲ့သည်။ မန်စီးတီးအသင်းသည် ဘန်လေကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် ပရီးမီးယားလိဂ်ပွဲစဉ်၌ ကိုးပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ရရှိပိုင်ဆိုင်သွားခဲ့ပြီဖြစ်သည်။

○ ပြင်သစ်လုံခြုံရေးရဲတပ်ဖွဲ့တာဝန်ရှိသူများသည် မာဆေးနှင့်ပီအက်စ်ဂျီတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ပြင်သစ်လီဂူးပွဲစဉ် မစတင်မီတွင် မာဆေးပရိသတ်ကိုးဦးကို အကြမ်းဖက်တိုက်ခိုက် ရန်ပြုမှုဖြင့် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း Daily Mail က ဖော်ပြထားသည်။ မာဆေးပရိသတ်များသည် ပွဲမစတင်မီတွင် အသင်းပိုင် Stade Velodrome ဘောလုံးကွင်းအပြင်ဘက်၌ ကွင်းလုံခြုံရေးတာဝန်ကျ ရဲဝန်ထမ်းများနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ပြီး မာဆေးပရိသတ်များ၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရဲဝန်ထမ်းလေးဦး ထိခိုက်ဒဏ်ရာရသွားခဲ့ကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားပြီလည်းဖြစ်သည်။ ကွင်းလုံခြုံရေးတာဝန်ကျ ရဲဝန်ထမ်းများသည် ၎င်းတို့ကို အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့သည့် လူအုပ်စုကို မျက်ရည်ယိုဗုံးများ အသုံးပြု၍လည်းကောင်း၊ မီးသတ်ပိုက်များဖြင့် ရေများပက်ဖျန်း၍လည်းကောင်း လူစုခွဲခဲ့ရသည်။

○ ဖီနာဘာချီအသင်းကစားသမားများသည် ဂါလာတာစာရေးနှင့် ဖီနာဘာချီတို့ တစ်ဖက်နှင့် တစ်ဖက် ဂိုးမရှိသရေကျခဲ့သည့် အစ္စတန်ဘူလ်ဒါဘီပွဲစဉ်တွင် စည်းကြပ်ဒိုင်လူကြီး တာရစ်ခ်အွန်ဂန်းကို ဂါလာတာစာရေးအသင်းအားပေးသူများက မီးရှူးများ၊ ပုလင်းများ၊ မီးခြစ်များဖြင့် ပစ်ပေါက်ရန်ပြုခဲ့ကြသည်ကို တတ်နိုင်စွမ်းသရွေ့ အကာအကွယ်ပေး၍ အွန်ဂန်း ကွင်းပြင်သို့ ထွက်ခွာသွားနိုင်စေရန် ကူညီခဲ့ကြကြောင်း Daily Star က ဖော်ပြထားသည်။ ဂါလာတာစာရေးပရိသတ်များသည် ပွဲပြီးဆုံးရန် ၁၇ မိနစ်ခန့်အလိုတွင် ၎င်းတို့၏ကွင်းလယ်ကစားကွက်ဖန်တီးရှင် ဘယ်လ်ဟန်ဒါ နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်ကို မကျေမနပ်ဖြစ်ကာ ဘောလုံးကွင်းအတွင်းသို့ ပစ္စည်းများဖြင့် ပစ်ပေါက်၍ တာဝန်ရှိသူများကို ရန်ပြုရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။

○ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘတ်ပေသည် ကုန်လွန်ခဲ့သည့် ၂၀၁၆-၁၇ ဘောလုံးရာသီ စွမ်းဆောင်ရည်များအတွက် ပေးအပ်ချီးမြှင့်သည့် ရွှေရောင်လူငယ်ဆုကို ဆွတ်ခူးရရှိသွားခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။ ရွှေရောင်လူငယ်ဆုကို ဥရောပတစ်လွှားရှိ အားကစားနယ်ပယ်ဆိုင်ရာ စာနယ်ဇင်းပညာရှင်များ၏မဲပေးမှုဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကာ အမ်ဘတ်ပေမှာ ဆန်ခါတင်စာရင်းဝင်ကစားသမားများ ဖြစ်သည့် မန်စီးတီးတိုက်စစ်မှူး ဂါဘရီရယ်လ်ဂျီးဆပ်စ်နှင့် ဘာစီလိုနာတိုက်စစ်တောင်ပံကစားသမား ဒမ်ဘီလီတို့ကို ကျော်ဖြတ်၍ ယခုဆုကို ဆွတ်ခူးရယူသွားနိုင်ခဲ့ခြင်းဖြစ်သည်။ ဥရောပတစ်လွှားရှိ အားကစားနယ်ပယ်ဆိုင်ရာ စာနယ်ဇင်းပညာရှင်များသည် ဥရောပထိပ်သီးလိဂ်ပြိုင်ပွဲများတွင် ပါဝင်ကစားနေသော အသက် ၂၁ နှစ်အောက် ကစားသမားများအနက်မှနေ၍ စွမ်းဆောင်ရည်အကောင်းဆုံး ကစားသမားကို ရွေးချယ်ကာ ယခုဆုကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

○ ဝက်စ်ဟမ်းအသင်း တာဝန်ရှိသူများသည် နည်းပြဘီလစ်၏အနာဂတ်ကို များမကြာမီအချိန်အတွင်း ဆုံးဖြတ်သွားဖွယ်ရှိနေပြီဖြစ်ပြီး စပါးနှင့်ယှဉ်ပြိုင်ရမည့် ခရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်(သို့မဟုတ်)ခရစ္စတယ်ပဲလေ့စ်နှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ရလဒ်ဆိုး ထပ်ကြုံခဲ့ရပါက ဘီလစ်မှာ ရာထူးထုတ်ပယ်ခံရရန် သေချာသွားတော့မည်ဖြစ်ကြောင်း Sportmail က ဖော်ပြထားသည်။ ဝက်စ်ဟမ်းအသင်းတာဝန်ရှိသူများသည် ဘီလစ်ကို ရာထူးထုတ်ပယ်လိုက်ပါက ယင်းကွက်လပ်ကို အစားဖြည့်ရန်အတွက် နည်းပြသစ်လျာထားစာရင်းတစ်ခုကို ရေးဆွဲထားပြီဖြစ်ပြီး ဝက်စ်အသင်းတာဝန်ရှိသူများ ခေါ်ယူလိုသည့် နည်းပြများအနက်တွင် ထိပ်ဆုံးနေရာက ပါရှိနေသူများမှာ ဟော့ဖ်ဖန်ဟိမ်းနည်းပြ နာဂျယ်လ်မန်းစ်နှင့် ဒေ့ါမွန်နည်းပြဟောင်း သောမတ်စ်တူချယ်လ်တို့ဖြစ်ကြသည်။ ဘိုင်ယန်မြူးနစ်အသင်းသည်လည်း လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် အမြဲတမ်းနည်းပြအဖြစ် နာဂျယ်လ်မန်းစ်ကို ခန့်အပ်တာဝန်ပေးရန် စောင့်ကြည့်မှုများ ရှိနေသည်။

■ E-11

# ရန်ကုန်မာရသွန်ပြိုင်ပွဲတွင် ဗိုလ်စွဲသူ စင်ကာပူ မာရသွန်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)တို့ ဦးဆောင်ကျင်းပမည့် Yangon 100 PLUS Active Run မာရသွန်ပြိုင်ပွဲတွင် ဗိုလ်စွဲသူကို စင်ကာပူမာရသွန်ပြိုင်ပွဲ၏ ၁၀ ကီလိုမီတာအပြေးပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်ဟု ပွဲစီစဉ်သည့် 100 PLUS ထံမှ သိရသည်။

ယင်းပြိုင်ပွဲကို သုဝဏ္ဏဘောလုံးကွင်း၌ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး 100 PLUS က ပထမဦးဆုံးအကြိမ် ကျင်းပမည့်ပြိုင်ပွဲဖြစ်ကာ ၁၀ ကီလိုမီတာစိန်ခေါ်ပြိုင်ပွဲနှင့် ၃ ဒသမ ၅ ကီလိုမီတာ အပျော်တမ်း အပြေး/လမ်းလျှောက်ပြိုင်ပွဲတို့ ထည့်သွင်းကျင်းပမည်ဟု 100 PLUS က ထုတ်ပြန်ထားသည်။

"ကျွန်တော်တို့ကျင်းပမယ့် ၁၀ ကီလိုမီတာ မာရသွန်အပြေးပြိုင်ပွဲက အားကစားဝါသနာရှင်တွေအနေနဲ့ ကိုယ့်အရည်အချင်းကို စစ်ဆေးနိုင်ဖို့ပါ။ ၃ ဒသမ ၅ ကီလိုမီတာပြိုင်ပွဲကတော့ ပြေးလေ့ပြေးထမရှိသေးတဲ့သူတွေအတွက် မိသားစု၊ သူငယ်ချင်းတွေနဲ့ အုပ်စုဖွဲ့ကစားနိုင်ဖို့ ရည်ရွယ်ပါတယ်။ ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်ငါးထောင်လောက်ပါဝင်ဖို့ မျှော်လင့်ထားပါတယ်"ဟု 100 PLUS အားဖြည့်အချိုရည် ထုတ်လုပ်သည့် F&N Myanmar ၏ Country Manager ဖြစ်သူ Mr. Freddy Oh က ပြောကြားသည်။

ပြိုင်ပွဲတွင်ဗိုလ်စွဲသည့် ကစားသမားကို ဆုတံဆိပ်အပါအဝင် ၃ ညအိပ် ၄ ရက် စင်ကာပူခရီးစဉ်နှင့် 100PLUS က ကူညီပံ့ပိုးပေးထားသော Standard Charter စင်ကာပူမာရသွန် (၁၀ ကီလိုမီတာ)ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်မည့်လက်မှတ်၊ ငွေသားဆု ကျပ်ရှစ်သိန်း၊ 100 PLUS အချိုရည် တစ်နှစ်စာ အခမဲ့သောက်သုံးခွင့်၊ ဒုတိယဆုရသူကို ဆုတံဆိပ်၊ ငွေသားဆု ကျပ်ငါးသိန်း၊ 100 PLUS အချိုရည် ခြောက်လစာ အခမဲ့သောက်သုံးခွင့်၊ တတိယဆုရသူကို ဆုတံဆိပ်၊ ငွေသားဆု ကျပ်သုံးသိန်းနှင့် 100 PLUS အချိုရည် သုံးလစာ အခမဲ့သောက်သုံးခွင့် ချီးမြှင့်မည်ဖြစ်သည်။

Yangon 100 PLUS Active Run မာရသွန်ပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများ အနေနှင့် ပြိုင်ပွဲနှစ်ရပ်စလုံးအတွက် လက်မှတ်တစ်စောင်လျှင် ကျပ်ရှစ်ထောင်ဖြင့် နိုဝင်ဘာလ ၅ ရက်အထိ City Mart များ၊ Ocean စင်တာများနှင့် Junction စင်တာများတွင် ဝယ်ယူနိုင်သည်။ ■ J-04

## ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

| | |
|---|---|
| **၂၅-၁၀-၂၀၁၇(ဗုဒ္ဓဟူးနေ့) ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ** | |
| ည ၆း၀၀ နာရီ | ဘရာဇီး - အင်္ဂလန် |
| ည ၉း၀၀ နာရီ | မာလီ - စပိန် |
| **စပိန်ဘုရင့်ဖလား ၃၂ သင်းအဆင့်ပွဲစဉ်များ(ပထမအကျော့)** | |
| ည ၁၁း၃၀ နာရီ | ဖော်မင်တီရာ - ဘီလ်ဘာအို |
| **အီတလီစီးရီးအေ ပွဲစဉ်(၁၀)** | |
| ည ၁၁း၀၀ နာရီ | အတ္တလန္တာ - ဟဲလပ်စ်ဗီရိုနာ |
| **ဂျာမန်ပိုကယ်လ်ဖလား ဒုတိယအဆင့်ပွဲစဉ်များ** | |
| ည ၁၁း၀၀ နာရီ | အော့စ်နာဘရပ်ခ် - နူရင်ဘတ် |
| ည ၁၁း၀၀ နာရီ | ဟာသာဘာလင် - ကိုလုံး |
| ည ၁၁း၀၀ နာရီ | ဝုဖ်ဘတ် - ဟန်နိုဗာ |
| ည ၁၁း၀၀ နာရီ | ကိုင်ဇာစလော့တန် - စတုဂတ် |
| **ပြင်သစ်လိဂ်ဖလား ၃၂ သင်းအဆင့်ပွဲစဉ်** | |
| ည ၁၁း၁၅ နာရီ | လိုင်လီ - ဗလင်စီယန်နက်စ် |
| **၂၆-၁၀-၂၀၁၇(ကြာသပတေးနေ့)ခရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်များ** | |
| နံနက် ၁း၁၅ နာရီ | ချယ်လ်ဆီး - အဲဗာတန် |
| နံနက် ၁း၃၀ နာရီ | စပါး - ဝက်စ်ဟမ်း |
| **အီတလီစီးရီးအေ ပွဲစဉ်(၁၀)** | |
| နံနက် ၁း၁၅ နာရီ | ဘိုလော့ဂ်နာ - လာဇီယို |
| နံနက် ၁း၁၅ နာရီ | ဖီအိုရင်တီးနား - တိုရီနို |
| နံနက် ၁း၁၅ နာရီ | ဂျူဗင်တပ် - SPAL |
| နံနက် ၁း၁၅ နာရီ | ရိုးမား - ခရိုတုန်း |
| နံနက် ၁း၁၅ နာရီ | ချီယေဗို - အေစီမီလန် |
| နံနက် ၁း၁၅ နာရီ | ဂျီနိုအာ - နာပိုလီ |
| နံနက် ၁း၁၅ နာရီ | ကက်ဂလီယာရီ - ဘီနီဗင်တို |
| နံနက် ၁း၁၅ နာရီ | ဆက်ဆူအိုလို - အူဒီးနီးစ် |
| **စပိန်ဘုရင့်ဖလား ၃၂ သင်းအဆင့်ပွဲစဉ်များ(ပထမအကျော့)** | |
| နံနက် ၁း၀၀ နာရီ | ပွန်ဖာရာဒီနာ - ဗီလာရီးရဲလ် |
| နံနက် ၁း၀၀ နာရီ | ဗယ်လာဒိုးလစ် - လီဂါနက်စ် |
| နံနက် ၂း၀၀ နာရီ | အယ်လ်ချီ - အက်သလက်တီကို |
| နံနက် ၂း၀၀ နာရီ | အိုင်ဘား - ဆဲလ်တာဗီဂို |
| **ဂျာမန်ပိုကယ်လ်ဖလား ဒုတိယအဆင့်ပွဲစဉ်များ** | |
| နံနက် ၁း၁၅ နာရီ | ရီဂျင်းစ်ဘတ်ဂ် - ဟိုင်ဒင်ဟိမ်း |
| နံနက် ၁း၁၅ နာရီ | ဝါဒါဘရီမင် - ဟော့ဖ်ဖန်ဟိမ်း |
| နံနက် ၁း၁၅ နာရီ | ဖရိုင်းဘတ် - ဒိုင်နမိုဒရက်စ်ဒင်း |
| နံနက် ၁း၁၅ နာရီ | လိုက်ပ်ဇစ်ဂ် - ဘိုင်ယန်မြူးနစ် |
| **ပြင်သစ်လိဂ်ဖလား ၃၂ သင်းအဆင့်ပွဲစဉ်** | |
| နံနက် ၁း၃၅ နာရီ | ထရိုယက်စ် - အေမိန်းစ် |
| နံနက် ၁း၃၅ နာရီ | အန်ဂျားစ် - နန့်စီ |
| နံနက် ၁း၃၅ နာရီ | စထရာဘော့ဂ် - စိန့်အက်တီယန် |
| နံနက် ၁း၃၅ နာရီ | မက်ဇ် - ရက်ဒ်စတား |
| နံနက် ၁း၃၅ နာရီ | ဒီဂျွန် - ရန်းနက်စ် |
| နံနက် ၁း၃၅ နာရီ | တူးလော့စ် - ကလဲမောင့် |
| နံနက် ၁း၃၅ နာရီ | တိုးအားစ် - နန်တက်စ် |



# The Best ဆုကို စီရော်နယ်ဒို ၂ နှစ်ဆက် ဆွတ်ခူး၊ တစ်နှစ်တာ အကောင်းဆုံးသွင်းဂိုးဆုကို ဂျီရုဒ်ရရှိ

**လန်ဒန်၊ အောက်တိုဘာ ၂၄**

ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု(The Best ဆု)ကို ၂ နှစ်ဆက် ဆွတ်ခူးရရှိသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုပေးအပ်ချီးမြှင့်ပွဲကို လန်ဒန်မြို့တွင် သမိုင်းကြောင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒိုဆုရရှိကြောင်းကို အာဂျင်တီးနားဂန္ထဝင်တိုက်စစ်မှူး မာရာဒိုနာနှင့် ဘရာဇီးဂန္ထဝင်တိုက်စစ်မှူး ရော်နယ်ဒိုတို့က ဖွင့်ဖောက်ကြေညာပေးခဲ့ကြခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် နောက်ဆုံးအဆင့်ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် ပီအက်စ်ဂျီတိုက်စစ်မှူး နေမာတို့ကို ကျော်ဖြတ်၍ ယခုဆုကို ရရှိသွားခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်ဘောလုံးရာသီ၌ ရီးရဲလ်မက်ဒရစ်နှင့် ပေါ်တူဂီလက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ပြိုင်ပွဲအရပ်ရပ်တွင် စီရော်နယ်ဒို ရယူပေးခဲ့သော သွင်းဂိုးအရေအတွက်မှာ ၄၄ ဂိုးအထိ ရှိခဲ့သည်။

စီရော်နယ်ဒိုသည် ယမန်နှစ်ဘောလုံးရာသီ၌ လာလီဂါအမှတ်ပေးချန်ပီယံဆုနှင့် ချန်ပီယံလိဂ်ချန်ပီယံဆုတို့ကို ရီးရဲလ်မက်ဒရစ်အသင်း ဆွတ်ခူးရရှိခဲ့ရာတွင် အဓိကအခန်းကဏ္ဍမှနေ၍ ပါဝင်ခဲ့သူဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းမှာ သမိုင်းကြောင်းတစ်လျှောက်တွင် ချန်ပီယံလိဂ်ချန်ပီယံဆုကို ၂ နှစ်ဆက် ဆွတ်ခူးရရှိခဲ့သည့် ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။

အာဆင်နယ်တိုက်စစ်မှူး ဂျီရုဒ်သည် အာဆင်နယ်က ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ကင်းမြီးကောက်ကန်ချက်ဖြင့် သွင်းယူခဲ့သော ဂိုးအတွက် တစ်နှစ်တာအကောင်းဆုံးသွင်းဂိုးဆု(ပွတ်ရှ်ကပ်စ်ဆု)ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရပြီး ဂျီရုဒ်မှာ ဘာရိုကာအက်ဖ်စီအသင်းကို ကိုယ်စားပြု၍ ကစားသမားဘဝ ဖြတ်သန်းနေသော တောင်အာဖရိကဂိုးသမား မာဆူလူကီနှင့် ဗင်နီဇွဲလား ယူ-၁၇ လက်ရွေးစင်အမျိုးသမီးအသင်း ကစားသမား ကတ်စ်တယ်လ်လာနော့စ်တို့၏ သွင်းဂိုးများကို ကျော်ဖြတ်၍ ယခုဆုကို ရယူသွားနိုင်ခဲ့ခြင်းဖြစ်သည်။

စီးရီးအေကလပ် ဂျူဗင်တပ်အသင်း ဂိုးသမား ဘူဖွန်သည် တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုကို ခြောက်နှစ်ဆက်အဖြစ် ဆွတ်ခူးသိမ်းပိုက်သွားခဲ့ပြီး တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကိုမူ ရီးရဲလ်မက်ဒရစ်အား လာလီဂါပြိုင်ပွဲနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတို့တွင် ချန်ပီယံဖြစ်စေရန် ဦးဆောင်မှုပေးခဲ့သော နည်းပြဇီဒန်းက ရရှိသွားခဲ့သည်။ ■ E-11

### ဖီဖာတစ်နှစ်တာအကောင်းဆုံးဆု ဆွတ်ခူးရရှိသူများ

**တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု** - စီရော်နယ်ဒို(ရီးရဲလ်မက်ဒရစ်)
**တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမားဆု** - လိုင်ကီမာတင်းစ်(ဘာစီလိုနာ၊ နယ်သာလန်)
**အသန့်ရှင်းဆုံးဆု** - ဖရန်ဆစ်ကိုနေး
**တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆု** - ဘူဖွန်(ဂျူဗင်တပ်)
**တစ်နှစ်တာအကောင်းဆုံး နည်းပြဆု** - ဇီဒန်း(ရီးရဲလ်မက်ဒရစ်)
**တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးအသင်းနည်းပြဆု** - ဆာရီနာ ဝစ်ဂ်မန်း (နယ်သာလန်လက်ရွေးစင်အသင်း)
**တစ်နှစ်တာအကောင်းဆုံး ပရိသတ်ဆု** - ဆဲလ်တစ်
**တစ်နှစ်တာအကောင်းဆုံးသွင်းဂိုးဆု(ပွတ်ရှ်ကပ်စ်ဆု)** - ဂျီရုဒ်(အာဆင်နယ်)

# အမေရိကအခြေစိုက်အဖွဲ့ ရန်ကုန်တွင် တစ်ရက်တာအခြေခံဘောလုံးသင်တန်း ဖွင့်မည်

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံနှင့်ကနေဒါနိုင်ငံတို့ရှိ Major League Soccer (MLS) ၏ အဖွဲ့ဝင်ဖြစ်ပြီး ကယ်လီဖိုးနီးယားမြောက်ပိုင်းတွင်အခြေစိုက်သည့် The San Jose Earthquakes အဖွဲ့က ရန်ကုန်မြို့တော်၌ တစ်ရက်တာ အခြေခံဘောလုံးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ပွဲစီစဉ်သည့် Dulwich College Yangon က ထုတ်ပြန်ထားသည်။

အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံရှိ ရှန်ဟိုင်းနှင့် စူကျိုးမြို့တို့ရှိ Dulwich ကျောင်းများတွင် လေ့ကျင့်သင်ကြားပေးနေသည့် The San Jose Earthquakes အဖွဲ့အနေနှင့် ရန်ကုန်မြို့၌ အောက်တိုဘာလ ၂၈ နှင့် ၂၉ ရက်နေ့တို့တွင် သင်ကြားပေးမည်ဟု အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

အောက်တိုဘာလ ၂၈ ရက်နေ့တွင် သန်လျင်မြို့ရှိ Star City၊ အောက်တိုဘာလ ၂၉ ရက်တွင် ပန်းလှိုင်ရှိသင်တန်းကျောင်းတို့တွင် သင်ကြားပေးမည်ဖြစ်ပြီး နံနက် ၈ နာရီမှ ၉ နာရီ ၄၅ မိနစ်အထိကို အသက် ၅ နှစ်မှ ၇ နှစ်အတွင်းရှိ ကျောင်းသားများကို သင်ကြားပေးမည်ဖြစ်ကာ သင်တန်းကြေး ကျပ်တစ်သောင်းခွဲ၊ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ ၃၀ ခွဲအချိန်အထိအား အသက် ၈ နှစ်မှ ၁၅ နှစ်အတွင်းရှိ ကျောင်းသားများကို သင်ကြားပေးမည်ဖြစ်ကာ ကျပ်လေးသောင်းခွဲ သတ်မှတ်ထားသည်။

Dulwich College Yangon သည် အင်္ဂလန်ပရီးမီးယားလိဂ်ပြိုင်ပွဲဝင် မန်ချက်စတာယူနိုက်တက်အသင်း၏ ဂန္ထဝင်ကစားသမား ဒွိုက်ယော့ကိုလည်း မြန်မာနိုင်ငံသို့ခေါ်ဆောင်ကာ ပရိသတ်များနှင့် တွေ့ဆုံပွဲ ပြုလုပ်ပေးခဲ့ဖူးသည်။ ■ J-04

# FOREIGN AFFAIRS




# ရှီကျင့်ဖျင် အတွေးအခေါ်ကို ကွန်မြူနစ်ပါတီအခြေခံ စည်းမျဉ်းတွင် ထည့်သွင်း၊ မော်စီတုံးနောက်ပိုင်း ဩဇာအာဏာအရှိဆုံး တရုတ်ခေါင်းဆောင်အဖြစ် သတ်မှတ်ရာရောက်

**ဘေကျင်း၊ အောက်တိုဘာ ၂၄**

တရုတ်အာဏာရကွန်မြူနစ်ပါတီသည် သမ္မတရှီကျင့်ဖျင်၏အမည်နှင့် အိုင်ဒီယော်လော်ဂျီကိုပါတီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ထည့်သွင်းလိုက်ခြင်းဖြင့် ပါတီထူထောင်သူ မော်စီတုံးနှင့် တစ်တန်းတည်းထား ဂုဏ်ပြုလိုက်ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

ရှီကျင့်ဖျင်အတွေးအခေါ်ကို ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထည့်သွင်းရန် ကွန်မြူနစ်ပါတီကွန်ဂရက် ပြီးဆုံးချိန်တွင် ကန့်ကွက်သူမရှိ မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရှီသည် ၂၀၁၂ ခုနှစ် ခေါင်းဆောင်ဖြစ်လာပြီးကတည်းက လျင်လျင်မြန်မြန် အာဏာခိုင်မာလာ၊ ချုပ်ကိုင်လာနိုင်ခဲ့သူဟု ရှုမြင်ခံရသူဖြစ်သည်။

ယခုဆုံးဖြတ်ချက်ကြောင့် သမ္မတရှီကို စိန်ခေါ်မှုသည် ကွန်မြူနစ်ပါတီအုပ်စိုးမှုအပေါ် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်ခံရတော့မည်ဖြစ်သည်။

မြို့တော်ဘေဂျင်းရှိ ပြည်သူ့မဟာခန်းမအတွင်း တက်ရောက်လာကြသော ကိုယ်စားလှယ် ၂၀၀၀ ကျော်သည် အမည်အပြည့်အစုံအားဖြင့် 'ခေတ်သစ်အတွက် တရုတ်ဝိသေသလက္ခဏာများနှင့် ဆိုရှယ်လစ်ဝါဒဆိုင်ရာ ရှီကျင့်ဖျင် အတွေးအခေါ်' ကို တရုတ်ကွန်မြူနစ်ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ထည့်သွင်းရန် အပြီးသတ်အတည်ပြုပေးခဲ့ကြသည်။

လုပ်ငန်းစဉ်အဆုံးတွင် ကန့်ကွက်မည့် သူရှိပါသလားဟု မေးမြန်းခဲ့ရာ၌ မရှိပါဆိုသောအသံများသာ ကျယ်လောင်စွာ အော်ဟစ်တုံ့ပြန်ခဲ့ကြသည်ဟုသတင်းရယူနေကြသည့် သတင်းထောက်များက ဖော်ပြခဲ့ကြသည်။

ယခင်ကွန်မြူနစ်ပါတီခေါင်းဆောင်များသည်လည်း ၎င်းတို့၏ အယူအဆ အိုင်ဒီယော်လော်ဂျီများကို ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအတွင်းသို့ ထည့်သွင်းခဲ့ကြဖူးသော်လည်း တည်ထောင်သူမော်စီတုံးမှလွဲ၍ မည်သူကမျှ အတွေးအခေါ် (Thought) ဟူသော အသုံးအနှုန်းကို သုံးနှုန်းခွင့် မရခဲ့ပေ။ အတွေးအခေါ် (Thought) ဆိုသော ဝေါဟာရသည် အိုင်ဒီယော်လော်ဂျီဝါစဉ်တွင် အမြင့်ဆုံးဖြစ်သည်။

မိမိနာမည်နှင့် ယှဉ်တွဲသော အယူအဆ အိုင်ဒီယိုလိုဂျီများ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းသို့ ထည့်သွင်းခွင့်ရသူမှာမော်နှင့် တိန့်ရှောင်ဖိန်တို့သာရှိပြီး တိန့်ရှောင်ဖိန်၏ အမည်မှာလည်း သူကွယ်လွန်အပြီးတွင်မှ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထည့်သွင်းခံခဲ့ရခြင်းဖြစ်သည်။

## ဘာ့ကြောင့်အရေးပါသလဲ

အခြေခံပညာမှ အဆင့်မြင့်ပညာအထိ ကျောင်းသားကျောင်းသူများ၊ အစိုးရ စက်ရုံဝန်ထမ်းများသည် တရုတ်ကွန်မြူနစ်ပါတီဝင် သန်း ၉၀ နှင့်အတူ 'ခေတ်သစ်အတွက် တရုတ်ဝိသေသလက္ခဏာများနှင့် ဆိုရှယ်လစ်ဝါဒဆိုင်ရာ ရှီကျင့်ဖျင် အတွေးအခေါ်' ကိုလေ့လာရတော့မည်ဖြစ်သည်။

'ခေတ်သစ်' ဆိုသည်မှာ တရုတ်ပြည်သစ်၏တတိယပိုင်းကိုဆိုလိုခြင်းဖြစ်သည်။

ပထမပိုင်းမှာ ပြည်တွင်းစစ်ကြောင့် ထောင်းလမောင်းကြေနေသည့် တိုင်းပြည်ကို ဥက္ကဋ္ဌကြီးမော်က ပြန်လည်ညီညွတ်စေခြင်းဖြစ်သည်။ ဒုတိယပိုင်းမှာတိန့်ရှောင်ဖိန်လက်ထက် ကြွယ်ဝလာသော တရုတ်ပြည်ဖြစ်သည်။ ယခုခေတ်သစ်မှာမူ ပိုမိုညီညွတ် ကြွယ်ဝလာရင်း တရုတ်ပြည်ကို ပြည်တွင်း၌ စည်းကမ်းပြည့်ဝပြီး ပြည်ပ၌ အားကောင်းလာသည့် ခေတ်ဟုရည်ညွှန်းခြင်းဖြစ်သည်။

ပါတီဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ရှီ၏ နာမည်ကိုထည့်သွင်းလိုက်ခြင်းကြောင့် ပြိုင်ဘက်များအနေနှင့် ပါတီအုပ်စိုးမှုကို

စာ - 23

ALSO IN NEWS

## မိုနာလီဇာရဲ့ကိုယ်တုံးလုံး ပုံကြမ်းပန်းချီကား ဒါဗင်ချီ ဆွဲခဲ့လေသလား

နားလည်ရခက်တယ်ဆိုတဲ့ အပြုံးကြောင့် ကမ္ဘာကျော်ပြီး သမိုင်းဝင်တဲ့ မိုနာလီဇာပန်းချီကားကို သိကြမှာပါ။ ဂန္ထဝင်ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီရဲ့ လက်ရာဖြစ်ပါတယ်။ ယခုအခါ ပြင်သစ်နိုင်ငံ ပါရီမြို့က သုတေသီတွေဟာ အသစ်တွေ့ရှိထားတဲ့ မိုနာလီဇာပုံကြမ်းပန်းချီတစ်ချပ်ကို အသေးစိတ်လေ့လာနေကြပါတယ်။ သူတို့က အဲဒီပန်းချီကားဟာ ဒါဗင်ချီဆွဲခဲ့တာလားဆိုတာကို စိတ်ဝင်စားနေကြတာဖြစ်ပါတယ်။ အဖြူအမည်း ပုံကြမ်းခြစ်ထားတဲ့ အဆိုပါပန်းချီကားဟာ ဇလာကျင်းဆင်ယင်ထားတာဖြစ်ပြီး ကျွမ်းကျင်သူတွေက လီယိုနာဒိုဒါဗင်ချီရဲ့ လက်ရာလို့ ယူဆနေကြပါတယ်။

လီယိုနာဒိုဒါဗင်ချီဟာ ၁၅ ရာစု အီတာလျံပန်းချီအနုပညာရှင်တစ်ဦးဖြစ်ပြီး မိုနာလီဇာပန်းချီကားအပါအဝင် အခြားလက်ရာများစွာကြောင့် သမိုင်းမှာကျော်ကြားလှပါတယ်။ ■ F-02




## စီးကရက်ဖင်စီခံ အတိုတွေနဲ့ လုပ်ထားတဲ့ ရေလွှာလျှောစီးဘုတ်ပြား

ကယ်လီဖိုးနီးယားပြည်နယ်က ရေလွှာလျှောစီးသမားတစ်ဦးဟာ စွန့်ပစ်ပစ္စည်းတွေနဲ့ ပြန်လည်ပြုလုပ်တဲ့ ရေလွှာလျှောစီးဘုတ်ပြား ပြုလုပ်မှုပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့ပါတယ်။ စီးကရက်ဖင်စီခံ အတိုတစ်သောင်းကို အသုံးပြုပြီးတော့ ရေလွှာလျှောစီးဘုတ် တီထွင်ခဲ့တာဖြစ်ပါတယ်။

"ဒီပစ္စည်းတွေက ကမ်းခြေကိုညစ်နွမ်းမှု အဖြစ်စေဆုံးအမှိုက်တွေဖြစ်ပါတယ်" လို့ ဖန်တီးသူ တေလာလိန်း က ပြောကြားခဲ့ပါတယ်။

စီးကရက်ဖင်စီခံအတိုတွေနဲ့ တစ်ခုခုလုပ်ဖို့ ဘယ်သူကမှ မစဉ်းစားခဲ့ကြပါဘူးလို့ ဖန်တီးသူက ပြောပြပါတယ်။ အသက် ၂၄ နှစ်အရွယ် ဆန်တာခရစ်နယ်သား လိန်းဟာ ရေလွှာလျှောစီးဘုတ် ဖန်တီးမှုပြိုင်ပွဲမှာ ဗိုလ်စွဲသွားခဲ့ပါတယ်။ အခြားပြိုင်ပွဲဝင်တွေက အာလူးကြော်ထုပ်အခွံ အမှိုက်တွေ၊ အိမ်သုံးပရိဘောဂ အဟောင်းတွေနဲ့ ပြိုင်ပွဲဝင်ကြတာဖြစ်ပါတယ်။ ■ F-02

